# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက် | ၂၀၁၆ ခုနှစ်၊ မေ ၃၀ ရက်၊ စနေနေ့ | အတွဲ (၅၅)၊ အမှတ် (၂၀၈)


**လုံးလုံး အကဲ့ရဲ့ခံရသောသူ၊**
**လုံးလုံး အချီးမွမ်းခံရသောသူဟူ၍**
**ရှေးအခါ၌ မရှိခဲ့ဖူး၊ နောင်အခါ၌လည်း**
**ရှိလိမ့်မည်မဟုတ်၊ ယခုအခါ၌လည်းမရှိ။**

ဓမ္မပဒ-၂၂၈
အရှင်သေဋ္ဌိလ



## ဘက်စုံပညာထူးချွန်လူငယ်အပန်းဖြေစခန်း(ပုဂံ)ဖွင့်

၂၀၁၆ ဘက်စုံပညာထူးချွန်လူငယ် အပန်းဖြေစခန်း(ပုဂံ)ဖွင့်ပွဲကို မေ ၂၉ ရက်က ညောင်ဦး၌ ကျင်းပခဲ့ပြီး ဘက်စုံပညာထူးချွန်ကျောင်းသား ကျောင်းသူများ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စေတီပုထိုးများအား လေ့လာကြစဉ်

သတင်း၊ စာမျက်နှာ - ၆

ဓာတ်ပုံ- ရဲသူရအောင် (ညောင်ဦး)

# မြန်မာ့ထွက်ကုန်များ ပြည်ပဈေးကွက်ရရှိရေး လုပ်ဆောင်နေ

**မန္တလေး မေ ၂၉**

မြန်မာ့ထွက်ကုန်ပစ္စည်းများ ပြည်ပဈေးကွက်ရရှိပြီး တင်ပို့နိုင်ရန်နှင့် အရည်အသွေးမြှင့်တင်ရန် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်(IP) ဥပဒေနှင့် ယင်းနှင့်ပတ်သက်သည့် ဗဟုသုတများအား အများပြည်သူသိရှိရန် ပညာပေးဆောင်ရွက်မှုများ လုပ်ဆောင်နေကြောင်း ပညာရေးဝန်ကြီးဌာနက ကြီးမှူး၍ မန္တလေးမြို့ Hazel Hotel ၌ ကျင်းပသည့် ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ အထိမ်းအမှတ်အသိပညာပေးဟောပြောပွဲ၌ နည်းပညာတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဒေါက်တာမြင့်သိန်းက ပြောကြားခဲ့သည်။

"မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးနိုင်ငံဖြစ်လို့ ရာသီဥတုပေါ်မှီခိုနေရတယ်။ ထူးခြားတဲ့ အရည်အသွေးရှိတဲ့ဒေသထွက်ကုန်တွေကို တန်ဖိုးမြှင့် ပစ္စည်းတွေအဖြစ် ထုတ်လုပ်ရောင်းချနိုင်ဖို့လိုပါတယ်။ ပြည်တွင်း ပြည်ပနိုင်ငံတွေက တန်ဖိုးထားကြတဲ့အတွက် မြန်မာ့ထုတ်ကုန်တွေကို ဥပဒေဘောင်အတွင်းက အကာအကွယ်ပေးဖို့ လိုအပ်တာကြောင့် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်စနစ် ပေါ်ပေါက်လာရေးနဲ့ ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ကြိုးစားနေသလို ဗဟုသုတတွေ အများပြည်သူသိရှိအောင် လုပ်နေပါတယ်"ဟု ၎င်းကပြောသည်။

မြန်မာလက်မှုပညာများဖြစ်သည့် ငွေထည်၊ ယွန်းထည်၊ ကြိမ်ထည်၊ ဝါးဖြင့်ထုတ်လုပ်သည့် ပစ္စည်းများ၊ မြန်မာ့ရိုးရာဒီဇိုင်း ပိုးထည်များကို ကမ္ဘာလှည့်ခရီးသွားများ နှစ်သက်ကြပြီး ကမ္ဘာအရပ်ရပ်က အသိအမှတ်ပြုကြောင်း အသိဉာဏ်

*စာမျက်နှာ ၄ ကော်လံ ၁* ❋

# ရာသီဥတုဖောက်ပြန်မှုကြောင့် ပဲတီစိမ်းဈေးနှုန်းများမြင့်တက်

**မန္တလေး မေ ၂၉**

မြန်မာနိုင်ငံအထက်ပိုင်းတွင် မေ ၂၂ ရက်က ဖြစ်ပေါ်ခဲ့သော လေပြင်းတိုက်ခတ်မှုနှင့် မိုးသီးများကြွေကျမှုကြောင့် သီးနှံများ ထိခိုက်ဆုံးရှုံးခဲ့သည်။ ယင်းတို့အနက် ရိတ်သိမ်းချိန်ကာလ ပဲတီစိမ်းသီးနှံများမှာ ထိခိုက်ဆုံးရှုံးမှုများပြားသဖြင့် ပေါ်ခါစမှာပင် မန္တလေးဈေးကွက်၌ ဈေးနှုန်းမြင့်တက်လာကြောင်း သိရှိရသည်။

"ဒီပဲတီစိမ်းတွေက မေ ၂၈ ရက်မှာပဲ မန္တလေးဈေးကွက်ကနေ ကျွန်တော့်ပွဲရုံကို စရောက်တာပါ။ မတ်ပဲနဲ့ပဲစင်းငုံက အိန္ဒိယနိုင်ငံတစ်ခုတည်းကိုပဲ ရောင်းချရပေမယ့် ဒီပဲရဲ့ထူးခြားချက်ကတော့ တရုတ်နဲ့အိန္ဒိယ နှစ်နိုင်ငံပို့ကုန်ပဲဖြစ်ပါတယ်။ အယ်နီညို့ကြောင့် ထိခိုက်မှုများပြီး အထွက်နှုန်း နည်းသွားတော့ အဖွင့်ဈေးမှာပဲ ငွေကျပ် ၅၀၀၀ မြင့် တက်သွားတာပါ။ ဆက်ပြီးဈေးတက်ဖို့အလားအလာရှိနေပါတယ်"ဟု ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ)ကပြောကြားသည်။

ယခုအချိန်တွင် မန္တလေးဈေးကွက်သို့ ပဲတီစိမ်းများ စတင်ဝင်ရောက်လာသော်လည်း ထိခိုက်ဆုံးရှုံးမှုများကြောင့် အထွက်နှုန်းတစ်ဝက်ခန့် ကျဆင်းသွားနိုင်ကြောင်း မုံရွာနှင့် ပခုက္ကူမြို့နယ်များရှိ တောင်သူများက ခန့်မှန်းပြောဆိုနေကြသည်။

*စာမျက်နှာ ၉ ကော်လံ ၅* ❍

## ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းများ




၂၉ - ၄ - ၂၀၁၆

| | | |
|---|---|---|
| နေပြည်တော် | ၇ | ဒသမ ၆ |
| ရန်ကုန် | ၈ | ဒသမ ၇ |
| မန္တလေး | ၇ | ဒသမ ၇ |

# တိုင်းရင်းသားများ၏စည်းလုံးညီညွတ်ခြင်းကို ကိုယ်စားပြုသည့် ပင်လုံသမိုင်း

စာမျက်နှာ - ၆




မြန်မာ့အလင်း

# ညစ်ညမ်းမှု

သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ဆုတ်ယုတ်ပျက်စီးစေသော အညစ်အကြေးများက လူတို့၏ပယောဂကြောင့် ထွက်ပေါ်လာကာ လူတို့နေထိုင်ရာ ပတ်ဝန်းကျင်များကို ထိခိုက်စေလျက်ရှိသည်။ အဆိုပါ အညစ်အကြေးများသည် လူတို့၏ ကိုယ်ကျန်းမာရေးနှင့် စိတ်ကျန်းမာရေးတို့ကိုပါ တစ်နည်းတစ်ဖုံ သက်ရောက်စေလျက်ရှိသည်။

ကာဗွန်မိုနောက်ဆိုက်၊ ဆာလ်ဖာဒိုင်အောက်ဆိုက်၊ ကလိုရိုဖလူရိုကာဗွန်(စီအက်ဖ်စီ)နှင့် နိုက်ထရိုဂျင်အောက်ဆိုက် စသော ဓာတ်ငွေ့များသည် စက်မှုလုပ်ငန်းများ၊ ရေခဲသေတ္တာနှင့် မော်တော်ယာဉ်များမှ ထုတ်လွှတ်သော ဓာတ်ငွေ့များဖြစ်ပြီး ယင်းဓာတ်ငွေ့များကြောင့် လေထုညစ်ညမ်းစေသည့်အပြင် မော်တော်ယာဉ်များ မောင်းနှင်ရာမှ ဖြစ်ပေါ်လာသော ဖုန်မှုန့်များကြောင့်လည်း လေထုညစ်ညမ်းစေသည်။

ထို့ပြင် ရောင်ပြန်ပြားများ၊ သတ္တုများ၊ မှန်များမှ ထွက်ပေါ်လာသည့် အလင်းညစ်ညမ်းမှု၊ လမ်းပေါ်မှကားများ၊ လေယာဉ်ပျံသန်းမှုများ၊ စက်ရုံမှ စက်မောင်းနှင်မှုများ စသည်တို့မှ ထွက်ပေါ်လာသည့် အသံညစ်ညမ်းမှု၊ ဓာတုပစ္စည်းများ၊ သတ္တုပြင်းများ ဖိတ်လျှံရာမှ ဖြစ်ပေါ်သည့် မြေဆီလွှာညစ်ညမ်းမှု၊ အဏုမြူစွမ်းအင်သုံး စက်ကိရိယာများ၊ ဓာတ်ပေါင်းဖိုများမှ ထွက်ပေါ်လာသည့် ဓာတ်ရောင်ခြည်ညစ်ညမ်းမှု၊ ဓာတ်အားပေးစက်ရုံကဲ့သို့သော စက်များမှ ထွက်ပေါ်လာသည့်အပူ ညစ်ညမ်းမှု၊ ရှုပ်ထွေးနေသော ဓာတ်ကြိုးများ၊ ဖုန်းကြိုးများ၊ မြင်ကွင်း ပိတ်ဆို့ကာဆီးထားသည့် ကြော်ငြာဆိုင်းဘုတ်များ၊ တာဝါတိုင်များကြောင့် ဖြစ်ပေါ်လာသည့် မြင်ကွင်းညစ်ညမ်းမှု၊ ရေအရင်းအမြစ်များကို ပျက်စီးစေသည့် စက်မှုလုပ်ငန်းစွန့်ပစ်ရေများ၊ မိလ္လာရေများ၊ ဓာတုဒြပ်ပေါင်းများ ပျော်ဝင်နေသည့် ရေများကြောင့် ဖြစ်ပေါ်လာသည့် ရေထုညစ်ညမ်းမှု၊ ပလတ်စတစ်ပစ္စည်း အဟောင်းအပျက်များကို မဆင်မခြင် စွန့်ပစ်ရာမှ ဖြစ်ပေါ်လာသည့် ပလတ်စတစ်ညစ်ညမ်းမှု၊ ကွန်ပျူတာအဟောင်းများ၊ ရုံးသုံးမိတ္တူကူးစက်အဟောင်းများ၊ ရေခဲသေတ္တာ၊ လေအေးစက်အဟောင်းများကို စုပြုံစွန့်ပစ်ရာမှ ဖြစ်ပေါ်လာသည့် အဖြူရောင်ညစ်ညမ်းမှု စသည်ဖြင့် ညစ်ညမ်းမှုပေါင်းများစွာက မြို့ပြတွင်နေထိုင်သူတို့ကို ခြိမ်းခြောက်နေကြသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ ၁၁၅ မိုင် ယာဉ်ရပ်နားစခန်းသည် အမြန်လမ်းမကြီးပေါ်တွင် အကြီးဆုံးနှင့် အစည်ကားဆုံး ယာဉ်ရပ်နားစခန်းကြီးဖြစ်သည်။ ယာဉ်ရပ်နားစခန်းကြီး တည်ဆောက်ထားပုံလှပခြင်းနှင့် သဘာဝပတ်ဝန်းကျင် သာယာလှပခြင်းတို့ကြောင့်လည်း ခရီးသွားပြည်သူများ နှစ်သက်သဘောကျသည့် နေရာတစ်ခုဖြစ်သည်။ ယာဉ်ရပ်နားစခန်းကြီး တည်ဆောက်ပြီးစီးစအချိန်ကဆိုလျှင် အဆိုပါစခန်းရှိ စားသောက်ဆိုင်များတွင် အနားယူရင်း အနောက်ဘက်သို့ မျှော်ကြည့်လိုက်ပါက ဖြောင့်တန်းနေသော အမြန်လမ်းမကြီးနှင့်အပြိုင် လှပသော ပဲခူးရိုးမတောင်တန်းကြီးကိုပါ ကြည့်ရှုခံစားရင်း အပန်းဖြေနိုင်ခဲ့ကြသည်။

ယခု ဤသို့မဟုတ်တော့။ အနောက်ဘက်သို့ မျှော်ကြည့်လိုက်ပါက ပဲခူးရိုးမ တောင်စဉ် တောင်တန်းကြီးအစား ကြော်ငြာဆိုင်းဘုတ်အတန်းလိုက်ကြီး ပိတ်ဆို့နေသည်ကိုသာ တွေ့ရတော့သည်။ မှန်လုံဘတ်စ်ကားကြီးများကလည်း သတ်မှတ်နေရာတွင် မရပ်တော့ဘဲ စားသောက်ဆိုင်များအနီးထိ ဝင်ရပ်လာကြသည်။ မြင်ကွင်းညစ်ညမ်းမှု၏ သာဓကတစ်ခုပင် ဖြစ်သည်။

ညစ်ညမ်းမှုအားလုံးမှာ လူတို့၏ ပယောဂကြောင့်ဖြစ်သည်။ မဆင်မခြင်နှင့် ပြုလုပ်လိုက်သော ညစ်ညမ်းမှုများကြောင့် ထိခိုက် ခံစားရသည်မှာ သဘာဝပတ်ဝန်းကျင်နှင့်အတူ လူသားအားလုံးတို့လည်း ပါဝင်သည်။ အဆိုပါ ညစ်ညမ်းမှုများကို ပြန်လည်ရှင်းလင်းရာတွင်မူ ပေးဆပ်ရမှုများစွာတို့ ရှိတတ်ကြောင်း တင်ပြအပ်ပါသည်။




## ဥတ္တရသီရိမြို့နယ်၌ နွေစပါးရာသီ အယ်နီညို ကြိုတင်ကာကွယ်ရေး တောင်သူများနှင့် ဆွေးနွေး

**နေပြည်တော် ဧပြီ ၂၉**

နေပြည်တော် ဥတ္တရသီရိမြို့နယ် ၂၀၁၆ ခုနှစ် ရက် ၁၀၀ အတွင်း ဆောင်ရွက် ရမည့် လုပ်ငန်းစဉ်များတွင် အယ်နီညိုရာသီဥတု အခက်အခဲများအတွက် တောင်သူပညာပေး ဟောပြောဆွေးနွေးပွဲကို ဧပြီ ၂၈ ရက် နံနက် ၈ နာရီတွင် မောင်းရမ်းကျေးရွာအုပ်စု တောင်သူပညာပေးစခန်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုနယ်မြေ တိုင်းစိုက်ပျိုးရေးဦးစီးမှူး ဦးတင်ဦးကြိုင်က အမှာစကားပြောကြားရာတွင် ပြောင်းလဲနေသော ရာသီနှင့်အညီ ကြုံတွေ့နေရသည့် သီးနှံထုတ်လုပ်မှုဆိုင်ရာ အခြေခံအချက်အလက်များကို ပညာပေးဆွေးနွေးပြီး နွေစပါးရေချွေတာကြရန်နှင့် အလေအလွင့်မရှိစေရေး တောင်သူများ၏ အခက်အခဲများ အပြန်အလှန်ဆွေးနွေးကြသည်။

ယင်းနောက် လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်ဦးက လူသာလျှင်ပဓာန နည်းပညာအဓိက၊ ရာသီဥတုသာလျှင် သဘာဝ အခက်အခဲသည် သာမညခေါင်းစဉ်ဖြင့် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ခရိုင်ဦးစီးမှူး ဦးကျော်ကျော်ဦးက အယ်နီညိုစတင်ဖြစ်ပေါ်လာပုံနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ တင်ပြဆွေးနွေးပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မြင့်က မြေမှန် မျိုးမှန် စနစ်မှန် ရာသီမှန်အောင် စိုက်ပျိုးကြရန် တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကိုကြီးကျော်(ပျဉ်းမနား)**

ထင်သာမြင်သာ ပြုပြင်စရာ

## တောင်ငူမြို့ လေးကျွန်းကန်တော်ကြီး အချိန်ပြည့်ဖွင့်ပေးရန် ဒေသခံများလိုလား



တောင်ငူမြို့ လေးကျွန်းကန်တော်ကြီးတွင် အများပြည်သူများ အပန်းဖြေသည့်နေရာ စံပယ်ကျွန်း၊ အုန်းကျွန်း၊ လိမ္မော်ကျွန်း၊ ငှက်ပျောကျွန်းဟူ၍ လေးကျွန်းရှိရာ ယခင်ကနှင့်မတူ ကွဲပြားခြားနားစွာ သန့်ရှင်းသာယာလှပအောင် ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။ ကန်တော်ကြီး ပတ်ပတ်လည်ကိုလည်း ကျွဲ၊ နွား တိရစ္ဆာန်များ အန္တရာယ်ကင်းရှင်းအောင် သံဆန်ခါများ ကာရံထားသည်။ လူသွားလမ်းစင်္ကြံများ လျှောက်ချင်စဖွယ် လှပသေသပ်စွာ မွမ်းမံပြုပြင်ထားပြီး ရောင်စုံပန်းပင်များကို လှပဝေဆာအောင် အဆင့်မြင့်စိုက်ပျိုးထားရှိသည်။ ကန်တော်ကြီး ရေပြင်သည်လည်း ကြည်လင်နေပြီး အနံ့အသက်မရှိအောင် ထိန်းသိမ်းစောင့်ရှောက်ထားသည်ကို တွေ့ရသည်။

ယခုအခါ လေးကျွန်းကန်တော်ကြီး ပန်းခြံကို အများပြည်သူသွားလာချိန် နံနက် ၄ နာရီမှ ၈ နာရီတစ်ကြိမ်၊ ညနေ ၄ နာရီမှ ၆ နာရီခွဲ တစ်ကြိမ်သာ ဝင်ကြေးအခမဲ့ ဖွင့်လှစ်ပေးထားကြောင်း သိရသည်။ ယခုအချိန်သည် သာမန်ထက် အလွန်ပူပြင်းသော အချိန်ဖြစ်သောကြောင့် အပူရှောင်စရာ သစ်ပင်သစ်ရိပ် လေကောင်းလေသန့် ရနိုင်သည့် အကျယ်အဝန်းနှင့် ကလေးကစားကွင်းများ၊ ရုပ်ရှင်ရုံများ တောင်ငူမြို့တွင် ပျောက်ဆုံးနေခဲ့သည်မှာ ကြာမြင့်နေပြီဖြစ်သည်။

ကန်တော်ကြီးအတွင်းသို့ လမ်းလျှောက်ထွက်သည့် ဦးသူရိန်က "ဦးက အိမ်ကနေ လမ်းလျှောက်ထွက်လာတာ ကန်တော်ကြီးအထိ နံနက်တိုင်း ကန်တော်ကြီးတစ်ပတ် လမ်းလျှောက်တယ်။ နည်းနည်းနေမြင့်သွားရင် တံခါးပိတ်သွားလို့ မလျှောက်လိုက်ရဘူး။ အချိန်ပြည့်ဖွင့်ပေးထားရင် ပိုကောင်းတာပေါ့"ဟု ပြောကြားခဲ့သည်။ တောင်ငူမြို့တွင်း သွားလာလည်ပတ်စရာ ရှားပါး၍ တောင်ငူမြို့သည် ခရိုင်မြို့ဖြစ်သည့်အလျောက် မိသားစုလည်ပတ်စရာ နေရာတစ်ခုအဖြစ် လေးကျွန်း ကန်တော်ကြီးကို အချိန်ပြည့် ဖွင့်လှစ်ပေးထားစေချင်ကြောင်း ဒေသခံများက လိုလားလျက် ရှိကြသည်။

**သူရ(တောင်ငူ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၉-၄-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၆၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၃၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၇၀ / ၅၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀ / ၅၄၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၇၅.၀ |
| ဥရောပ | တစ်ယူရို | ၁၃၃၅.၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၇၅.၂၃ |
| ထိုင်း | တစ်ဘတ် | ၃၅.၁၃၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၃၃၁ |
| တရုတ် | တစ်ယွမ် | ၁၈၉.၈၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၀.၀ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၉၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊
Fax- ၀၁-၈၆၀၄၅၄၆

# ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ နှစ်နိုင်ငံဆက်ဆံရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရေးကိစ္စရပ်များ ဆွေးနွေး



ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ဆွီဒင်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး **H.E. Ms. Isabella Lovin** အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်

**နေပြည်တော် မေ ၂၉**

မြန်မာနိုင်ငံနှင့် ဆွီဒင်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်ရေး၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေး၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်း မဟုတ်သော အဖွဲ့ဝင်နေရာတွင် ဆွီဒင်နိုင်ငံက ပါဝင်ရွေးချယ်ခံမည့်ကိစ္စများနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွီဒင်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E. Ms. Isabella Lovin တို့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနဧည့်ခန်းမ၌ တွေ့ဆုံစဉ် ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်အား မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ စကော့အလန် မာရှယ်သည် နံနက် ၁၀ နာရီတွင် လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ မွန်ဂိုလီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာ တက်စ်ဘီလ်ဂူအန်း တူမာကူလာဒ်သည် နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် လည်းကောင်း သီးခြားစီ လာရောက်တွေ့ဆုံခဲ့ကြပြီး နှစ်နိုင်ငံဆက်ဆံရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရေးကိစ္စရပ်များ၊ အခြားအကျိုးတူကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ စကော့အလန် မာရှယ်အား လက်ခံတွေ့ဆုံစဉ်

## ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများနှင့် နှစ်နိုင်ငံချစ်ကြည်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၂၉**

ပြည်ထောင်စုလွှတ်တော် နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ စကော့အလန် မာရှယ်အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ တွေ့ဆုံပြီး ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများနှင့် နှစ်နိုင်ငံချစ်ကြည်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(ယာပုံ)**



အလားတူ မွန်းလွဲ ၂ နာရီတွင် ဆွီဒင်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာဝန်ကြီး H.E. Ms.Isabella Lovin နှင့်အဖွဲ့အား တွေ့ဆုံပြီး လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ညနေ ၃ နာရီတွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Jurg Montani နှင့် တွေ့ဆုံပြီး ICRC ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

## မီဒီယာကဏ္ဍ တိုးတက်မြင့်မားရေး ဆွေးနွေး

**နေပြည်တော် မေ ၂၉**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့မွန်းလွဲ ၂ နာရီတွင် UNESCO Myanmar အကြီးအကဲ Mr. Sardar Umar Alam နှင့်လည်းကောင်း၊ ညနေ ၃ နာရီတွင် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီး Dr. Ito Sumardi နှင့် လည်းကောင်း ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီးသည် UNESCO Myanmar အကြီးအကဲနှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် UNESCO နှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီးနှင့်တွေ့ဆုံစဉ် မြန်မာ-အင်ဒိုနီးရှား မီဒီယာကဏ္ဍပူးပေါင်းဆောင်ရွက်ရေးနှင့် မီဒီယာသမားများ အပြန်အလှန်သွားရောက်နိုင်ရေးတို့ကို လည်းကောင်း ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## စတုတ္ထအကြိမ်မြောက် တရုတ်တောင်အာရှကုန်စည်ပြပွဲနှင့် (၂၄)ကြိမ်မြောက် ကူမင်း သွင်းကုန်/ပို့ကုန် ကုန်စည်ပြပွဲကျင်းပမည်

**နေပြည်တော် မေ ၂၉**

စတုတ္ထအကြိမ်မြောက် တရုတ်တောင်အာရှကုန်စည်ပြပွဲနှင့် (၂၄) ကြိမ်မြောက် ကူမင်း သွင်းကုန်/ပို့ကုန် ကုန်စည်ပြပွဲ (4th China-South Asia Expo & 24th China Kunming Import and Export Fair) ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်၊ ကူမင်းမြို့၌ ဇွန် ၁၂ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြပွဲကို အသစ်ဆောက်လုပ်ပြီးဖြစ်သည့် Kunming Dianchi International Convention & Exhibition Center ၌ ကျင်းပမည်ဖြစ်သည်။ တောင်အာရှနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကမ္ဘာ့အဆင့်မီကုမ္ပဏီကြီးများက နည်းပညာနှင့် အဆင့်မြင့်ထုတ်ကုန်ပစ္စည်းများကို ပါဝင်ပြသကြမည်ဖြစ်သည်။ ပြပွဲ၌ ပါဝင်ပြသခြင်းဖြင့် တရုတ်နိုင်ငံ ဈေးကွက်သာမက တောင်အာရှနှင့် အာဆီယံဈေးကွက်များသို့ပါ ထိုးဖောက်ဝင်ရောက်နိုင်မည့် အခွင့်အလမ်းများ ရရှိမည်ဖြစ်သည်။

ပြပွဲသို့ တက်ရောက်ရန်နှင့် ပါဝင်ပြသရန် စိတ်ပါဝင်စားသူများအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ ဖုန်း-၀၆၇-၄၃၀၁၂၈၊ Fax: ၀၆၇-၄၃၀၁၂၈၊ Email: moctradefair@gmail.com၊ မြန်မာကုန်သွယ်မှုဗဟိုဌာန ဖုန်း-၀၁-၂၅၄၀၂၄၊ Fax: ၀၁-၂၅၄၀၂၃၊ Email: itpic.moc@gmail.com၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဖုန်း-၀၉၅-၁-၂၁၄၃၄၄~၉၊ Fax: ၀၉၅-၁-၂၁၄၄၈၄၊ Email: services.umfcci@gmail.com နှင့် သမဝါယမဦးစီးဌာန ဖုန်း- ၀၆၇- ၄၁၀၃၄၁၊ Email: coopdeptdg@gmail.com တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပြန်ကြားရေးဝန်ကြီးဌာနမှ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများအား ခွင့်ပြုပေးလျက်ရှိ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၄-၄-၂၀၁၆ ရက်နေ့မှ ၂၂-၄-၂၀၁၆ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ် လျှောက်ထားသူတစ်ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်သုံးဦး၊ မဂ္ဂဇင်း လေးဦးနှင့် အထွေထွေ သုံးဦး၊ ပေါင်း ၁၀ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း အသစ်လျှောက်ထားသူတစ်ဦးတို့အား အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်း လုပ်ငန်း ၁၃၃၆ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၁၇၈၃ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၂ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၁၅၁ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူတစ်ဦးနှင့် မဂ္ဂဇင်း အသစ်လျှောက်ထားသူတစ်ဦးတို့အား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**



## မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားရင်ကြားစေ့ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေး

**နေပြည်တော် ဧပြီ ၂၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ စကော့အလန် မာရှယ်အား ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Jurg Montani အား ယနေ့ မွန်းလွဲ ၁ နာရီတွင် လည်းကောင်း၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူး Ms. Renata Dessallien အား ယနေ့ မွန်းလွဲ ၂ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အလားတူ ဆွီဒင်နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E. Ms. Isabella Lovin နှင့် အဖွဲ့အား ညနေ ၃ နာရီတွင် လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ ဧည့်ခန်းမဆောင်၌ တွေ့ဆုံပြီး **(အပေါ်ပုံ)** မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားရင်ကြားစေ့ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးများ မေ ၂ ရက်တွင် ပြန်လည်ကျင်းပရန်လျာထား

**နေပြည်တော် ဧပြီ ၂၉**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးနှင့် အမျိုးသားလွှတ်တော် အစည်းအဝေးများကို ခေတ္တရပ်နားထားခဲ့ရာမှ မေ ၂ ရက်တွင် ပြန်လည်ကျင်းပရန် လျာထားကြောင်း သိရသည်။

အဆိုပါအစည်းအဝေးများ ပြန်လည်စတင်ချိန်တွင် မေးခွန်းများမေးမြန်းခြင်းနှင့် ဥပဒေကြမ်းများတင်သွင်းခြင်း အစီအစဉ် တို့ကို ဆောင်ရွက်သွားမည်ဖြစ်ရာ **နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း** အား တင်သွင်းမည်ဖြစ်ကြောင်း၊ ယင်းဥပဒေကြမ်းသည် ခေတ်ကာလနှင့် လိုက်လျောညီထွေမှုမရှိတော့ဘဲ နိုင်ငံရေးဆောင်ရွက်နေသည့်ပုဂ္ဂိုလ်များ လိုက်နာကျင့်သုံးရန် ခက်ခဲသည့်ဥပဒေဖြစ်၍ ပြီးခဲ့သည့်လွှတ်တော်တွင် ရုပ်သိမ်းရန် အဆိုတင်သွင်းခဲ့သော်လည်း မအောင်မြင်ခဲ့ကြောင်း သိရသည်။

"နိုင်ငံရေးဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်တွေအတွက် ဒီဥပဒေက ပြန်လည်စဉ်းစားသင့်တဲ့ ဥပဒေတစ်ခုပါ၊ ပြီးခဲ့တဲ့လွှတ်တော်တုန်းကလည်း ဒီဥပဒေကိုရုပ်သိမ်းဖို့အတွက် အဆိုတင်ခဲ့ပါတယ်၊ မအောင်မြင်ခဲ့ပါဘူး၊ ဥပဒေမှာပါတဲ့ အရေးကြီးဆုံးအချက်ကတော့ ပုဒ်မ ၅(ည)ပေါ့လေ၊ ဒီပုဒ်မက နိုင်ငံရေးသမားတွေ အမြဲတမ်းစွပ်စွဲခံနေရတဲ့ ပုဒ်မဖြစ်တယ်၊ ဒီခေတ်နဲ့လည်း မလျော်ညီတော့ဘူး၊ ဒါကြောင့် ဖျက်သိမ်းမယ်ဆိုရင် ဖျက်သိမ်းဖို့သင့်တဲ့ ဥပဒေတစ်ခုလို့ နားလည်ထားပါတယ်"ဟု ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က ပြောသည်။

**ကျော်သူထက်**

## တရားစီရင်ရေးကဏ္ဍပြုပြင်ပြောင်းလဲရေး၊ ပညာသင်များ စေလွှတ်နိုင်ရေး ဆွေးနွေး

**နေပြည်တော် ဧပြီ ၂၉**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီး မစ္စတာ စကော့အလန် မာရှယ် ဦးဆောင်သောအဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ သံတမန်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံဆွေးနွေးစဉ် ပြည်ထောင်စုရှေ့နေချုပ်က ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အဓိကလုပ်ငန်းတာဝန်များနှင့် မဟာဗျူဟာလုပ်ငန်းစီမံကိန်းတို့ကို ဦးစွာ ရှင်းလင်းပြောကြားပြီးနောက် တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးကဏ္ဍပြုပြင်ပြောင်းလဲရေး၊ ပညာသင်များစေလွှတ်နိုင်ရေးနှင့် အခြားသက်ဆိုင်သည့်ကဏ္ဍများတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် အမေရိကန်သံရုံးတို့အကြား ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးတို့အတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်နုနုယဉ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဦးအောင်နိုင်နှင့် ဒေါက်တာသီသီမြင့် တို့လည်း တက်ရောက်ကြသည်။

**(သတင်းစဉ်)**

❈ *ရှေ့ဖုံးမှ*

ပစ္စည်းမူပိုင်ခွင့် ဥပဒေများဖြစ်သည့် ကုန်အမှတ်တံဆိပ်၊ စက်မှုဒီဇိုင်း၊ တီထွင်မှုမူပိုင်ခွင့်စသည့် ဥပဒေသစ်များ ရေးဆွဲပြဋ္ဌာန်းနိုင်ရေးနှင့် ယင်းဥပဒေပြဋ္ဌာန်းပြီးနောက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာပြီး စီးပွားရေးနှင့် ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ကာ နိုင်ငံအတွင်း တီထွင်ဖန်တီးနိုင်မှုစွမ်းအား တိုးမြင့်လာမည်ဖြစ်ကြောင်း သိရသည်။

"တီထွင်ဖန်တီးသူအတွက် ဥပဒေကကာကွယ်ပေးရမှာဖြစ်သလို သုံးဆောင်ခံစားတဲ့သူတွေကို သင့်တင့်မျှတတဲ့ အခွင့်အရေးရှိရပါမယ်။ ဥပဒေအရပ်ရပ်ရေးဆွဲရာမှာနစ်ဖက်လုံးကို ကြည့်ရပါမယ်။ ဥပဒေမှာ ပါဝင်သင့်တာတွေထည့်သွင်းထားပါတယ်။ တီထွင်ဖန်တီးသူ၊ ထုတ်လုပ်သူတွေသာမက ဥပဒေကိုအားလုံးက နားလည်ပြီး မူပိုင်ခွင့်နဲ့ အကာအကွယ်ပေးချင်တယ်။ IP Development of Myanmar မှ ဒါရိုက်တာ ဒေါ်မိုးမိုးက ဆွေးနွေးပွဲ၌ ပြောကြားသည်။ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဥပဒေ/နည်းဥပဒေများရေးဆွဲခြင်း၊ အများပြည်သူအား အသိပညာပေးရာတွင် USAID,JICA,UMFCCI တို့နှင့်လည်းကောင်း၊ မြန်မာနိုင်ငံတွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် (IP) စနစ်ထူထောင်နိုင်ရေးကို နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် WIPO,ASEAN,WTO,JPO,JICA,EU,KIPO အဖွဲ့များနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**



## သောက်သုံးရေလိုအပ်သောဒေသများသို့ ရေရရှိရေးဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၉**

ယခုနှစ် နွေရာသီကာလတွင် အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံတစ်ဝန်းရှိ ဒေသအချို့၌ သောက်သုံးရေရှားပါးခြင်းများ ဖြစ်ပေါ်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သောက်ရေသုံးရေများကို အိမ်တိုင်ရာရောက် သွားရောက်လှူဒါန်းခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

ဧပြီ ၂၈ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး၌ လောင်းလုံးမြို့နယ်ရဲတပ်ဖွဲ့မှူး ဦးစီးသည့်အဖွဲ့က သောက်သုံးရေ ဂါလန် ၁၇၀၀ နှင့် သောက်ရေသန့်ဂါလန် ၅၀၀ တို့ကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီးတွင် ခရိုင်ရဲတပ်ဖွဲ့မှူး၊ နတ်မောက်မြို့နယ်၊ ဆင်ပေါင်ဝဲမြို့နယ်၊ အောင်လံမြို့နယ်၊ ကံမမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ရေစကြိုမြို့နယ်နှင့် မြိုင်မြို့နယ်တို့မှ မြို့နယ်ရဲတပ်ဖွဲ့မှူးများဦးစီးသည့်အဖွဲ့များက သောက်သုံးရေ ၃၉၃၉၆ ဂါလန်တို့ကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ကျောက်ပန်းတောင်းမြို့နယ်ရဲတပ်ဖွဲ့မှူးတို့ ဦးစီးသည့်အဖွဲ့များက သောက်သုံးရေ ဂါလန် ၅၆၀၀ နှင့် သောက်ရေသန့်ဘူးကြီး ၁၀၀ တို့ကို လည်းကောင်း၊ မွန်ပြည်နယ်တွင် ရေးမြို့နယ်ရဲတပ်ဖွဲ့မှူး၊ ကျိုက်ထိုမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ဘီးလင်းမြို့နယ်ရဲတပ်ဖွဲ့မှူးတို့ ဦးစီးသည့်အဖွဲ့များက သောက်သုံးရေ ဂါလန် ၉၃၅၀ တို့ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးဦးစီးသည့်အဖွဲ့က လီတာ ၂၀ ဝင်သောက်ရေသန့်ဘူးကြီး ၅၀ နှင့် ငါးလီတာဝင်သောက်ရေသန့်ဘူးကြီး ၂၀၀၀ စုစုပေါင်း ၁၁၀၀၀ လီတာနှင့် သောက်သုံးရေဂါလန် ၆၄၀၀ တို့ကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် မြောင်းမြမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ငပုတောမြို့နယ်ရဲတပ်ဖွဲ့မှူးတို့ဦးစီးသည့်အဖွဲ့များက သောက်သုံးရေ ဂါလန် ၂၈၀၀ ခန့်နှင့် သောက်ရေသန့်ဘူးကြီး ၂၀၀ တို့ကိုလည်းကောင်း ရေရှားပါးသည့် နေရာဒေသအသီးသီးသို့ သွားရောက်လှူဒါန်း ခဲ့ကြသည်။

ဧပြီ ၂၄ ရက်မှ ဧပြီ ၂၈ ရက်အထိ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ရေရှားပါးမှုများ ကြုံတွေ့နေရသည့် မြို့နယ် ၂၉ မြို့နယ်၊ ကျေးရွာ/ရပ်ကွက် ၅၇ ခုရှိ အိမ်ထောင်စု ၄၄၈၂ စုအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက သောက်သုံးရေ ၁၄၅၄၄၁ ဂါလန် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ကိုရဲ**

## ဓာတ်အားလိုင်းများ ပြုပြင်မည်ဖြစ်၍ ယာယီဓာတ်အား ပြတ်တောက်မည်

**ရန်ကုန် ဧပြီ ၂၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသော သစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်း၊ ကြံ့ခိုင်မှုအားနည်းသော လျှပ်ကာကြွေသီးများ အသစ်လဲလှယ်တပ်ဆင်ခြင်း၊ လျှပ်စစ်အန္တရာယ်လုံခြုံစိတ်ချရသော လျှပ်ကာဓာတ်အားလိုင်းကြိုးများ လဲလှယ်တည်ဆောက်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်၍ ဧပြီ ၃၀ ရက်တွင် ရွှေပေါက်ကံ၊ မြောက်ဥက္ကလာ၊ သဃ်န်းကျွန်း၊ တာမွေ၊ ဒဂုံ(အရှေ့)၊ ကျောက်တံတား၊ လသာ၊ ဒဂုံ၊ ကြည့်မြင်တိုင်၊ အလုံ၊ မရမ်းကုန်း၊ လှိုင်၊ ဗဟန်း၊ လမ်းမတော်၊ သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ တွံတေး၊ ကော့မှူး၊ သုံးခွ၊ တံတား၊ ဆိပ်ကြီးခနောင်တို၊ ဒလ၊ ကွမ်းခြံကုန်း၊ အင်းစိန်၊ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီး၊ ထန်းတပင်၊ ထောက်ကြန့်၊ ဥက္ကံ၊ ဒါးပိန်၊ အင်းတိုင်၊ အဖျောက် မြို့နယ်များ၏ ရပ်ကွက်အချို့ CNG ဆိုင် အချို့နှင့် စက်မှုဇုန်အချို့တို့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း အချိန်ပိုင်းဓာတ်အား ပြတ်တောက်မှုများ ရှိမည်ဖြစ်သည်။

မေ ၁ ရက်တွင် မြောက်ဥက္ကလာ၊ ဒဂုံ(အရှေ့)၊ မင်္ဂလာတောင်ညွန့်၊ ဒဂုံ၊ ကြည့်မြင်တိုင်၊ အေးရွာ၊ ကမာရွတ်၊ မရမ်းကုန်း၊ လမ်းမတော်၊ လှိုင်၊ ဗဟန်း၊ ထန်းတပင်မြို့နယ်များ၏ ရပ်ကွက်အချို့ CNG ဆိုင်အချို့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း ယာယီဓာတ်အားပြတ်တောက်မှုများ ရှိနိုင်မည်ဖြစ်ပါသည်။ မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါသဖြင့် ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် အနူးအညွတ်တောင်းပန်ပါကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများသို့ အသိပေးထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

**ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း**

**၁၃ ခုနှစ်၊ လ ရက်**

**၂၀ ခုနှစ်၊ လ ရက်**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၈၉** ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၉။ ကော်မရှင်သည် လွှတ်တော်တွင် တစ်စုံတစ်ရာသောအကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ပါက ကြားဖြတ်ရွေးကောက်ပွဲများကို -

(က) လွှတ်တော်ပုံမှန်သက်တမ်း၏ ပထမနှစ်အတွင်းနှင့် ပဉ္စမနှစ်အတွင်းတို့တွင် ကျင်းပပေးခြင်းမပြုရ။

(ခ) လွှတ်တော်ပုံမှန်သက်တမ်း၏ ဒုတိယနှစ်၊ တတိယနှစ်နှင့် စတုတ္ထနှစ်တို့တွင်သာ ကျင်းပပေးရမည်။

(ဂ) လွှတ်တော်ကိုယ်စားလှယ် နေရာလစ်လပ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကော်မရှင်သို့ အကြောင်းကြားသည့်အခါ ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ ဥပဒေနှင့်အညီ ကျင်းပပေးရမည်။"

# အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

**အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း**

**၁၃ ခုနှစ်၊ လ ရက်**

**၂၀ ခုနှစ်၊ လ ရက်**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို **အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ **အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၉** ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၉။ ကော်မရှင်သည် လွှတ်တော်တွင် တစ်စုံတစ်ရာသောအကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ပါက ကြားဖြတ်ရွေးကောက်ပွဲများကို -

(က) လွှတ်တော်ပုံမှန်သက်တမ်း၏ ပထမနှစ်အတွင်းနှင့် ပဉ္စမနှစ်အတွင်းတို့တွင် ကျင်းပပေးခြင်း မပြုရ။

(ခ) လွှတ်တော်ပုံမှန်သက်တမ်း၏ ဒုတိယနှစ်၊ တတိယနှစ်နှင့် စတုတ္ထနှစ် တို့တွင်သာ ကျင်းပပေးရမည်။

(ဂ) လွှတ်တော်ကိုယ်စားလှယ် နေရာလစ်လပ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကော်မရှင်သို့ အကြောင်းကြားသည့်အခါ ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ ဥပဒေနှင့်အညီ ကျင်းပပေးရမည်။"

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း**

**၁၃ ခုနှစ်၊ လ ရက်**

**၂၀ ခုနှစ်၊ လ ရက်**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၉** ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈၉။ ကော်မရှင်သည် လွှတ်တော်တွင် တစ်စုံတစ်ရာသောအကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ပါက ကြားဖြတ်ရွေးကောက်ပွဲများကို -

(က) လွှတ်တော်ပုံမှန်သက်တမ်း၏ ပထမနှစ်အတွင်းနှင့် ပဉ္စမနှစ်အတွင်းတို့တွင် ကျင်းပပေးခြင်း မပြုရ။

(ခ) လွှတ်တော်ပုံမှန်သက်တမ်း၏ ဒုတိယနှစ်၊ တတိယနှစ်နှင့် စတုတ္ထနှစ်တို့တွင်သာ ကျင်းပပေးရမည်။

(ဂ) လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကော်မရှင်သို့ အကြောင်းကြားသည့်အခါ ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ ဥပဒေနှင့်အညီ ကျင်းပပေးရမည်။"

■ ကျောဖုံးမှ

မတက်တော့ဘဲ တောင်ပေါ်အခြေစိုက်စခန်း Base Camp သို့ ပြန်လည် ဆင်းသက်ကာ စောင့်ဆိုင်းခဲ့ရကြောင်း သိရသည်။

ယခုနှစ်တွင် ဧဝရက်တောင်သို့တက်ရောက်ရန် နီပေါအစိုးရအနေဖြင့် အဖွဲ့လိုက် ပြည်ပတောင်တက်သမား ၂၈၉ ဦးအား ခွင့်ပြုထားကြောင်း သိရသည်။ ယခု တောင်ပေါ် ရေခဲပြိုကျမှုများ ကြုံတွေ့နေရချိန်တွင် မြန်မာတောင်တက်အဖွဲ့နှင့်အတူ မရှေးမနှောင်းတွင် အခြားတောင်တက်အဖွဲ့တစ်ဖွဲ့လည်းရှိနေကြောင်း မြန်မာနိုင်ငံခြေလျင်တောင်တက်အဖွဲ့ချုပ်မှ သိရသည်။

မြန်မာတောင်တက်အဖွဲ့သည် တောင်ခြေစခန်း Base Camp ၌ ဘေးကင်းလုံခြုံစွာရောက်ရှိနေပြီး လိုအပ်သော ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ကာ အဖွဲ့သားအားလုံး ကောင်းမွန်ကြောင်း သိရသည်။ Base Camp မှ တောင်တက်စခန်း(၁)သို့ တက်ရောက်ရာ လမ်းတစ်လျှောက်၌ ပိတ်ဆို့သွားသော ရေခဲများအား ဖယ်ရှားရန် ICE FALL DOCTOR နှစ်ဦးသည် ယင်းနေ့နံနက် ၅ နာရီခွဲက တက်ရောက်သွားခဲ့သည်။ တောင်တက်ရှင်းလင်းရေးအဖွဲ့များ လမ်းကြောင်း ရှင်းလင်းပြီးလျှင် မြန်မာတောင်တက်အဖွဲ့အနေဖြင့် မူလအစီအစဉ်အတိုင်း ပြန်လည်တက်ရောက်မည်ဖြစ်သည်။

"မြန်မာတောင်တက်သမားသုံးဦးကတော့ တောင်ပေါ်မှာ ဘယ်လိုအခက်အခဲတွေ ကြုံတွေ့နေရပါစေ၊ မြန်မာနိုင်ငံအလံကို ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထိပ်မှာ စိုက်ထူသွားဖို့ သန္နိဋ္ဌာန်ချပြီးဖြစ်ပါတယ်။ သူတို့ ရောက်အောင် ဇွဲ လုံ့လ ဝီရိယ အပြည့်နဲ့ ကြိုးစားတက်မယ်လို့ ယုံကြည်ပါတယ်။ ဒါပေမယ့် တောင်တက်အားကစားရဲ့ အဓိကပြိုင်ဘက်က ခန့်မှန်းရခက်ခဲလှတဲ့ သဘာဝတရား တောင်ပေါ်ရာသီဥတုဖြစ်တယ်။ ဒါကတော့ တောင်တက်အားကစားသမားတွေရဲ့ ရည်ရွယ်ချက်၊ မျှော်လင့်ချက်တွေကို ရိုက်ချိုးဖို့အတွက် အချိန်နေရာဒေသ ဘာမှုမသိရဘဲ ရောက်လာတတ်တဲ့အရာပါ။ ဒါကို ကြံ့ကြံ့ခံပြီး ခိုင်မာတဲ့စိတ်ဓာတ်တွေအပြည့်နဲ့ တွန်းလှန်နိုင်မှ အောင်မြင်မှု ပန်းတိုင်ကို ရရှိမှာပါ။ မြန်မာတောင်တက်အဖွဲ့သားတွေ အောင်မြင်ပါစေ"ဟု မြန်မာနိုင်ငံ ခြေလျင်တောင်တက်အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဧဝရက်တောင်တက်ခရီးစဉ်အတွက် ထူးဖောင်ဒေးရှင်း၊ ထူးကုမ္ပဏီများအုပ်စုက ကူညီထောက်ပံ့ပေးခြင်းဖြစ်ကြောင်း သိရသည်။ ဧဝရက်တောင်တက်ခရီးစဉ်များသမိုင်းတွင် လူအများဆုံးသေဆုံးခဲ့သည်မှာ ၁၉၉၆ ခုနှစ်တွင် တောင်တက်သမား ၁၅ ဦး၊ ၂၀၁၂ ခုနှစ်တွင် တောင်တက်သမား ၁၁ ဦး ရှိပြီး ၂၀၁၄ ခုနှစ် တောင်တက်ရာသီတွင် ရေခဲများ ရုတ်တရက်ပြိုကျမှု၊ ဆီးနှင်းများ ပျော်ကျမှုကြောင့် တောင်တက်သမား ၁၆ ဦး သေဆုံးခဲ့သည်။ ယင်းဖြစ်ရပ်ကြောင့် နီပေါအစိုးရက ၂၀၁၄ ခုနှစ် တောင်တက်ရာသီခရီးစဉ်ကို ပိတ်သိမ်းလိုက်ကြောင်း မြန်မာနိုင်ငံ ခြေလျင်တောင်တက်အဖွဲ့ချုပ်မှ သိရသည်။

ဧဝရက်တောင်၏ အန္တရာယ်အကြီးဆုံးဧရိယာသည် ရေခဲပိုကျသည့် Khmuba ဒေသဖြစ်ပြီး မျှော်မှန်းမထားနိုင်သော ရေခဲကျဆင်းမှုများသည် အန္တရာယ် အကြီးမားဆုံးဖြစ်သည်။ ဧဝရက်တောင်ထိပ်၏ အပူချိန်သည် အေးခဲသည့် ပမာဏထက်မည်သည့်အခါမျှ မြင့်မားလေ့မရှိဘဲ ဆောင်းရာသီတွင် -၃၆ ဒီဂရီစင်တီဂရိတ်၊ ယခုနွေရာသီတွင် -၁၉ ဒီဂရီစင်တီဂရိတ် ပျမ်းမျှရှိကြောင်း သိရသည်။

# သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လေဘေးသင့်ပြည်သူများအား ထောက်ပံ့

**ရှာငံ ဧပြီ ၂၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးသည် ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဧပြီ ၂၈ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ် တောင်ပိုင်း ရှာငံမြို့နယ် မြို့ကြီးကျေးရွာသို့ ရောက်ရှိပြီး ဝေဇယန္တာဓမ္မာရုံ၌ လေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ဝန်ကြီးဌာနက ထောက်ပံ့သော ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုး အိမ်ထောင်စု ၈၂ စုကိုလည်းကောင်း၊ နေအိမ်များ ပြန်လည်ပြုပြင်ရန်အတွက် ထောက်ပံ့ငွေကျပ် ၅၈၆ သိန်းကို လည်းကောင်း၊ သေဆုံးသူတစ်ဦးအတွက် ထောက်ပံ့ငွေကျပ် တစ်သိန်းကို လည်းကောင်း၊ အသင့်စားခေါက်ဆွဲခြောက်နှင့် သဘာဝဘေးအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များကို လည်းကောင်း၊ ကလေးများအတွက် ကစားစရာများကို လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ပြီး **(အပေါ်ပုံ)** ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ထောက်ပံ့သော ဆန်အိတ် ၇၂၀၊ ဆီတစ်လီတာဆံ့ ဘူး ၂၈၈၀ နှင့် ငါးသေတ္တာ ၁၃၈၂၄ ဘူးတို့ကို တာဝန်ရှိသူတစ်ဦးက ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ ရှာငံမြို့နယ် မြစ်ဆုံရွာသို့ သွားရောက်၍ လေဘေးကြောင့် ပြိုကျပျက်စီးမှုများအား လေ့လာကြည့်ရှုပြီး မြစ်ဆုံဘုန်းတော်ကြီးကျောင်းနှင့် ခန္တော ဘုန်းတော်ကြီးကျောင်းတို့၌ ဖွင့်လှစ်ထားသော နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းသို့ တက်ရောက်လျက်ရှိသည့် လေဘေးသင့်ကျေးရွာများမှ ကလေးငယ်များကို အစားအစာများ ပေးအပ်ခဲ့သည်။



မွန်းလွဲပိုင်းတွင် ပင်းတယမြို့နယ် မိုင်းအင်ရွာ ရတနာမာန်အောင် ဘုန်းတော်ကြီးကျောင်း၌ လေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး ကယ်ဆယ်ရေးပစ္စည်း လေးမျိုး အိမ်ထောင်စု ၃၁၀ ၊ နေအိမ်များ ပြန်လည်ပြုပြင်ရန်အတွက် ထောက်ပံ့ငွေကျပ် ၆၄ ဒသမ ၄ သိန်းကိုလည်းကောင်း၊ အသင့်စားခေါက်ဆွဲခြောက်နှင့် သဘာဝဘေးအန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များကို လည်းကောင်း၊ ကလေးများအတွက် ကစားစရာများကို လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ပြီး ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ထောက်ပံ့သော ၁၂ ပေသွပ် အချပ် ၆၄၂၀ ကို တာဝန်ရှိသူတစ်ဦးက လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် သတင်းဓာတ်ပုံပြပွဲကျင်းပမည်

**တောင်ကြီး ဧပြီ ၂၉**

ရှမ်းပြည်နယ်တောင်ပိုင်း သတင်းမီဒီယာကွန်ရက်၏ ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့အထိမ်းအမှတ် သတင်းဓာတ်ပုံပြပွဲနှင့် စာပေဟောပြောပွဲကို ဧပြီ ၃၀ ရက် ညနေ ၆ နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သတင်းမီဒီယာတို့၏ အခန်းကဏ္ဍ ကျယ်ပြန့် ထိရောက်လာစေရေးနှင့် ပြည်သူ့ဝန်ဆောင်မှု သတင်းမီဒီယာလုပ်ငန်း ပီပြင်လာစေရန် ရည်ရွယ်ကျင်းပသည့် အဆိုပါ စာပေဟောပြောပွဲတွင် သတင်းစာဆရာ အယ်ဒီတာချုပ် အောင်စိုးသူနှင့် သတင်းစာဆရာမကြီး သာယာဝတီ စမ်းစမ်းနွဲ့တို့က ဟောပြောကြမည်ဖြစ်သည်။ မေ ၃ ရက်တွင် ကျရောက်မည့် ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့အထိမ်းအမှတ်အဖြစ် သတင်းစာဆရာများ၏ သတင်းဓာတ်ပုံပြပွဲကြီးကိုလည်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# တစ်ရံတစ်ခါဆီက စိုက်ပျိုးရေးပြတိုက်

**မြေကြေးမောင်**

နွေရာသီကျောင်းပိတ်ရက် ရောက်ပြီဆိုလျှင် မိဘများက စာပေ ဗိမာန်ထုတ်စာအုပ်မျိုးစုံ စုစည်းထုတ်ပေးလေ့ရှိပါသည်။ မိမိတို့ ငယ်စဉ်ကာလ တောမြို့ကလေးတွင်နေထိုင်ရသဖြင့် စာအုပ်စာပေ ရှားပါးသော်လည်း မိခင်ကြီးက စာအုပ်များကို အမြဲစုဆောင်းပေးခဲ့ပါသည်။ စာပေဗိမာန်ထုတ်စာအုပ်များ၊ ကလေးစာပေများ၊ ကာတွန်းများ၊ ပုံပြင်များဖြင့် မိမိတို့ကလေးဘဝကို ပျော်ရွှင်စွာ ဖြတ်သန်းခဲ့ရပါသည်။

ရန်ကုန်မြို့သို့ အလည်ရောက်လျှင် မပျက်မကွက် လိုက်ပို့သည်က အမျိုးသားပြတိုက်၊ သဘာဝသမိုင်းပြတိုက်၊ စိုက်ပျိုးရေး ပြတိုက်၊ တိရစ္ဆာန်ဥယျာဉ် စသည်တို့ ဖြစ်ပါသည်။

စာရေးသူတို့ ငယ်စဉ်ကရောက်ရှိခဲ့သော စိုက်ပျိုးရေးပြတိုက်ကြီးသည် ယခုကဲ့သို့ပင် လွန်စွာကြီးမားခံ့ညားပါသည်။ အဆောင်၊ အဖွဲ့များစွာဖြင့် ဗဟုသုတဖြစ်ဖွယ် အများကြီးရှိခဲ့ပါသည်။ စိုက်ပျိုးရေးပြတိုက်ကြောင့် ထမင်းဟူသည် ထမင်းအိုးထဲမှ မလာကြောင်း၊ စပါးပင်မှလာကြောင်း သိခဲ့ရပါသည်။ သစ်ပင်များအကြောင်း၊ ပန်းများအကြောင်း၊ တိရစ္ဆာန်များအကြောင်း၊ လိပ်ပြာများအကြောင်းသည် မိမိတို့၏ အသည်းစွဲ ဖြစ်ခဲ့ရပါသည်။ ပြတိုက်ဝင်ပေါက်တွင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ၎င်းအိမ်၌ ပေါက်တူးပေါက် စိုက်ပျိုးနေသော ပန်းချီကားကြီးတစ်ချပ် ပြသထားသည်ကိုလည်း ရေးရေးမျှ မှတ်မိနေပါသေးသည်။

စိုက်ပျိုးရေးပြတိုက်ကျေးဇူးဖြင့် တောမြို့လေးသို့ ပြန်ရောက်လျှင် မိမိကိုယ်တိုင် သစ်ပင်စိုက် ရေမြောင်းများ ပြုလုပ် ရေသွယ်၊ အပင်များ အသီးများဖြစ်ထွန်းလာလျှင် မိဘကို ခူးကျွေးစသည်ဖြင့် လွန်စွာကျေးဇူးများခဲ့ဖူးပါသည်။

ယခုနှစ် ဧပြီလ တစ်ခုသော တနင်္ဂနွေနေ့တွင် စိုက်ပျိုးရေး ပြတိုက်သို့ မမျှော်လင့်ဘဲ တစ်ခေါက်ရောက်ရှိခဲ့ပါသည်။ စိုက်ပျိုးရေးပြတိုက်ကြီးသည် ယခင်ကာလများဆီကကဲ့သို့ စည်ကားမှုမတွေ့ရှိရတော့ပါ။ ယခင်ကပရိသတ်များ၊ ကလေးများ၊ ဧည့်သည်များဖြင့် စည်ကားခဲ့သော ပြတိုက်ကြီးသည် တိုးတိတ်ညင်သာစွာဖြင့်သာ ဆီးကြိုနှုတ်ဆက်နေရှာပါသည်။ ပြသထားရှိမှုများသည်လည်း မှတ်တမ်းပြုဖွယ်ရာအဖြစ်သာ ရှိပြီး ပရိသတ်များအပေါ် ဆွဲဆောင်စည်းရုံးမှု အားနည်းလျက် ရှိနေရပါသည်။

မည်သည့်လုပ်ငန်းရပ်မဆို ဦးတည်ချက်ရှိပါသည်။ ဥပမာ မိမိတို့စာရေးသည်ဆိုလျှင်လည်း မည်သည့် စာဖတ်ပရိသတ်ကို အဓိကဦးတည်မလဲဆိုတာ ထားရှိရပါသည်။ စိုက်ပျိုးရေးပြတိုက်၏ လက်ရှိအနေအထားသည် မည်သည့် ပရိသတ်အပေါ် ဦးတည်ချက်ထားရှိနေပါသလဲဆိုတာ မေးမြန်းစရာဖြစ်ပါသည်။

ရန်ကုန်မြို့ အချက်အချာကျသောဒေသတွင် တည်ရှိပြီး သွားလာရေးလွန်စွာ လွယ်ကူသော မြေပဒေသာကျွန်းဧရိယာ အတွင်း ပါဝင်သည်ဖြစ်၍ ရန်ကုန်မြို့ ပြည်သူလူထုကို ကောင်းစွာ ဆွဲဆောင်မှုပြုနိုင်ပါသည်။ အပန်းဖြေနားနေစရာ ဖြစ်သကဲ့သို့ ဗဟုသုတရှာမှီးဖွယ်ရာဒေသလည်း ဖြစ်နိုင်ပါသည်။ ရွှေတိဂုံဘုရားနှင့်လည်း နီးကပ်နေ၍ ဘုရားဖူးလာ ပရိသတ်အပေါင်းကိုလည်း ဆွဲဆောင်မှု ပြုနိုင်ပါသေးသည်။ ဤမျှ ကောင်းမွန်သည့် တည်နေရာဆိုင်ရာ အားသာချက်ရှိနေသော စိုက်ပျိုးရေးပြတိုက်ကြီးကို ထိုက်တန်စွာ အသုံးချစေချင်ပါသည်။

ရန်ကုန်မြို့တော်ရှိ စာသင်ကျောင်းပေါင်း မြောက်မြားစွာက ကျောင်းသား ကျောင်းသူတို့ကို စိုက်ပျိုးရေးဆိုင်ရာ အခြေခံဗဟုသုတပေးစွမ်းနိုင်သော နေရာအဖြစ်လည်းကောင်း၊ လုံခြုံစိတ်ချသော အစားအစာကို မိမိကိုယ်တိုင် မည်ကဲ့သို့ စိုက်ပျိုးရယူနိုင်ကြောင်း Organic Farming ဆိုင်ရာ ဗဟုသုတဖြန့်ဝေရာ နေရာအဖြစ်လည်းကောင်း၊ စိုက်ပျိုးရေး အခြေခံဗဟုသုတ (Principal) များကို ဖြန့်ဖြူးပေးရာ အဖြစ်လည်းကောင်း၊ စိုက်ပျိုးရေးကို ပြည်သူလူထုက စိတ်ပါဝင်စားလာပြီး အိမ်နောက်ဖေး ဈေးဆိုင်တည်သည့် အလေ့အကျင့် ပြုစုပျိုးထောင်ရာ နေရာအဖြစ်လည်းကောင်း၊ စိုက်ပျိုးရေးမှသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆီသို့ အခြေခံဗဟုသုတ ဖြန့်ဖြူးပေးရာအဖြစ်လည်းကောင်း စသည်ဖြင့် ထိုက်ထိုက်တန်တန်အသုံးချနိုင်သော သမိုင်းဝင်ပြတိုက်ကြီးတစ်ခု ဖြစ်လာစေချင်ပါသည်။

စားပြီးသောမျိုးစေ့ကို နောက်ပြန်ပစ်လိုက်လျှင် အပင်ပေါက်လာနိုင်သော ရာသီဥတုနှင့် ရေမြေသဘာဝအခြေခံရှိသည့် မြန်မာနိုင်ငံကြီးတွင် စနစ်တကျစိုက်ပျိုးရေး တတ်မြောက်ပါမှသာ အောင်မြင်သော စိုက်ပျိုးရေးဖြစ်လာနိုင်ပါသည်။ သို့ဖြစ်၍ စနစ်တကျစိုက်ပျိုးရေးဆိုတာ ဘာလဲ။ သစ်ပင်တစ်ပင် ဖွံ့ဖြိုးကြီးထွားလာဖို့အတွက် မည်သည့် အချက်များ လိုအပ်သလဲ။ ယင်းအချက်များကို မည်ကဲ့သို့ ဖြည့်ဆည်းပေးရသလဲဆိုသည့် ဗဟုသုတကို ပြည်သူလူထုကို ငယ်စဉ်ကတည်းက ပေးထားသင့်ပါသည်။

**စားပြီးသောမျိုးစေ့ကို နောက်ပြန်ပစ်လိုက်လျှင် အပင်ပေါက်လာနိုင်သော ရာသီဥတုနှင့် ရေမြေသဘာဝအခြေခံရှိသည့် မြန်မာနိုင်ငံကြီးတွင် စနစ်တကျ စိုက်ပျိုးရေးတတ်မြောက်ပါမှသာ အောင်မြင်သော စိုက်ပျိုးရေးဖြစ်လာနိုင်**

**ရေခံမြေကောင်း၍ သမိုင်းအစဉ်အလာကောင်းခဲ့သော စိုက်ပျိုးရေးပြတိုက်ကြီးကို ပြန်လည် ပြုပြင်မွမ်းမံ၍ ဆန်းသစ်ရန် အကြံအစည်များရှိနေကြောင်း ကြားသိရ၍ ဝမ်းမြောက်မိ**

ဓာတုဆေးကြွင်း အာနိသင်ကြောင့် ဆိုးကျိုးမျိုးစုံ ခံစားနေရသော ကမ္ဘာကြီးတွင် ဓာတုဆေးကြွင်းအာနိသင်ကြောင့် ဖြစ်ပွားနိုင်သော ဆိုးကျိုးများ၊ ရှောင်ရှားနိုင်သော နည်းလမ်းများ၊ အဆိပ်အတောက်ကင်းသော ဟင်းသီးဟင်းရွက် သစ်သီးဝလံ စားသောက်ဖွယ်ရာရရှိအောင် စိုက်ပျိုးနည်းများ၊ အော်ဂဲနစ်စိုက်ပျိုးခြင်းနည်းစနစ်၊ ကျန်းမာရေးဆိုင်ရာ သိသင့်သိထိုက်သည်များကို အသိပညာပေးရန် လိုအပ်နေသည်ဟု သုံးသပ်ပါသည်။ ကျန်းမာရေးဌာနများက အသိပညာပေးနေသော်လည်း စိုက်ပျိုးရေးပညာရှုထောင့်မှလည်း ပညာပေးသောပြတိုက်ကြီးတစ်ခု ဖြစ်လာစေချင်ပါသည်။

ထိုင်းနိုင်ငံ၌ အော်ဂဲနစ် ဟင်းသီးဟင်းရွက်များကို ဖော့ဘူးများဖြင့် နေအိမ်များတွင် ကိုယ်တိုင်စိုက်ပျိုးပြီး စားသုံးနေသည်ကို တွေ့မြင်ခဲ့ရဖူးပါသည်။ ပိုလျှံသည်များကို ဖော့ဘူးများအလိုက် ဈေးသို့သယ်ဆောင်ပြီး ရောင်းချနေသည်ကို တွေ့မြင်ခဲ့ရပါသည်။ စားသုံးသူများအနေဖြင့် အလိုရှိသော ဓာတုဆေးကြွင်းအာနိသင်မရှိသည့် ဟင်းသီးဟင်းရွက်များကို လတ်ဆတ်စွာ ဝယ်ယူစားသုံးနေသည်ကိုများကိုလည်း တွေ့ရှိခဲ့ရပါသည်။ သို့ဖြစ်၍ ထိုကဲ့သို့ လက်တွေ့ပါဝင်သည့် စိုက်ပျိုးမှုများကိုလည်း အသိပညာ ပေးသင့်သည်ဟု ယူဆပါသည်။ မျိုးစေ့များ၊ ပျိုးပင်များ၊ စိုက်ပျိုးနည်းစာအုပ်များ၊ စိုက်ပျိုးရေးသုံးပစ္စည်းများကို ရောင်းချသော အရောင်းဆိုင်များလည်း ပူးတွဲပါဝင်စေချင်ပါသည်။

စနေ၊ တနင်္ဂနွေ ကျောင်းအားရက်များတွင် စာသင်ကျောင်းများမှ လာရောက်စုစည်းလေ့လာခြင်း၊ ကိုယ်တိုင်စိုက်ပျိုးစေခြင်း၊ ဟောပြောပွဲများ၊ ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ပေးခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ ဗဟုသုတများ၊ သဘာဝပတ်ဝန်းကျင်နှင့် သစ်ပင်ပန်းမန်များကို စိတ်ပါဝင်စားစေသော လှုပ်ရှားမှုမျိုးစုံဖြင့် မျိုးဆက်သစ်လူငယ်များက ငယ်စဉ်ကပင် ပညာပေးစည်းရုံးမှု ပြုသင့်ပါသည်။ သို့မှသာ ၎င်းတို့ကြီးပြင်းလာသည့်အခါ ပတ်ဝန်းကျင်ကို တန်ဖိုးထားလိုစိတ်၊ အပင်နှင့် သဘာဝကို ချစ်မြတ်နိုးလိုသော စိတ်ဓာတ်များကိန်းအောင်းပါလာမည်။ စိုက်ပျိုးရေးပြတိုက်ကြီးကိုလည်း ယင်းလုပ်ငန်းစဉ်ထဲတွင် အဓိကနေရာမှ ပါဝင်စေလိုပါသည်။

ရေခံမြေကောင်း၍ သမိုင်းအစဉ်အလာကောင်းခဲ့သော စိုက်ပျိုးရေးပြတိုက်ကြီးကို ပြန်လည်ပြုပြင်မွမ်းမံ၍ ဆန်းသစ်ရန် အကြံအစည်များရှိနေကြောင်း ကြားသိရ၍ ဝမ်းမြောက်မိပါသည်။

ပညာဟူသည် တန်ဖိုးဖြတ်၍ ရကောင်းသောအရာ မဟုတ်ပါ။ အသိပညာ၊ အတွေးအခေါ်များကို ပြန့်ပွားစေသော မဏ္ဍိုင်တစ်ခုအဖြစ် စိုက်ပျိုးရေးပြတိုက်ကြီးကို ဖြစ်တည်လာစေချင်ပါသည်။ အသိပညာ အတွေးအခေါ်တစ်ခုသည်ပင် လူသားများကို များစွာအကျိုးပြုနိုင်သဖြင့် စိုက်ပျိုးရေးပညာကို လက်တွေ့မျက်မြင် ဖြန့်ဖြူးပေးနိုင်မည့် စိုက်ပျိုးရေးပြတိုက်ကြီး ပြန်လည်ပေါ်ပေါက်လာပါလျှင် အသိပညာ အတွေးအမြင်ပေါင်း မြောက်မြားစွာကို ဖြန့်ဖြူးနိုင်မည် ဖြစ်ပါ၍ ရပ်ကွက်နှစ် ပြည်သူများ သာစုခေါ်ရမည့် အစီအစဉ်တစ်ရပ် ဖြစ်ပါကြောင်း ကြိုဆိုတင်ပြလိုက်ရပါသည်။

တစ်ရံတစ်ခါဆီက စိုက်ပျိုးရေးပြတိုက်ကြီးကို အသစ်တစ်ဖန် ပြန်လည်တွေ့မြင်ကြရပါဦးမည်ဟု မျှော်လင့်ပါသည် ခင်ဗျား-



## ရထားလမ်း လူကူးတံတား ဆင်ကောင်ကြီးအမြီးကျမှ တစ်နေသလို

**ရန်ကုန် ဧပြီ ၂၉**

ကြည့်မြင်တိုင်မြို့နယ်နှင့် စမ်းချောင်းမြို့နယ်ကို လွယ်ကူစွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက် တည်ဆောက်ပေးထားသော သီရိခေမာရပ်ကွက် ခတ္တာလမ်းထိပ်နှင့် ဘောဂရပ်ကွက် တော်ဝင်လမ်းထိပ်တို့ရှိ မီးရထားလမ်း ဖြတ်ကျော်လူကူးခုံးကျော်တံတားကို လျှပ်စစ်ရထားပြေးဆွဲနိုင်ရေးအတွက် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ အတွင်းက ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။

မီးရထား လမ်းကူးသူတို့အတွက် ရထားသံလမ်းအနီး တစ်ဖက်တစ်ချက်၌ သံအိတ်များ ပုံချထားပေးသည်။ ထိုမညီညာသော သံအိတ်များပေါ်မှ ဆွမ်းခံကြွ သံဃာတော်များ၊ သက်ကြီးရွယ်အိုများ၊ ကျောင်းသား ကျောင်းသူများနှင့် အလုပ်သွား အလုပ်ပြန်တို့ နေ့စဉ်ရာချီ ဖြတ်သန်းနေရသည်။

တံတားတည်ဆောက်စဉ် ကတည်းက ကြားကာလ၌ ရပ်နားမှုများ ရှိသကဲ့သို့ ယခုတံတားပြီးခါနီးတွင် ဆင်ကောင်ကြီး အမြီးကျမှ တစ်ဆိုသကဲ့သို့ ရပ်တန့်သွားပြန်သည်။

တည်ဆောက်မှုကာလ ကြာမြင့်လာသည်နှင့်အမျှ ယာယီခင်းပေးထားသော သံအိတ်များ ပေါက်ပြဲလာပြီး အဆင်းအတက် အခက်အခဲများ ဖြစ်လာသည်။ ထို့အပြင် ယင်းရထားလမ်းပေါ်မှ ဖြတ်ကူးရသောနေရာမှာ ရထားလမ်းအကွေ့ဖြစ်၍ မီးရထားလာမှုကို ကြိုတင်မမြင်နိုင်သော အန္တရာယ်ရှိ နေရာတစ်ခုဖြစ်သည်။

ထို့အတွက် ရထားလမ်းပေါ်မှ ဖြတ်သန်းနေရသော ခရီးသွားပြည်သူများက တံတားအမြန်ဆုံး အပြီးသတ်နိုင်ရေးကို မျှော်လင့်နေကြသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

## အောင်လံမြို့နယ် ဖိုကိုးလုံးကျေးရွာ၌ စက်ရေတွင်းတူး၊ ရေထွက်အားကောင်း

**သရက် ဧပြီ ၂၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် တယ်ပင်ကျေးရွာအုပ်စု ဖိုကိုးလုံးကျေးရွာတွင် ပူပြင်းခြောက်သွေ့၍ အယ်နီညိုရာသီဥတုတွေ့ကြုံကာ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးကြပ်၍ လေးလက်မ စက်ရေတွင်းတူးဖော်ခြင်းကို ဧပြီ ၂၇ ရက်က စတင်တူးဖော်ခဲ့ရာ ဧပြီ ၂၈ ရက်တွင် မြေအောက်အနက် ၂၇၅ ပေ ရေအောက်လွှာမှ ရေထွက်အားကောင်းမွန်ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**

## သောက်သုံးရေအခက်အခဲရှိသည့် ကျေးရွာများသို့ ရေပေးပို့

**မင်းပြား ဧပြီ ၂၉**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းပြားမြို့နယ်၌ ဧပြီလမှစတင်၍ သောက်သုံးရေအခက်အခဲဖြစ်ပေါ်လျက် ရှိသော အမ်းသားကျေးရွာ၊ သေကံကျေးရွာ၊ ခေါင်းလောင်းရွာသစ်ကျေးရွာ၊ င/တန် ပျင်းကျေးရွာ လေးရွာသို့ သောက်သုံးရေအဆင်ပြေစေရေးအတွက် မြို့နှင့် ခုနစ်မိုင်ကွာဝေးသည့် မြောင်ချေဆည်မှ ရေဂါလန် ၁၂၀၀ ဆံ့ ရေသယ်ယာဉ်များဖြင့် ဧပြီလတတိယပတ်မှစတင်ကာ တစ်ရွာလျှင် တစ်နေ့ရေဂါလန် ၁၂၀၀ ကို သယ်ယူဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**



ပြည်ခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဇလဲ့အုပ်စု ဘန့်ဘွေးကုန်းကျေးရွာ၌ ပေ (၈၀×၈၀) ပတ်လည်ရှိ ကောနေသည့် ရေကန်ကို အနက်သုံးပေ တူးဖော်ဆည်ယူ ပြုပြင်ခြင်းလုပ်ငန်းကို ဧပြီ ၂၀ ရက်က စတင်ဆောင်ရွက်ပြီး ဧပြီ ၂၆ ရက်တွင် ၁၀၀ ရာခိုင်နှုန်း ပြီးစီးမှုကို တွေ့ရစဉ်
(မြို့နယ် ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း အာဆီယံ-ရုရှား ကာကွယ်ရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေးသို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

**နေပြည်တော် မေ ၂၉**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ကျင်းပသည့် အာဆီယံ-ရုရှား ကာကွယ်ရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေး (Informal Meeting between the Head of Defence Services of Russia-ASEAN member Countries) သို့ တက်ရောက်ခဲ့သော ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr.Vasily POSPELOV နှင့် ရုရှားစစ်သံမှူးများ၊ တပ်မတော်အရာရှိများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသော ကာကွယ်ရေးဝန်ကြီးဌာန နိုင်ငံတကာနှင့် ပြည်တွင်းရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ဟန်နှင့် တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# နှစ်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေး

**နေပြည်တော် မေ ၂၉**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်သည် မြန်မာနိုင်ငံဆိုင်ရာ မွန်ဂိုလီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာ တက်စ်ဘီလ်ဂူအန်း တူမာ ကူလာဒ်အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းတာဝန်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေကိစ္စရပ်များ၊ နှစ်နိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ခုံရုံးအဖွဲ့ဝင်များဖြစ်ကြသော ဦးတွာလ်ကျင်ပေါင်၊ ဦးကျော်ဆန်း၊ ညွှန်ကြားရေးမှူးချုပ်နှင့် ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်း

**နေပြည်တော် မေ ၂၉**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန တိုင်းထွာရရှိသည့် ခရမ်းလွန်ရောင်ခြည်ကျရောက်မှု အမြင့်ဆုံးအညွှန်းကိန်းများမှာ နေပြည်တော်၌ ၇ ဒသမ ၆၊ ရန်ကုန် မြို့၌ ၈ ဒသမ ၇ နှင့် မန္တလေးမြို့၌ ၇ ဒသမ ၇ တို့ဖြစ်ကြသည်။

**(မြန်မာ့အလင်း)**

# ကြံခင်းမြို့နယ်အတွင်းရှိ သောက်သုံးရေအခက်အခဲရှိသော ကျေးရွာများသို့ ရေလှူဒါန်း

**ကြံခင်း မေ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် အပူရှိန်လွန်ကဲမှုကြောင့် ရေတွင်း ရေကန်များ ခန်းခြောက်ပြီး သောက်သုံးရေအခက်အခဲနှင့် ကြုံတွေ့နေရသဖြင့် ဖြိုးစည်သူကုမ္ပဏီလီမိတက် မိသားစုက ဂါလန် ၃၂၀၀ ဆံ့ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေ လှူဒါန်းလျက်ရှိသည်။



အဆိုပါ လှူဒါန်းပေးခဲ့သော ကျေးရွာများမှာ ကြို့ကုန်းရွာ ဘုန်းကြီးကျောင်း တရားစခန်းပွဲသို့ ရေဂါလန် ၆၄၀၀၊ ဇီးပင်ကွင်းရွာ ဘုန်းကြီးကျောင်း တရားစခန်းပွဲသို့ ရေဂါလန် ၆၄၀၀၊ ခုံကြီးကျေးရွာအုပ်စု ကျော်ငုံရွာသို့ ရေဂါလန် ၉၆၀၀၊ သရက်စမ်းကျေးရွာသို့ ရေဂါလန် ၆၄၀၀၊ ပေါက်နွယ်စမ်းအုပ်စု မဲဇလီစမ်းရွာသို့ ရေဂါလန် ၆၄၀၀၊ ပိုးစုကြီးအုပ်စုသို့ ရေဂါလန် ၆၄၀၀ ကို ဧပြီလဆန်းမှစ၍ မေ ၂၈ ရက်အထိ လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ဝဖြ)**

# မွေတော်ကက္ကူဘုရားဝင်းအတွင်းရှိ စေတီတော်များ ပြုပြင်ရန် အလှူငွေများ လှူဒါန်းနိုင်

**နေပြည်တော် မေ ၂၉**

ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့နယ် ကက္ကူကျေးရွာ၌ မေ ၂၂ ရက် ညအချိန်တွင် လေပြင်းများတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် မွေတော်ကက္ကူဘုရားဝင်းအတွင်းရှိ စေတီတော်အရေအတွက် ၄၀ ရာခိုင်နှုန်းခန့် ပျက်စီးခဲ့သည်။

မွေတော်ကက္ကူဘုရားစုရှိ စေတီတော်အချို့သည် အေဒီ(၁၂)ရာစုနှောင်းပိုင်း ပုဂံခေတ်အပြိုင် တည်ထားကိုးကွယ်ခဲ့ကြောင်း မှတ်တမ်းများအရသိရှိရပြီး စုစုပေါင်း စေတီတော် ၂၄၈၇ ဆူရှိသည့်အနက် လေပြင်းအရှိန်ကြောင့် စေတီတော် ၁၀၁၅ ဆူ ထိခိုက်ပျက်စီးခဲ့သည်။

အဆိုပါ ထိခိုက်ပျက်စီးသော စေတီတော်များ ပြန်လည်ပြုပြင်ရန်အတွက် စေတီတော် မူလအလှူရှင်များက လည်းကောင်း၊ လှူဒါန်းလိုသူများနှင့် အဖွဲ့အစည်းများက လည်းကောင်း ပါဝင်လှူဒါန်းလိုပါက အောက်ပါဌာနများနှင့် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ဆက်သွယ်လှူဒါန်းရန်လိပ်စာ**

- ညွှန်ကြားရေးမှူးချုပ်
  ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
  ရုံးအမှတ်(၃၅)၊ နေပြည်တော်၊ ဖုန်း ၀၆၇-၄၀၈၀၃၈
- ညွှန်ကြားရေးမှူး(စီမံ/ဘဏ္ဍာဌာနခွဲ)
  ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
  ရုံးအမှတ်(၃၅)၊ နေပြည်တော်၊ ဖုန်း ၀၆၇-၄၀၈၄၁၈
- ညွှန်ကြားရေးမှူး(ပြုပြင်/ထိန်းသိမ်း/စစ်ဆေးမှတ်တမ်းနှင့် ဓာတုဗေဒဌာနခွဲ)
  ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
  ရုံးအမှတ် (၃၅)၊ နေပြည်တော်၊ ဖုန်း ၀၆၇-၄၀၈၀၂၇
- ညွှန်ကြားရေးမှူး
  ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
  ရန်ကုန်ဌာနခွဲ ၊ ၃၂ - ဒီ ခြောက်မိုင်ခွဲ၊ ပြည်လမ်း။ ဖုန်း ၀၁-၅၁၃၈၉၇
- ညွှန်ကြားရေးမှူး
  ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
  မန္တလေးဌာနခွဲ၊ ၂၈ လမ်း၊ ၇၀ × ၇၁ လမ်းကြား ၊ ချမ်းအေးသာစံမြို့နယ်၊ ဖုန်း ၀၂-၆၀၀၆၁

## အမြင့်ဆုံးအပူချိန် စံချိန်သစ်များ

**နေပြည်တော် မေ ၂၉**

၂၀၁၆ ခုနှစ် မေ ၂၉ ရက်တွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည့် အမြင့်ဆုံးအပူချိန် စံချိန်သစ်များကို သက်ဆိုင်ရာမြို့နယ်များရှိ စခန်းများအလိုက် ဖော်ပြထားသည်။

| စဉ် | စခန်းအမည် | အမြင့်ဆုံးအပူချိန် စံချိန်သစ် | | အမြင့်ဆုံး အပူချိန် စံချိန်ဟောင်း | | ယခင်စံချိန် ကျိုးခဲ့သည့်နှစ် | စခန်းဖွင့်သည့် နှစ်မှစ၍ လွန်ခဲ့သော နှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | ဒီဂရီ စင်တီဂရိတ် | ဒီဂရီ ဖာရင်ဟိုက် | ဒီဂရီ စင်တီဂရိတ် | ဒီဂရီ ဖာရင်ဟိုက် | | |
| ၁။ | နေပြည်တော် (တပ်ကုန်း) | ၄၄.၀ | ၁၁၁.၂ | ၄၃.၀ | ၁၀၉.၄ | ၂၂.၄.၁၉၉၈ | ၃၃ |
| ၂။ | နမ့်စန် | ၃၉.၇ | ၁၀၃.၅ | ၃၈.၇ | ၁၀၁.၇ | ၁၉.၄.၂၀၁၆ | ၂၂ |
| ၃။ | ဟဲဟိုး | ၃၇.၀ | ၉၈.၆ | ၃၆.၈ | ၉၈.၂ | ၁၂.၄.၂၀၁၆ | ၃၇ |
| ၄။ | မိတ္ထီလာ | ၄၄.၀ | ၁၁၁.၂ | ၄၃.၅ | ၁၁၀.၃ | ၁၂.၄.၂၀၁၆ | ၆၀ |
| ၅။ | မြင်းခြံ | ၄၆.၀ | ၁၁၄.၈ | ၄၅.၅ | ၁၁၃.၉ | ၁၉.၄.၂၀၀၂ | ၄၈ |
| ၆။ | ရမည်းသင်း | ၄၅.၀ | ၁၁၃.၀ | ၄၄.၆ | ၁၁၂.၃ | ၂၈.၄.၂၀၁၆ | ၅၂ |
| ၇။ | ချောက် | ၄၆.၄ | ၁၁၅.၅ | ၄၆.၂ | ၁၁၅.၂ | ၁၂.၄.၂၀၁၆ | ၃၂ |
| ၈။ | မကွေး | ၄၆.၅ | ၁၁၅.၇ | ၄၆.၀ | ၁၁၄.၈ | ၁၃.၄.၁၉၈၀ | ၄၃ |
| ၉။ | အောင်လံ | ၄၄.၇ | ၁၁၂.၅ | ၄၄.၅ | ၁၁၂.၁ | ၁၆.၄.၂၀၀၂ | ၃၃ |
| ၁၀။ | တောင်တွင်းကြီး | ၄၄.၉ | ၁၁၂.၈ | ၄၃.၈ | ၁၁၀.၈ | ၁၂.၄.၂၀၁၆ | ၁၉ |
| ၁၁။ | လွိုင်ကော် | ၃၉.၅ | ၁၀၃.၁ | ၃၉.၀ | ၁၀၂.၂ | ၂၈.၄.၂၀၁၆ | ၅၀ |

# ပုဗ္ဗသီရိမြို့နယ် ဆင်တဲကြီးကျေးရွာနှင့် ကျွန်းတောကြီးကျေးရွာများတွင် ကြက်များသေဆုံးမှုဖြစ်ပွား

**နေပြည်တော် မေ ၂၉**

နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် ဆင်တဲကြီးကျေးရွာနှင့် ကျွန်းတောကြီး ကျေးရွာတို့တွင် ကြက်များသေဆုံးမှုရှိကြောင်း သိရသည့်အတွက် မေ ၂၈ ရက် ညနေ ၃ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး ဦးအေးသောင်းနှင့် တာဝန်ရှိသူများ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှာ ဥယျာဉ်ကျေးရွာအုပ်စု ဆင်တဲကြီးတောင်ရွာနှင့် မြောက်ရွာတို့ရှိ ကြက်ခြံ ခုနစ်ခြံတွင် ကြက်ကောင်ရေ စုစုပေါင်း ၁၃၇၀၀ ရှိပြီး CP ကုမ္ပဏီနှင့် အကျိုးတူမွေးမြူထားကြောင်းသိရှိရသည်။ မေ ၂၅ ရက်မှစတင်၍ ကြက်ငါးကောင် ခြောက်ကောင်ခန့် သေဆုံးခဲ့ရာ ကြက်ခြံများမှ ကြက်ကောင်ရေ သေဆုံးမှုမှာ စုစုပေါင်း ၂၀၇ ကောင်ဖြစ်ပြီး စစ်ဆေးအဖွဲ့ရောက်ရှိချိန်တွင် ကြက်ကောင်ရေ ၁၂၀ ခန့် သေဆုံးနေသည်ကိုတွေ့ရှိရသည်။ ကြက်ခြံသို့ပေးသည့် ရေပန့်ပျက်၍ ရေမလိုက်သဖြင့် သေဆုံးခြင်းဖြစ်ကြောင်းနှင့် သေဆုံးကြက်များကို မြေမြှုပ်ခဲ့ကြောင်း ပိုင်ရှင်က ပြောကြားသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက အပူလွန်ကဲ၍ သေဆုံးသည်ဟု သာမန်အားဖြင့် ယူဆထားပြီး ဓာတ်ခွဲစစ်ဆေးပြီးမှသာ ရောဂါသိရှိရမည်ဖြစ်ကြောင်း သိရသည်။

ထို့မှတစ်ဆင့် တာဝန်ရှိသူများသည် ပုဇွန်ဆိတ်ကျေးရွာအုပ်စု ကျွန်းတောကြီး ကျေးရွာသို့ သွားရောက်စစ်ဆေးရာ ကျွန်းတောကြီးကျေးရွာတွင် ကြက်ခြံ သုံးခြံရှိပြီး ကြက်ကောင်ရေ ၉၁၈၀ ရှိကြောင်း၊ မေ ၂၇ ရက်တွင် ၅၅ ကောင်၊ မေ ၂၈ ရက်တွင် ၁၇ ကောင် စုစုပေါင်း ၇၂ ကောင် သေဆုံးကြောင်း၊ အဆိုပါ ကြက်သေများအား ခြောက်ပေအနက် မြေတွင်းတူး၍ FREEZONE ဆေးဖျန်းပြီး မြေမြှုပ်ရန်၊ ကြက်သေကောင်များအား တိ/မွေးကုဌာနမှ ဓာတ်ခွဲစမ်းသပ်စစ်ဆေးရန်၊ ကြက်ခြံအတွင်းရှိ ဆက်စပ်ပစ္စည်းများ ခြံပြင်သို့မထွက်ရှိစေရေး ဆောင်ရွက်ရန်နှင့်၊ ကြက်ခြံအတွင်း နေထိုင်သူဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးရန် မှာကြားခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်တို့ ပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဧပြီ ၂၉**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်တို့ ပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း၏ ရည်ရွယ်ချက်မှာ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၅ ရက်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံမှ ချမှတ်ခဲ့ပြီး နိုင်ငံပေါင်း ၁၅၀ ကျော်ရှိ ခေါင်းဆောင်များက သဘောတူညီခဲ့သည့် ၂၀၃၀ ခုနှစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု အာဂျင်ဒါတွင် ပါဝင်သော ရည်မှန်းချက်များ ပြည့်မီရေးကို ၂၀၁၆ ခုနှစ်တွင် စတင်ကြိုးပမ်းရမည်ဖြစ်ရာ အာဂျင်ဒါပါ ရည်မှန်းချက်များအား အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာ နိုင်ငံများအနေဖြင့် နိုင်ငံအဆင့် မူဝါဒများနှင့် ကိုက်ညီစေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားအဆင့် ဖွံ့ဖြိုးမှုစီမံကိန်း လုပ်ငန်းစဉ်များ၊ မူဝါဒများနှင့် မဟာဗျူဟာများတွင် ထည့်သွင်းချိတ်ဆက်ပေါင်းစပ်ရန် လိုအပ်သဖြင့် အာဂျင်ဒါအား နိုင်ငံ၏ လက်တွေ့အခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေရေးကို တက်ရောက်လာသည့် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပညာရှင်များနှင့် အခြားစိတ်ပါဝင်စားသူများ၏ အကြံဉာဏ်များကိုရယူကာ အဆိုပါ အာဂျင်ဒါ အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်ကို ချမှတ်နိုင်ရန် ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအခြေစိုက် ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## ○ ရှေ့ဖုံးမှ

“ဒီပဲတွေက အခုလို နွေရာသီမှာ ကျွန်တော်တို့တောင်သူတွေ အပိုဝင်ငွေလေးရအောင် စိုက်ပျိုးထားတာပါ။ ရိတ်သိမ်းခါနီးမှ ဒီလိုမထင်မှတ်ဘဲ ဖြစ်သွားတဲ့အတွက် အလွန်ခံပြင်းစရာကောင်းပါတယ်။ နေကပြင်းတဲ့အပြင် မိုးသီးတွေကလည်း ထုထည်ကြီးတော့ အပင်တွေပိပြီး တချို့ဆို အရွက်တွေပြတ်ထွက်ကုန်တယ်” ဟု စဉ့်ကိုင်မြို့နယ်မှ တောင်သူ ကိုကျော်မိုးက ပြောသည်။

မန္တလေးပဲဈေးကွက်၌ ဧပြီ ၂၈ ရက်ဈေးနှုန်းများအရ ပဲတီစိမ်း သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်း၊ ပဲစင်းငုံဈေးနှုန်းမှာ ငွေကျပ် ၁၄၇၀၀၀၊ မတ်ပဲမှာ ငွေကျပ် ၁၆၀၀၀၀ နှုန်းနှင့် ကုလားပဲဖြူကြီး (V2)မှာ ငွေကျပ် ၁၁၆၀၀၀ နှုန်းအထိ ဈေးမြင့်တက်လျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ဧပြီ ၂၂ ရက်က လေပြင်းတိုက်ခတ်၍ မိုးသီးများ ပြင်းထန်စွာကြွေကျခဲ့ခြင်းကြောင့် သီးနှံစိုက်ဧက ၁၂၈၁၅ ဧကမှ သီးနှံ ၁၃ မျိုး ထိခိုက်မှုရှိခဲ့ပြီး ယင်းတို့အနက် နှမ်းနှင့် ပဲတီစိမ်းသီးနှံများမှာ အများဆုံး ထိခိုက်ဆုံးရှုံးမှုရှိခဲ့ကြောင်း သိရသည်။

**အောင်ရဲသွင်**

# တစ်မူထူးခြားပြီး မတူကွဲပြားသော မြန်မာရုပ်ရှင်ဇာတ်ကားကြီး သုံးကားရိုက်ကူးမည်

**ရန်ကုန် ဧပြီ ၂၉**

ပုံမှန် ရုပ်ရှင်ဇာတ်ကားများနှင့် မတူကွဲပြားသည့် မြန်မာရုပ်ရှင်ဇာတ်ကားကြီးသုံးကားအတွက် ပါဝင်သရုပ်ဆောင်ရန် သရုပ်ဆောင်သစ်များ ရွေးချယ်လိုက်ပြီဖြစ်ကြောင်း ရုပ်ရှင်ဇာတ်ကားကြီး သုံးကားကို တာဝန်ယူရိုက်ကူးမည့် နာမည်ကြီးဒါရိုက်တာ တစ်ဦးဖြစ်သော ဒါရိုက်တာ ချိုင်းရှိန်က ပြောသည်။

အဆိုပါ ဇာတ်ကားကြီးများမှာ ရသမုန်တိုင်း၊ မီးမုန်တိုင်းနှင့် လူမိုက်ကျွန်းအမည်ရှိ ဇာတ်ကားကြီးများဖြစ်ပြီး ဒါရိုက်တာချိုင်းရှိန်က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။ “၂၀၁၆ ခုနှစ်ထဲမှာ ရိုက်ကူးသွားမယ့် မြန်မာရုပ်ရှင်ဇာတ်ကားကြီးသုံးကားမှာ သင့်တော်တဲ့ သရုပ်ဆောင်သစ်တွေ ထည့်သွင်းဖို့ သရုပ်ဆောင်သစ်တွေ ဖိတ်ခေါ်ခဲ့ပါတယ်။ ဒီဇာတ်ကားကြီးတွေမှာ ပျူခေတ်တစ်ပိုင်း၊ ပုဂံခေတ်တစ်ပိုင်း စတိုင်နှစ်မျိုး အခြေခံပြီးရိုက်ကူးသွားမှာဖြစ်ပါတယ်။ ဒီအထဲမှာ ဒရမ်မာတွေ၊ အက်ရှင်တွေနဲ့ ခေတ်ပေါ် ဖန်တီး သရုပ်ဆောင်ကွက်လေးတွေ ထည့်သွင်းသွားမှာပါ။ ဒါ့အပြင် ကွန်ပျူတာအဖက်တွေ ပါဝင်မှာဖြစ်ပြီး အခုကတည်းက ဇာတ်ဝင်ခန်းတချို့အတွက် ကြိုတင်ပြင်ဆင်ထားတာတွေလည်း လုပ်နေပါတယ်။ ပရိသတ်တွေ အနေနဲ့ ပုံမှန်ရုပ်ရှင်ဇာတ်ကားတွေနဲ့ မတူတဲ့ ရသမျိုးတွေကို ကြည့်ရှုခံစားနိုင်မှာဖြစ်ပါတယ်” ဟု နိုဗိုတယ်ဟိုတယ်၌ ကျင်းပသော သရုပ်ဆောင်ရွေးချယ်ပွဲ အခမ်းအနားတွင် ပြောကြားသည်။

အဆိုပါဇာတ်ကားကြီး သုံးကားအနက် အဆိုတော် စိုင်းစိုင်းခမ်းလှိုင်က တစ်ချိန်က ရာဇာနေဝင်းနှင့် ထွန်းအိန္ဒြာဗိုတို့ရိုက်ကူးခဲ့သော မီးမုန်တိုင်းဇာတ်ကားကြီးတွင် အသစ်ရွေးချယ်လိုက်သည့် သရုပ်ဆောင်သစ်များနှင့် တွဲဖက်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ရသမုန်တိုင်း ဇာတ်ကားကြီးတွင် မင်းခိုက်စိုးစန်နှင့် ထက်မြတ်နိုင်ဇင်တို့က ပါဝင်သရုပ်ဆောင်ထားသည်။ လူမိုက်ကျွန်းဇာတ်ကားကြီးတွင် ဝါရင့်သရုပ်ဆောင်များဖြစ်သည့် အကယ်ဒမီ ရန်အောင်၊ အကယ်ဒမီ ရဲအောင်၊ မင်းရာဇာ၊ ဟိန်းဝေယံ၊ သဉ္ဇာနွယ်ဝင်းနှင့် ဖူးဖူးတို့က သရုပ်ဆောင်ကြမည်ဖြစ်သည်။ “ကျွန်တော်က ဒီဇာတ်ကားကြီးမှာ အလွန်ကောက်ကျစ်ယုတ်မာတဲ့ ဗီလိန်ခန်းကနေ သရုပ်ဆောင်သွားမှာဖြစ်ပါတယ်” ဟု အကယ်ဒမီ ရန်အောင်က အဆိုပါ အခမ်းအနားတွင်ပြောကြားသည်။ ယင်းဇာတ်ကားကြီးများကို နေချမ်းသာကုမ္ပဏီက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

# ဂျပန်နိုင်ငံခြားရေးဝန်ကြီး မြန်မာနိုင်ငံသို့ နှစ်ရက်ကြာလာရောက်မည်

**နေပြည်တော် ဧပြီ ၂၉**

ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Fumio Kishida ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မေ ၂ ရက်မှ ၃ ရက်အထိ မြန်မာနိုင်ငံသို့ နှစ်ရက်ကြာ လာရောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၏ ခရီးစဉ်တွင် နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့နှင့် သီးခြားစီ တွေ့ဆုံသွားမည်ဖြစ်သည်။

မြန်မာ-ဂျပန် နှစ်နိုင်ငံသည် ၁၉၅၄ ခုနှစ် နိုဝင်ဘာလတွင် သံတမန်ဆက်သွယ်မှု စတင်တည်ထောင်ခဲ့ရာ ၂၀၁၄ ခုနှစ်တွင် မြန်မာ-ဂျပန် သံတမန်ဆက်သွယ်မှု နှစ် ၆၀ ပြည့်ခဲ့စဉ် နှစ်နိုင်ငံစလုံး၌ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပခဲ့ကြသည်။ နှစ်နိုင်ငံ အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များအဖြစ် ဂျပန်နိုင်ငံဘက်မှ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးအပါအဝင် အရေးကြီးပုဂ္ဂိုလ်များသည် ၂၀၀၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံသို့ ခုနစ်ကြိမ်လာရောက်ခဲ့ပြီး မြန်မာနိုင်ငံဘက်မှ နိုင်ငံတော်သမ္မတအပါအဝင် အရေးကြီးပုဂ္ဂိုလ်များသည်လည်း ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ၁၃ ကြိမ် သွားရောက်ခဲ့ကြသည်။

မြန်မာ-ဂျပန် နှစ်နိုင်ငံကုန်သွယ်မှုမှာလည်း မြန်မာဘက်မှ အဝတ်အထည်နှင့် ရေထွက်ကုန်များ တင်ပို့သကဲ့သို့ ဂျပန်နိုင်ငံဘက်မှလည်း မော်တော်ယာဉ်နှင့် စက်ပစ္စည်းများ အများဆုံး တင်သွင်းလျက်ရှိသည်။

ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးသည် ၁၉၈၈ ခုနှစ်မှ ၂၀၁၃ခုနှစ်အထိ အမေရိကန်ဒေါ်လာ ၂၇၀ မီလီယံရှိပြီး နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ဂျပန်နိုင်ငံမှ ၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း ငွေကြေးအကူအညီ ဂျပန်ယန်း ၂၇ ဒသမ ၇ ဘီလီယံနှင့် ဂျပန်ယန်း ၃ ဒသမ ၇ ဘီလီယံတန်ဖိုးရှိ နည်းပညာပူးပေါင်းဆောင်ရွက်မှုနှင့် ကူညီထောက်ပံ့ပေးအပ်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရေရှားပါးမှု မရှိစေရေးဆောင်ရွက်

**တောင်ကုတ် ဧပြီ ၂၉**

တောင်ကုတ်မြို့နယ် ကျောက်ဆိပ်တောင်ကျေးရွာအုပ်စုရှိ ရွှေပြည်သာ၊ ကျောင်းပြင်၊ ကျောက်ဆိပ်တောင်၊ မုန်စီတောင်ရွာများသို့ သွားရောက်၍ နွေရာသီရေရှားပါးပြတ်လပ်မှုအား ဖြေရှင်းနိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမိုးဦး၊ ကျေးလက်ဦးစီးမှူး ဒေါ်တင်တင်ကြည်နှင့် ဝန်ထမ်းများ ဧပြီ ၂၇ ရက်က ကွင်းဆင်း၍ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ကျေးရွာအထောက်အကူပြု ကော်မတီများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဆောင်ရွက်ရန် ညှိနှိုင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# လေပွေလှိုင်းများအရှိန်ကြောင့် နေ့အပူချိန်မြင့်တက်၍ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၂၉**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲ မိုးလေဝသတိုင်းထွာချက်များ အရ အရှေ့ဘက်နှင့် အနောက်ဘက်တို့မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်နှင့် နေ့အပူချိန်များမြင့်တက်၍ လေထုမငြိမ်သက်မှုများကြောင့် မွန်းလွဲပိုင်းနှင့် ညနေပိုင်းတို့တွင် ဧပြီ ၃၀ ရက်မှ မေ ၂ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား၊ မေ ၃ ရက်မှ ၅ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ကြောင်း၊ အဆိုပါမိုးလေဝသဖြစ်စဉ်များကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ခြင်း စသည့်အခြေအနေများ ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

သို့ဖြစ်၍ ပြည်သူလူထုအနေဖြင့် ဖော်ပြပါမိုးလေဝသဖြစ်စဉ်များကို အထူးဂရုပြုနေထိုင်သင့်ပါကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

**(မြန်မာ့အလင်း)**

# မြန်မာ့ရုပ်မြင်သံကြား

## News Channel

**၃၀-၄-၂၀၁၆(စနေနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး ပရိတ်တရားတော်
- ၇း၃၅ - Hyper Sport
- ၈း၃၅ - The Farmer
- ၉း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၀း၃၅ - ပြည်ထောင်စုရာထူးဝင် အဖွဲ့၏ ရက်ပေါင်းတစ်ရာ စီမံချက်
- ၁၁း၃၅ - ချစ်စရာ့အရွယ် ကစားကြမယ်
- ၁၃း၀၀ - နိုင်ငံခြားဇာတ်လမ်းတွဲ မင်္ဂလာပါဂင်ချီ (အပိုင်း- ၁၀)
- ၁၃း၄၅ - ထာဝရမိတ်ဆွေဖြစ်ပါစေ
- ၁၄း၃၅ - ရိုးရာပိုးကမ္မာဆင်ယင်ကွယ် ဂီတညီအစ်မ သီဆိုမယ်

**ညပိုင်း**

- ၁၆ း ၃၅ - အလုပ်အကိုင် အခွင့်အလမ်း အစီအစဉ်
- ၁၇း၃၅ - ကဗျာရိပ်မြုံ မျက်လှည့်ဝိုင်း
- ၁၇း၄၅ - စက်ရုပ်များရဲ့ကမ္ဘာ ရွှေရောင်အပိုင်းအဖြစ်
- ၁၈း၂၀ - Graphic Info(Stock Exchange)(အခန်း-၃)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁း၀၀ - ပြည်တွင်းသတင်း
- - လပတ်မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်
- - ဂီတတံခါးလေးဖွင့်ပါဦး
- - နေမဝင်အလှများ (ဒေါ်အေးအေးသင်းနှင့် တွေ့ဆုံခြင်း) (အပိုင်း-၄)

**မှတ်ချက် ။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**



# ၁၉၅၉ ခုနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ကျူးဘားသို့ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး သွားရောက်လည်ပတ်

**လန်ဒန် ဧပြီ ၂၉**

ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဖီးလစ်ဟာမွန်းသည် ရာစုနှစ်တစ်ဝက်ကျော်နီးပါးအကြာတွင် ကျူးဘားသို့ ဧပြီ ၂၈ ရက်က သွားရောက်လည်ပတ်ခဲ့သည့် ဗြိတိန်နိုင်ငံ၏ ပထမဆုံး နိုင်ငံခြားရေးဝန်ကြီးဖြစ်သည်ဟု ဗြိတိန်နိုင်ငံခြားရေးနှင့် ဓန သဟာယရုံးက ပြောခဲ့သည်။

လက်တင်အမေရိကသို့ သွားရောက်လည်ပတ်နေသော ဟာမွန်းသည် ကျူးဘား၏ လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ ပြောင်းလဲမှုများကို ဆွေးနွေးရန် ကျူးဘားနိုင်ငံခြားရေးဝန်ကြီး ဘရူနိုရိုဒီဂတ်နှင့်အတူ အခြားသော ကျူးဘားခေါင်းဆောင်များနှင့်လည်း တွေ့ဆုံလိမ့်မည်ဟု ဗြိတိန်နိုင်ငံခြားရေးနှင့် ဓနသဟာယရုံးက ပြောခဲ့သည်။

သွားရောက် လည်ပတ်စဉ်တွင် ဟာမွန်းအနေဖြင့် ပညာရေး၊ ယဉ်ကျေးမှု၊ စွမ်းအင်နှင့်ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုများတွင် ဗြိတိန်နှင့်ကျူးဘား ပူးပေါင်းဆောင်ရွက်မှုအတွက် အခြေခံအုတ်မြစ်ချရန်နှင့် ဗြိတိန်အပေါ်တွင်ရှိနေသော ကျူးဘား ၏ အကြွေးကို ပြန်လည်ဖွဲ့စည်းရာတွင် နှစ်နိုင်ငံသဘောတူညီမှုကို လက်မှတ်ရေးထိုးရန် မျှော်လင့်လျက်ရှိသည်။

ဗြိတိန်နှင့်ကျူးဘားသည် အစိုးရဖွဲ့စည်းပုံနှင့် ကမ္ဘာ့နိုင်ငံရေးအပေါ် ရှုမြင်သုံးသပ်မှု မတူညီသော်လည်း ကျူးဘားအစိုးရ၏ အောင်မြင်မှုကို စောင့်မျှော်လျက်ရှိပြီး အတ္တလန္တိတ်ကိုဖြတ်ကျော်၍ ဆက်သွယ်မှုအသစ်ကိုရရှိရန် ဗြိတိန်အနေဖြင့် ဆန္ဒပြင်းပြလျက်ရှိကြောင်းလည်း ဟာမွန်းက ပြောခဲ့သည်။

၁၉၅၉ခု ကျူးဘားတော်လှန်ရေးမတိုင်မီကတည်းက ကျူးဘားသို့ ပထမဆုံးအကြိမ်အဖြစ် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး သွားရောက်လည်ပတ်မှုသည် လက်ရှိရင်ဆိုင်နေရသော စိန်ခေါ်မှုများနှင့် နောင်အနာဂတ်အတွက် ကျူးဘား၏ထင်မြင်ယူဆမှုတို့ကို ကြားသိရမည့်အခွင့်အရေးဖြစ်သည်ဟုလည်း ပြောခဲ့သည်။

နှစ်ပေါင်း ၉၀ အတွင်း ပထမဆုံးအကြိမ်ကျူးဘားသို့ သွားရောက်လည်ပတ်သူမှာ အမေရိကန်သမ္မတဘားရက်အိုဘားမားဖြစ်ပြီး ယခုတစ်လကြာပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ဟာမွန်းသွားရောက်လည်ပတ်ခြင်းဖြစ်သည်။

**(ဆင်ဟွာ)**



ဧပြီ ၂၈ ရက်က ကျူးဘားနိုင်ငံ ဟာဗားနားရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ မီဒီယာများကို ရှင်းလင်းပြောကြားနေသော ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဖီးလစ်ဟာမွန်းကို တွေ့ရစဉ်

# ရုရှားကိုဟန့်တားရာတွင် နေတိုးတပ်ဖွဲ့နှင့် ဂျာမနီပူးပေါင်းရန်ဆန္ဒရှိ



**ဘာလင် ဧပြီ ၂၉**

မဟာမိတ်တပ်များ၏ အရှေ့ပိုင်းနယ်စပ်၌ ရုရှားကိုဟန့်တားနေသည့် နေတိုးတပ်ဖွဲ့များနှင့် ဂျာမနီက ပိုမိုပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း ဂျာမနီ အွန်လိုင်းသတင်းဌာနတစ်ခုဖြစ်သော စပီးဂဲလ်က ကြာသပတေးနေ့တွင် ထုတ်ပြန်ခဲ့သည်။

ဇူလိုင်လတွင် ဝါဆော၌ နေတိုးအစည်းအဝေး ကျင်းပမည်ဖြစ်ရာ ဂျာမနီတပ်ဖွဲ့ဝင်များကို လစ်သူးယေးနီးယားသို့ ပို့ဆောင်သွားမည်ဖြစ်ကြောင်း၊ လက်ရှိနေတိုးတပ်ဖွဲ့ကို အင်အားဖြည့်တင်းမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

နေတိုးအဖွဲ့တွင် ပါဝင်ရေးကို အစည်းအဝေး၌ ဂျာမနီဘက်က ကမ်းလှမ်းမည်ဖြစ်ကြောင်း ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်က ကြေညာသည်။

ဟန်နိုဗာ၌ ဗြိတိန်၊ ပြင်သစ် အီတလီခေါင်းဆောင်များနှင့် အမေရိကန်သမ္မတ ဘားရက်အိုဘားမားတို့ အစည်းအဝေး ကျင်းပနေစဉ်အတွင်း တံခါးပိတ်ဆွေးနွေးမှု နောက်ကွယ်တွင် မာကယ်သည် နေတိုးတပ်ဖွဲ့အတွက် အမျိုးသား ကာကွယ်ရေးတပ်မတော်မှ ကူညီထောက်ပံ့မှုများ ပြုလုပ်လိုကြောင်း သဘောတူညီခဲ့သည်ဟု သိရသည်။

ဟန်နိုဗာ အစည်းအဝေးကို အိုဘားမားကဦးဆောင်ပြီး ဂျာမနီနှင့် ဗြိတိန်နိုင်ငံတို့မှ စစ်ရေးအရ အကူအညီ အထောက်အပံ့များပေးရေးကို အဓိကဆွေးနွေးခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

ရိုမေးနီးယား၊ ပိုလန်နှင့်ဘောလ်တစ်နိုင်ငံများရှိ မဟာမိတ်တပ်များအတွက် စစ်ဆင်ရေးအသစ်များကို နေတိုးအစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတိုင်းမှ တပ်ဖွဲ့ဝင်ပေါင်း ၁၀၀၀ ခန့် ပါဝင်သည့် တပ်ရင်းတစ်ခုပို့ဆောင်ပေးရဖွယ်ရှိကြောင်း ခန့်မှန်းရသည်။

**(ဆင်ဟွာ)**

# ဗြိတိန်စီးပွားရေးလုပ်ငန်းရှင်အများစု အီးယူမှ ထွက်ခွာရေးငြင်းဆို

**လန်ဒန် ဧပြီ ၂၉**

အီးယူတွင် ဗြိတိန်ဆက်လက်ရှိနေစေခြင်းကသာ အင်္ဂလန်အတွက် အကောင်းဆုံးဖြစ်ကြောင်း ဗြိတိန် ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းရှင် စုစုပေါင်း ၇၀ ရာခိုင်နှုန်းက ယုံကြည်ကြကြောင်း ကြာသပတေးနေ့က ထုတ်ပြန်သော စစ်တမ်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဒစ်ဂျစ်တယ်နည်းပညာပိုင်းဆိုင်ရာ အကြံဉာဏ်ပေးရေးအဖွဲ့က ယူကေရှိ နည်းပညာကုမ္ပဏီများကို စစ်တမ်းကောက်ယူမှုအရ ဒစ်ဂျစ်တယ်နည်းပညာပိုင်းဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များသည် ယူကေစီးပွားရေးဈေးကွက်ထက် ပို၍ကြီးမားသော အီးယူဈေးကွက်၌ရှိနေခြင်းက ပို၍အခွင့်အလမ်းသာကြောင်း သိရှိကြသည်။

ထို့အပြင် အရည်အချင်းပြည့်ဝပြီး သင့်လျော်သောဝန်ထမ်းအဖွဲ့အစည်းသစ်များ၏ စွမ်းဆောင်နိုင်မှုကလည်း အရေးပါသောအချက်တစ်ချက်ဖြစ်သည်။ ဗြိတိန်စီးပွားရေး လုပ်ငန်းရှင်များအတွက် အီးယူနိုင်ငံသားများ ခန့်ထားရေးတွင် လွတ်လပ်စွာနေထိုင်ခွင့်နှင့် အလုပ်လုပ်ကိုင်နိုင်ခွင့်ကို အီးယူလုပ်ငန်းရှင်များက ခွင့်ပြုထားသည်။

နည်းပညာ စီးပွားရေးလုပ်ငန်းရှင်များအတွက် အီးယူ၌ ဆက်လက် ရှိနေချင်သည့် အခြားအချက်မှာ အီးယူအပြင်ဘက်တွင်ရှိနေလျှင် ဗြိတိန် အဖို့ နိုင်ငံတကာနည်းပညာကုမ္ပဏီများအတွက် ဆွဲဆောင်မှုလျော့နည်းသွားလိမ့်မည်ဟု ယူဆသောကြောင့်ဖြစ်သည်။ အီးယူတွင် ဆက်ရှိနေမည်လား သို့မဟုတ် ၄၃ နှစ်ကြာ အီးယူအဖွဲ့ဝင်အဖြစ်ကို အဆုံးသတ်မည်လားဆိုသည်ကို လာမည့် ဇွန် ၂၃ ရက်တွင် ဗြိတိန်မဲပေးသူများက ဆုံးဖြတ်ကြမည်ဖြစ်သည်။

**(ဆင်ဟွာ)**

# တောင်ကိုရီးယား၏ ဒုံးကျည်ဖျက်စနစ်သစ်တပ်ဆင်မှုမပြုရန် တရုတ်နှင့်ရုရှား အမေရိကန်ကို တိုက်တွန်း

**ပေကျင်း ဧပြီ ၂၉**

မြောက်ကိုရီးယား၏ ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုများကြောင့် နျူကလီးယားလက်နက်များအရေး အမေရိကန်နှင့်တောင်ကိုရီးယားတို့ ဆွေးနွေးပြီးနောက် တောင်ကိုရီးယားတွင် ဒုံးကျည်ဖျက်စနစ်သစ်ကိုတပ်ဆင်ခြင်းမပြုစေရန် သောကြာနေ့တွင် တရုတ်နှင့်ရုရှားက အမေရိကန်ကို တိုက်တွန်းပြောကြားခဲ့သည်။

ဇန်နဝါရီ ၆ ရက်က မြောက်ကိုရီးယား၏ လေးကြိမ်မြောက် နျူကလီးယားဗုံးစမ်းသပ် မှုနှင့် ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုပြုလုပ်ပြီး နောက်ဖြစ်နိုင်ခြေရှိသည့် ပင်လယ်ပြင်ဧရိယာ ကာကွယ်ရေးအဆင့်မြင့်စနစ် (THAAD) ကို ဖြန့်ကြက်ထားရန် အမေရိကန်နှင့် တောင်ကိုရီးယားတို့က စတင်ဆွေးနွေးခဲ့ကြသည်။

တရုတ်နှင့်ရုရှား ကျောထောက်နောက်ခံပြုပေးထားသော မြောက်ကိုရီးယား၏ နျူကလီးယားစမ်းသပ်မှုများပြုလုပ်နေမှုသည် ကုလသမဂ္ဂ ၏ စည်းမျဉ်းဆုံးဖြတ်ချက်များကို ချိုးဖောက်နေခြင်းဖြစ်သည်။ ကြာသပတေးနေ့က ပြုလုပ်ခဲ့သော မြောက်ကိုရီးယား၏ ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုနှစ်ခုလုံး အောင်မြင်မှုမရှိကြောင်း အမေရိကန်စစ်ဘက်ဌာနဆိုင်ရာများက ပြောသည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီးနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးတို့ပြုလုပ်သော ပူးတွဲသတင်းစာရှင်းလင်းပွဲ၌ အမေရိကန်ဘက်က ဒုံးကျည်စနစ်အပေါ် တရုတ်နှင့်ရုရှားတို့ တရားဝင်ပါဝင်ပတ်သက်မှုကို အလေးထားသင့်ကြောင်း ၎င်းတို့က ပြောခဲ့သည်။

**(ရိုက်တာ)**

# ကိုရီးယားလူမျိုး အမေရိကန်တစ်ဦးကို အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၁၀နှစ် မြောက်ကိုရီးယားချမှတ်

**ပြုံယမ်း ဧပြီ ၂၉**

သူလျှိုမှုဖြင့် ပြီးခဲ့သော အောက်တိုဘာလကတည်းက ဖမ်းဆီးထားသော ကိုရီးယားလူမျိုး အမေရိကန်တစ်ဦးကို သောကြာနေ့က မြောက်ကိုရီးယား အမြင့်ဆုံးတရားရုံးမှ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ်ချမှတ်လိုက်ကြောင်း ကျိုဒိုသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အမေရိကန်နှင့် တောင်ကိုရီးယားနှစ်နိုင်ငံ၏ညွှန်ကြားမှုဖြင့် ကင်ဒုံချူးသည် နိုင်ငံရေးနှင့် စစ်ရေးလျှို့ဝှက်ချက်များကို စုဆောင်းထားပြီး မြောက်ကိုရီးယား ဆန့်ကျင်သည့် မှုဝါဒများ ချမှတ်လှုံ့ဆော်ခဲ့သည်ဟု တရားရုံးက ဆုံးဖြတ်သည်။ မတ်လနှောင်းပိုင်းက မြောက်ကိုရီးယားတွင် သတင်းစာရှင်းလင်းပွဲတစ်ခု ကျင်းပစဉ်အတွင်း အမေရိကန်နိုင်ငံသား



ခံယူထားသော အသက် ၆၂ နှစ်အရွယ် အဆိုပါပုဂ္ဂိုလ်သည် မြောက်ကိုရီးယား၏ ထိပ်တန်းသတင်းအချက်အလက်များ၊ နိုင်ငံ၏စစ်ရေးလူနေမှုဆိုင်ရာ အခြေအနေများကို တောင်ကိုရီးယားနိုင်ငံသားများ၏ တောင်းဆိုမှုအရ ရှာဖွေစုဆောင်းရခြင်းဖြစ်ကြောင်း ၎င်း၏ အမှားအတွက် တောင်းပန်ခဲ့သည်။

အဆိုပါအချက်အလက်များကို အစိုးရရုံးဌာနများအပါအဝင် သတင်းစာဆရာများက တောင်းဆိုကြခြင်းဖြစ်ပြီး ယင်းအတွက် ငွေကြေးမြောက်မြားစွာရရှိခဲ့ကြောင်း သိရသည်။

**(ကျိုဒို)**

# အိုင်အက်စ်အစွန်းရောက်ဝါဒ ဖိလစ်ပိုင်သို့ပျံ့နှံ့ကြီးထွားလာ ဒေသတွင်းနှင့် ကမ္ဘာ့နိုင်ငံများ၏လုံခြုံရေးအား ခြိမ်းခြောက်လျက်ရှိ

**တင်လင်းအောင်**

“ဒီနေရာမှာ ကျွန်တော်နှစ်ပေါင်း ၅၀ ကျော်ကြာအောင် နေထိုင်ခဲ့တယ်။ ကျွန်တော်တို့ကြောက်တာပေါ့။ ဒါပေမယ့် ကျွန်တော်တို့ဘယ်ကိုမှ ထွက်သွားမှာ မဟုတ်ပါဘူး”ဟု ပြောလာသူကတော့ လွန်ခဲ့သော နှစ်နှစ်ကျော်ကာလ လုံခြုံရေး တပ်ဖွဲ့များနှင့် ရက်ပေါင်း ၂၀ ကျော်ကြာ တိုက်ပွဲများဖြစ်ပြီးနောက် ဖိလစ်ပိုင် တောင်ပိုင်းမြို့ဖြစ်သော ဇာမ်ပွန်ဂါကို အိုင်အက်စ်စစ်သွေးကြွများ ဝင်ရောက် ကျူးကျော်တိုက်ခိုက်မှု ပြုလုပ်သွားသည့်နေရာတွင် နေထိုင်သူ မူဆာမူဟာမက် ဖြစ်ပါသည်။

၎င်း၏ပျက်စီးနေသော အိမ်ဟောင်းလေးကို ထိုနေရာတွင် တွေ့မြင်ရမည် ဖြစ်သည်။ ထိုအချိန်မှစ၍ ၎င်း၏မိသားစုသည် ယင်းနေရာရှိ ဘောလုံးကွင်း ထဲတွင် နေထိုင်လျက်ရှိသည်။ ၎င်းတို့သည် အခြားနေရာရှိ အသစ်တည်ဆောက် ထားသော အိုးအိမ်သစ်များသို့ပြောင်းရွှေ့ရန် စိတ်မပါဘဲ နေရာဟောင်းလေးအား ချစ်ခင်မြတ်နိုးစွာဖြင့် နေထိုင်လျက်ရှိသည်။

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းဒေသ မင်ဒါနာအိုတွင် နေထိုင်သည့် မိုရိုး (မိုးစ်) ဟုခေါ်သော အစ္စလာမ်ဘာသာဝင်များသည် ခေါင်းမာမှုတွင် နာမည်ကြီးကြသူများ ဖြစ်သည်။ ၎င်းတို့၏လွတ်လပ်ရေးအတွက် ရာစုနှစ်ပေါင်းများစွာ စပိန်၊ အမေရိကန် နှင့် ဂျပန်များကို တိုက်ခိုက်ခဲ့ကြသည်။ ယနေ့အချိန်တွင်လည်း ၎င်းတို့သည် ဖိလစ်ပိုင်အစိုးရကို တိုက်ခိုက်လျက်ရှိသည်။

ယင်းဒေသတွင် လွန်ခဲ့သောနှစ် ၄၀ က ဆူပူအုံကြွမှုဖြစ်ပေါ်ချိန်တွင် လူပေါင်း ၁၂၀၀၀၀ သေဆုံးခဲ့ပြီး သန်းနှင့်ချီသောလူများ နေရပ်စွန့်ခွာထွက် ပြေးခဲ့ကြရသည်။ (မင်ဒါနာအိုပြည်နယ်ရှိ နေရာဒေသများတွင် နေထိုင်ကြ သော ခွဲထွက်ကွန်မြူနစ် သောင်းကျန်းသူများကို တိုက်ခိုက်ရေးသမား ၃၂၀၀နှင့် ဖွဲ့စည်းထားသော ပြည်သူ့ တပ်မတော်သစ်အဖွဲ့က တိုက်ပွဲများ ဆင်နွှဲတိုက်ခိုက်လျက်ရှိကြောင်း သိရသည်။)

မူဆာကဲ့သို့သော အခြားမိုရိုးများမှာလည်း ဗဟိုအစိုးရ၏အဖိနှိပ်ခံ ဘဝများ မဟုတ်ကြသော်လည်း ၎င်းတို့အချင်းချင်းကြား ပဋိပက္ခများက သေကျေပျက်စီး မှုများကို ဖြစ်ပေါ်စေသည်။ သူပုန်ဂိုဏ်းကွဲအုပ်စုတစ်စု (မိုရိုးအမျိုးသား လွတ်မြောက်ရေးတပ်ဦး)က အခြားသူပုန်အုပ်စုတစ်စု (မိုရိုး အစ္စလာမ့်စ် လွတ်မြောက်ရေးတပ်ဦး)နှင့်ပြုလုပ်နေသော မနီလာနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုကို မကျေနပ်ကြောင်းစတင်ရာမှ မူဆာကဲ့သို့ အခြားလူများ၏ အိုးအိမ်များကို ပျက်စီးစေခဲ့သည့် အကြောင်းတရားများဖြစ်ပေါ်စေခဲ့သည်။

ဇာမ်ပွန်ဂါတွင်ဖြစ်ပွားနေသော တိုက်ပွဲများ ပေါ်ပေါက်လာခြင်းဖြစ် သည်။ တစ်နည်းဆိုရသော် ဒေသတွင်း ဂိုဏ်းဂဏကွဲများ၏ စည်းလုံးညီညွတ်မှုပျက်ပြားပြီး တစ်ဖက်နှင့် တစ်ဖက်အမြင်မကြည်လင်ရာမှ တိုက်ပွဲများဖြစ်ပေါ်လာကာ မူဆာကဲ့သို့ အိုးအိမ်မဲ့ဘဝများ ရောက်ကြရခြင်းဖြစ်သည်။ ယင်းမြို့၏ဒေသ အများအပြားတွင် သူပုန်တပ်ဖွဲ့များ၏ကြီးစိုးမှုကို အဆုံးသတ်ရန် တိုက်ပွဲများ ဆင်နွှဲရာ သောင်းကျန်းသူ သူပုန်ဘက်မှ ၅၁ ဦးသေဆုံးပြီး ပြည်သူ ၇၀၀၀၀ အိုးအိမ်များကို စွန့်ခွာထွက်ပြေးကြရသည်။ မတူညီသည့် အုပ်စုများကြား တိုက်ပွဲများ ခဏခဏဖြစ်ပွားလျက်ရှိသည်။ ဤသည်ပင်လျှင် အကြမ်းဖက်တိုက်ခိုက်မှုများ အမြစ်တွယ်ပေါက်ပွားလာသည့် အကြောင်းတရားများဖြစ်သည်။

မိုရိုးအဖွဲ့အများစုက အီရတ်ရှိ အိုင်အက်စ်အကြမ်းဖက်အုပ်စုသစ္စာခံရန် တောင်းဆိုကြပြီး အကြမ်းဖက်တိုက်ခိုက်မှုများကို အိုင်အက်စ်စစ်သွေးကြွ နာမည်နှင့် လုပ်ဆောင်နေကြသည်။

ဤနည်းဖြင့် အိုင်အက်စ်အစွန်းရောက်ဝါဒသည် အရှေ့တောင်အာရှ နိုင်ငံ ဖြစ်သော ဖိလစ်ပိုင်တောင်ပိုင်းဒေသ မင်ဒါနာအိုသို့ ပျံ့နှံ့ကြီးထွားလာကာ ဒေသတွင်း နှင့် ကမ္ဘာ့နိုင်ငံများ၏လုံခြုံရေးအား ခြိမ်းခြောက်လျက်ရှိသည်။

အိုင်အက်စ်သစ္စာတော်ခံ အုပ်စုများမှ အစ်နီလွန်ဟက်ပီလွန်ဦးဆောင်သည့် အဘူဆေယက်စစ်သွေးကြွအုပ်စု (ယခုအချိန်တွင် ရှိတ်မူဂျာဟစ် အဘူအဗ္ဗဒူလာ အယ်ဖိလစ်ပီနီပုံစံနှင့် အကြမ်းဖက်တိုက်ခိုက်မှုများကို လုပ်ဆောင်နေသူ) ကို ဖိလစ်ပိုင်နိုင်ငံ၏ အိုင်အက်စ်ခေါင်းဆောင်အဖြစ် တင်မြှောက်ထားကြသည်။ ယခုလက်ရှိတွင် ဖိလစ်ပိုင်တပ်မတော်က ဘက်စီလန်ကျွန်း တောတွင်းတစ်နေရာတွင် ခြေကုပ်ယူထားသော ၎င်းအကြမ်းဖက်သောင်းကျန်းသူများကို နှိမ်နင်းတိုက်ခိုက် လျက်ရှိရာ နှစ်ပေါင်းများစွာအတွင်း ဖိလစ်ပိုင်တပ်မတော်၏ သွေးထွက်သံယို အများဆုံးနေ့များထဲမှ တစ်နေ့မှာ စစ်သား ၁၈ ဦး သေဆုံးခဲ့ပြီး ၅၀ ဒဏ်ရာရခဲ့သည့် ဧပြီလ ၉ ရက် နေ့ဖြစ်သည်။

သိပ်မကြာသေးမီကာလအတွင်းက အဘူဆေယက် အိုင်အက်စ်အကြမ်းဖက် သောင်းကျန်းသူက ဓားစာခံ ဖိလစ်ပိုင်လူမျိုးနှစ်ဦးကို ခေါင်းဖြတ်သတ်ခဲ့သည်။ (အိုင်အက်စ်ဖမ်းဆီးခံ ဓားစာခံများအဖွဲ့တွင် အင်ဒိုနီးရှားနိုင်ငံသား ၁၀ဦး၊ ကနေဒါလူမျိုး နှစ်ဦးနှင့် နော်ဝေတစ်ဦးတို့ပါဝင်ကြောင်း သိရသည်။) အဘူဆေယက်အနေဖြင့် နောက်နှစ်တွင် ကယ်လီဖိတ် (အစ္စလာမ်)နိုင်ငံထူ ထောင်မည်ဟု ကြေညာလာဖွယ် ရှိကြောင်း နိုင်ငံတကာအကြမ်းဖက်လေ့လာရေး ကျွမ်းကျင်ပညာရှင် ရိုဟန်ဂူနာ ရတ်ထ်နာက စင်ကာပူရှိ အက်စ်ရာဂျာရက်တ် နန်လုံခြုံရေးဆိုင်ရာလေ့လာမှုကျောင်း တွင် ပြောခဲ့သည်။ ထို့အပြင် ယင်းကိစ္စကို အိုင်အက်စ်အကြမ်းဖက်သမားများက တစ်ကြိမ်လောက်လုပ်ပြီးတာနဲ့ နောက်ထပ် ၎င်းတို့ကို နှိမ်နင်းဖို့လွယ်ကူမှာမဟုတ် ကြောင်း ၎င်းကထပ်လောင်း ပြောကြားခဲ့သည်။

ထို့အပြင် ဖိလစ်ပိုင်အစ္စလာမ့်စစ်သွေးကြွများက ကနေဒါလူမျိုးများကို ဖမ်းဆီး ပြီး ခေါင်းဖြတ်သတ်ခဲ့သည့်အတွက် ကနေဒါဝန်ကြီးချုပ်က ၎င်းစစ်သွေးကြွများကို သွေးအေးလူသတ်သမားများအဖြစ် ပြစ်တင်ရှုတ်ချခဲ့သည်။

အိုင်အက်စ်အကြမ်းဖက်သမားများ၏လုပ်ရပ်မှာ ရက်စက်ကြမ်းကြုတ်ပြီး သွေးအေးလူသတ်သမားပုံစံဖြစ်နေသောကြောင့် အလွန်ကြောက်စရာကောင်းသည်။ ကနေဒါအစိုးရအနေဖြင့် ယင်းကဲ့သို့ပြုလုပ်သွားသူ အိုင်အက်စ်အကြမ်းဖက် သမားများကို ဖမ်းဆီးနိုင်ရေးအတွက် နိုင်ငံတကာမှ လုပ်ဖော် ကိုင်ဖက်များနှင့်သာမက ဖိလစ်ပိုင်အစိုးရနှင့်လည်း ပူးပေါင်းလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အရှေ့တောင်အာရှနိုင်ငံများမှ အရှေ့အလယ်ပိုင်းရှိ အိုင်အက်စ်အဖွဲ့နှင့် ပူးပေါင်းဆက်သွယ်သူများမှာ ၁၂၀၀ ထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။ ဖိလစ်ပိုင်တောင်ပိုင်းကို အခြေပြု၍ ဒေသတွင်းနှင့် အာရှတစ်ဝန်းအကြမ်းဖက် လုပ်ရပ်များပြုလုပ်လာမည်ကို ကျွမ်းကျင်ပညာရှင်များက စိုးရိမ်လျက်ရှိသည်။

ဇန်နဝါရီလ ဂျကာတာတိုက်ခိုက်မှုတွင် အပြစ်မဲ့ပြည်သူလေးဦး သေဆုံးခဲ့ရာ အဆိုပါဖြစ်ရပ်သည် နောင်လာမည့်ဖြစ်ရပ်များအတွက် နမူနာဖြစ်လာနိုင်သည်ဟု မဲဘုန်းဒဲ့ကင်တက္ကသိုလ် ကမ္ဘာလုံးဆိုင်ရာ အစ္စလာမ့်စ်နိုင်ငံရေးဥက္ကဋ္ဌ ဂရက်ဂ် ဘာတွန်က ပြောခဲ့သည်။

နောက်တစ်ချိန်တွင် ၎င်းတို့သည် လက်နက်ငယ်လေးများဖြင့် အချိန်မဖြုန်း တော့ဘဲ လက်နက်ကြီးများအသုံးပြုဖွယ်ရှိကြောင်း မဲလ်ဘုန်း ဒဲ့ကင်တက္ကသိုလ် ကမ္ဘာလုံးဆိုင်ရာ အစ္စလာမ့်စ်နိုင်ငံရေးဥက္ကဋ္ဌ ဂရက်ဂ်ဘာတွန်က ပြောကြားခဲ့သည်။

မတ်လ ၁ ရက်နေ့က ဆော်ဒီတရားဟောဘုန်းကြီး အစ်အယ်ကာနီးကို လုပ်ကြံ ရန်ကြိုးစားမှုတွင် အိုက်အက်စ်တို့၏လုပ်ရပ်များမှာ သည်းခံမှု နောက်ဆုံးအဆင့် ထိတိုင်အောင် ရောက်နေပြီဖြစ်ကြောင်း ဂူနာရတ်ထ်နာက ပြောခဲ့သည်။ မကြာသေးမီကဖြစ်ပေါ်ခဲ့သော မလေးရှားနှင့် အင်ဒိုနီးရှား ဆူပူအကြမ်းဖက်မှု များကိုကြည့်လျှင် ဒေသတွင်းတွင် အိုင်အက်စ်အကြမ်းဖက်သမားများက တိုက်ခိုက်မှုများကို ပြုလုပ်ရန်လိုလားကြောင်း ပြသရာရောက်သည်မှာ ထင်ရှား လှသည်။ နောက်လာမည့် အကြမ်းဖက်မှုများမှာ ယခုထက် ပိုမိုပြင်းထန်ရက်စက် နိုင်ကြောင်း ဂူနာရတ်ထ်နာက ထပ်မံသတိပေးခဲ့သည်။

မည်သို့ဆိုစေ အိုင်အက်စ်သစ္စာတော်ခံ အုပ်စုကြီးမှာ ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းတွင် ခြေကုပ်ယူပြီး အကြမ်းဖက်လုပ်ရပ်များကို ဒေသတွင်းသာမက အရှေ့တောင်အာရှနိုင်ငံများအထိပါ ပြုလုပ်လာနိုင်သောကြောင့် လုံခြုံရေးဆိုင်ရာ အစီအမံများနှင့် ၎င်းတို့ကိုတိုက်ခိုက်ရန်အတွက် မဟာဗျူဟာများ ချမှတ်ဆောင်ရွက် ရန် ဖိလစ်ပိုင်အစိုးရသာမက အရှေ့တောင်အာရှနိုင်ငံရှိ အစိုးရများကလည်း ကမ္ဘာ့ အင်အားကြီးနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သင့်ပါကြောင်း။ ။

**ကိုးကား-တိုင်းမ်**

**အရှေ့တောင်အာရှနိုင်ငံများမှ အရှေ့အလယ်ပိုင်းရှိ အိုင်အက်စ်အဖွဲ့နှင့် ပူးပေါင်းဆက်သွယ်သူများမှာ ၁၂၀၀ ထိ မြင့်တက်လာခဲ့ကြောင်းသိရသည်။ ဖိလစ်ပိုင်တောင်ပိုင်းကို အခြေပြု၍ ဒေသတွင်းနှင့်အာရှတစ်ဝန်းအကြမ်းဖက်လုပ်ရပ်များ ပြုလုပ်လာမည်ကို ကျွမ်းကျင်ပညာရှင်များက စိုးရိမ်လျက်ရှိသည် . . .**




# အမေရိကန်အမျိုးသမီးများကို စစ်မှုထမ်းရန် တပ်မတော်မှုကြမ်းတွင် စာရင်းသွင်းတော့မည်

**ဝါရှင်တန် ဧပြီ ၂၉**

အမေရိကန် အမျိုးသမီးများကိုလည်း လာမည့်နှစ်အတွင်း စစ်မှုထမ်းရန်အတွက် တပ်မတော်မှုကြမ်းတွင် စာရင်းသွင်းရန်လိုအပ်ကြောင်း အောက်လွှတ်တော်ကိုယ်စားလှယ်များကော်မတီက ပြောခဲ့ပြီး အထက်လွှတ်တော်အဓိကအဖွဲ့ဝင်များကလည်း ထောက်ခံခဲ့သည်။ ရွေးချယ်ထားသော တာဝန်များထမ်းဆောင်ရန်အတွက် အမျိုးသမီးများ၏ အသက်မှာ ၁၈ နှစ်မှ ၂၆ နှစ်အတွင်းဖြစ်ရန်လိုအပ်သည်။ ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာကလည်း ပြီးခဲ့သောနှစ်ကပင် အမျိုးသမီးများအတွက် တိုက်ခိုက်ရေး အခြေအနေအားလုံးကို လမ်းဖွင့်ပေးမည်ဖြစ်ကြောင်း ပြောခဲ့သည်။ ယခင်ရေတပ်မှ ရီပတ်ဘလစ်ကန်ကိုယ်စားလှယ်ဒူကန်ဟန့်တားက မူကြမ်းတွင် အမျိုးသမီးများပါဝင်မှုကို အလိုမရှိကြောင်း၊ အထူးစစ်ဆင်ရေးကိစ္စများနှင့် ခြေမြန်တပ်ရင်းဆောင်ရွက်မှုကိစ္စ များတွင် ၎င်းတို့၏ပါဝင်မှုကို လက်မခံနိုင်ကြောင်း ပြင်ဆင်ချက်ဆွေးနွေးပွဲတွင် ပြောခဲ့သည်။

လွှတ်တော်တွင် ယင်းမူကြမ်းနှင့်ပတ်သက်သည့် ထောက်ခံချက်အချို့ကို လက်ခံရရှိခဲ့သည်။ အထက်လွှတ်တော်၏ Armed Services Committee တွင်ပါဝင်သော ရီပတ်ဘလစ်ကန်နှင့် ဒီမိုကရက်တစ်မှ အမျိုးသမီးအဖွဲ့ဝင်နှစ်ဦးမှာ အမျိုးသမီးများအတွက် ယင်းမူကြမ်းကို ထောက်ခံခဲ့သည်။ ရီပတ်ဘလစ်ကန်အဖွဲ့ဝင် အမျိုးသမီးဖြစ်သူ ဂျိုနီအားနတ်သည် အမေရိကန်၏ ပထမဆုံးအမျိုးသမီးစစ်မှုထမ်းတစ်ဦးဖြစ်ပြီး ယခုလက်ရှိတွင် အထက်လွှတ်တော်၌ တာဝန်ထမ်းဆောင်လျက်ရှိသည်။ ကော်မတီဥက္ကဋ္ဌဖြစ်သူ ရီပတ်ဘလစ်ကန်လွှတ်တော်အမတ် ဂျွန်မတ်ကိန်းကလည်း အမျိုးသမီးများ ပါဝင်စစ်မှုထမ်းသည့်မူကြမ်းကို ထောက်ခံခဲ့သည်။

**(ရိုက်တာ)**

**စုရည်**

# မန္တလေးခုတင် ၅၅၀ ကလေးဆေးရုံကြီး၌ လေးမြွှာပူးကလေးငယ်များ ကုသမှုခံယူနေ

**မန္တလေး ဧပြီ ၂၉**

စစ်ကိုင်းမြို့ဆေးရုံ၌ ဧပြီ ၂၈ ရက်က ဓမ္မတာအတိုင်း မွေးဖွားခဲ့သည့် ယောကျ်ားလေး လေးမြွှာပူးကလေးငယ်များကို မန္တလေး ခုတင် ၅၅၀ ကလေး ဆေးရုံကြီး၌ ဆေးဝါးကုသမှုခံယူနေ ကြောင်း ခုတင် ၅၅၀ ကလေးဆေးရုံ အုပ်ကြီး ဒေါက်တာ သက်ဆွေက ပြောသည်။

စစ်ကိုင်းမြို့ ဇေယျာကွက်သစ် ရပ်ကွက်၌နေထိုင်ကြသည့် ကိုကျော်မင်းလတ်နှင့် မမြင့်မြင့်အေးတို့က မွေးဖွားခဲ့ခြင်းဖြစ်ပြီး ကလေးငယ်များ၏ ကျန်းမာရေးအတွက် မန္တလေးသို့ပို့ဆောင်ထားပြီး မိခင်မှာအသက် ၂၉ နှစ်အရွယ်သာရှိကာ စစ်ကိုင်းဆေးရုံကြီးတွင် ဆေးကုသမှု ဆက်လက်ခံယူလျက်ရှိသည်။ "များသောအားဖြင့် နှစ်မြွှာပူးတွေနဲ့ သုံးမြွှာပူးတွေသာ အမွေးများပါတယ်။ အခုလို လေးမြွှာပူးက အတော်လေးရှားတယ်။ အခုမွေးဖွားတဲ့ လေးမြွှာပူးကတော့ အသက်ရှင်လျက် သဘာဝအတိုင်း မွေးတာကြောင့် မိခင်က အင်အားနည်းသွားလို့ စစ်ကိုင်းဆေးရုံမှာပဲ ရှိသေးတယ်။ ကလေးတွေကို အထူးစောင့်ကြပ် ကုသပေးနေပါတယ်" ဟု မန္တလေးခုတင် ၅၅၀ ဆေးရုံအုပ်ကြီးက ပြောသည်။

အဆိုပါ လေးမြွှာပူးကလေးငယ်များမှ ပထမမွေးဖွားသည့် ကလေးငယ်မှာ ၁ ဒသမ ၂ ကီလိုဂရမ်၊ ဒုတိယမှာ ၁ ကီလိုဂရမ်၊ တတိယမှာ ၁ ကီလိုဂရမ်နှင့် စတုတ္ထကလေးငယ်မှာ ၁ ဒသမ ၃ ကီလိုဂရမ်အသီးသီးရှိကြပြီး ပထမနှင့် ဒုတိယကလေးငယ်များမှာ အခြေအနေဆိုးရွားမှု မရှိဘဲ တတိယကလေးမှာ အဆုတ်ထဲသို့ လေအမြဲတမ်းဝင်နေစေရန်အတွက် ပြုလုပ်ပေးထားရပြီး စတုတ္ထကလေးငယ်မှာ အသက်ရှူစက်ဖြင့် ကူညီပေးနေရကြောင်း သိရသည်။

ကလေးမိဘဖြစ်သူသည် လက်သမားအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပြီး ယခုမွေးဖွားခြင်းမှာ ဒုတိယကိုယ်ဝန်ဆောင်မွေးဖွားခြင်းဖြစ်ကြောင်း၊ အမြွှာပူးမွေးဖွားခြင်းသည် ဖခင်ဘက်က မျိုးရိုးနှင့် ပို၍ သက်ဆိုင်မှုရှိကြောင်း သိရသည်။

"မိဘတွေက ကိုယ်ဝန်ရှိစဉ်မှာ ကိုယ်ဝန်အပ်ထားတာ၊ ultra sound ရိုက်တာတွေမရှိတော့ လေးမြွှာပူးဆိုတာ မသိကြဘူး။ မွေးတော့မှ သိကြတယ်။ ကိုယ်ဝန်အရွယ်အစားကလည်း ပုံမှန်ထက် ပိုပြီးကြီးမားတာပေါ့။ ဆေးပညာအရ အမြွှာပူးကလေးငယ်တွေမှာ အလေးချိန်မပြည့်တတ်ကြသလို လမစေ့ဘဲ မွေးတတ်ပါတယ်" ဟု ဆေးရုံအုပ်ကြီးက ပြောသည်။

ပုံမှန်မွေးဖွားကြသည့် မွေးကင်းစကလေးငယ်များတွင် ၂ ဒသမ ၅ ကီလိုဂရမ်အထက်ရှိ၍ ယင်းထက်နည်းသွားပါက ကိုယ်အလေးချိန်မပြည့်သည့်စာရင်းဝင်ပြီး ၁ ဒသမ ၅ ကီလိုဂရမ်ထက် လျော့နည်းပါက သတိထားရမည့် အခြေအနေဖြစ်ကာ ၁ ကီလိုဂရမ်ထက် နည်းခြင်းများလည်းရှိ၍ အသက်ရှင်သန်မှု ရာနှုန်းနည်းသည်ဟု ဆိုသည်။

၎င်းကလေးငယ်များအတွက် စစ်ကိုင်းမြို့ သုခကာရီလူမှုကူညီရေးအသင်းက မွေးဖွားစရိတ်အဖြစ် ငွေကျပ်တစ်သိန်းနှင့် နိုင်ငံကျော် ကလေးအဆိုတော် မေ့ချစ်သက်မိသားစုတို့က ကလေးတစ်ယောက်လျှင် ငွေကျပ်တစ်သောင်းနှုန်း ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**
**ဓာတ်ပုံ- အင်တာနက်**



# နွားကျောင်းသားများက ဓာတ်တိုင်ကြွေသီးများကို ပစ်ခတ်မှုကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်

**နေပြည်တော် ဧပြီ ၂၉**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့သို့ လျှပ်စစ်ဓာတ်အားပို့လွှတ်နေသည့် ကျောက်ဖြူ - ရမ်းဗြဲ ၆၆ ကေဗွီ ဓာတ်အားလိုင်းသည် ဧပြီ ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် ဓာတ်အားပြတ်တောက်မှုဖြစ်ပွားခဲ့သဖြင့် ဓာတ်အားလိုင်းအပြစ်အားရှာဖွေခဲ့ရာ တိုင်အမှတ် ၂၇၉ မှ တိုင်အမှတ် ၂၉၁ အထိ ဓာတ်တိုင် ၁၃ တိုင်ရှိ ကြွေသီး ၂၂ လုံးမှာ ကွဲအက်ပျက်စီးနေသဖြင့် ဓာတ်အားပြတ်တောက်သွားခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။

ကွဲသွားသော ကြွေသီးများကို ပြည်နယ် အမ်းဓာတ်အားလိုင်းအဖွဲ့ဝန်ထမ်းများဖြင့် ပြင်ဆင်ခဲ့ရာ ဧပြီ ၁၈ ရက် ည ၁၀ နာရီက ဓာတ်အားပြန်လည်ပို့လွှတ်နိုင်ခဲ့ပြီးဖြစ်သည်။

ကြွေသီးများကွဲရခြင်းအကြောင်းရင်းကိုစိစစ်ရာ ဒေသခံနွားကျောင်းသားများက လေးခွဖြင့် ပစ်ခတ်ခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ခြင်းဖြင့် မိမိအတွက်လည်းအကျိုးမရှိသည့်အပြင် အများပြည်သူ ဓာတ်အားပြတ်တောက်ခြင်း၊ နိုင်ငံတော်ပိုင်ပစ္စည်းပျက်စီးခြင်းတို့အတွက် တရားဥပဒေအရ အရေးယူခံရနိုင်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာရုံး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတို့က အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

## နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

**နေပြည်တော် ဧပြီ ၂၉**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ယနေ့မွန်းလွဲ ၂ နာရီ မိုးလေဝသ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၌ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး ၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်းတို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။
**(မြန်မာ့အလင်း)**

# ဧပြီ ၂၉ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၆ ခုနှစ် ဧပြီ ၂၉ ရက် (သောကြာနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၁၅၀၀ မှ ၄၃၅၀၀ |
| ၂။ | ဧရာ/ညော့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၅၀၀ မှ ၂၃၅၀၀ |
| ၃။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၈၀၀ မှ ၂၁၀၀၀ |
| ၄။ | သုခ(ဆန်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃၅၀၀ မှ ၂၄၀၀၀ |
| ၅။ | မတ်ပဲ FAQ/RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၇၀၁၀၀၀ |
| ၆။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ တောင်တွင်း၊ ပျော်ဘွယ်၊ မိတ္ထီလာ၊ အောင်လံ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၇၅ မှ ၆၅၀ |
| ၇။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၈၀၀ မှ ၄၀၀၀ |
| ၈။ | ကြက်သွန်ဖြူ | ရှမ်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၁၀၀ မှ ၂၇၀၀ |
| ၉။ | ငရုတ်(ရှည်) | ကျောက်ရဲ၊ ဒီမွန်၊ ရွှေလောင်း၊ ပန်းတနော်၊ အိမ်မဲ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၉၀၀ မှ ၃၂၅၀ |
| ၁၀။ | အာလူး | ဟဲဟိုး | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၀၀ မှ ၆၀၀ |
| ၁၁။ | သရက်သီး(စိန်တစ်လုံး) | | တစ်ဖာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၉၀၀၀ မှ ၁၅၀၀၀ |
| ၁၂။ | သရက်သီး(မချစ်စု) | | တစ်တောင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၂၁၀၀၀ မှ ၃၀၀၀၀ |
| ၁၃။ | ပိန္နဲသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၅၀၀၀ မှ ၁၃၀၀၀ |
| ၁၄။ | ဖရဲသီး | ၈၅၅ | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၂၈၀၀ မှ ၄၅၀၀ |
| ၁၅။ | | ၂၁၁ | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၁၀၀ မှ ၁၈၀၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အေဂျင်စီ (AMIA) မှ ပေးပို့သည်။


### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BB/1697 Toyota Corolla fielder, Station Wagon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြသန်း ၇/တငန(နိုင်)၀၀၆၆၅၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3F/6638 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)**

### ဖခင်၊ မိခင်အမည်မှန်

နောင်ချိုမြို့နယ်၊ ဘန့်ဘွေးကျေးရွာ အထက(ခွဲ)တက္ကသိုလ်ဝင်တန်း၌ ပညာသင်ကြားနေသူ မယဉ်ယဉ်ထွေး၏ ဖခင်အမည်မှန်မှာ ဦးကိုကိုဦး ၉/နထက (နိုင်)၀၃၂၁၂၁နှင့် မိခင်အမည်မှန်မှာ ဒေါ်နီလာဝင်း ၁၃/နခတ (နိုင်)၀၇၈၀၀၀ ဖြစ်ပါသည်။

**မီးသတိပြု**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်ဇေယျ၅လမ်း၊ အမှတ် ၃၈၊ သုံးခန်းတွဲ၊ ၃$\frac{1}{2}$ထပ် တိုက်အဆောက်အအုံ၏ နံပါတ် လေးလွှာ၊ အလယ်ခန်း(B-4)၊ အကျယ်ပေ(၁၁ပေ× ပေ ၅၀)ရှိ ရေမီးအပြည့်အစုံ တိုက်ခန်းတစ်ခန်းနှင့် ၎င်းတိုက်ခန်းနှင့်ဆက်စပ်သော အကျိုးခံစားခွင့်များအားလုံးကို လက်ရှိတရားဝင်ပိုင်ဆိုင်ကြသူများဟု ဝန်ခံကတိပြုပြောဆိုသူ ဒေါ်ခတီစာဘာနူး TGKN-၀၁၉၆၇၈ နှင့် ဒေါ်အာရှာဘီ ၁၂/သဃက(နိုင်) ၁၅၀၄၀၇တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ၎င်းအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ၆-၅-၂၀၁၆ ရက် နောက်ဆုံးထား၍ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်လှလှမြင့် ၁၂/လသန(နိုင်)၀၁၃၂၅၃၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှမျိုး** LL.B,
D.I.L,WIPO(Switzerland)
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၀၈၁)**
**အမှတ် ၆၁၊ အောင်မင်္ဂလာလမ်း၊ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၇၃၄၉၄၆**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4D/5447 Mitsubishi Canter, Van(4×2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီနီလင်း ၁၄/ဒဒရ(နိုင်)၀၉၄၇၈၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ရန်ကုန်မြို့**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းအမှတ် ၉/င၊ မြေကွက်အမှတ်၁၂/ဧ ဟုခေါ်တွင်သည့် ဝိုင်ဂျက်ဇင် အမည်ပေါက် မြေကွက်ကြီးထဲမှ (၈၅×၃၀)ပေရှိ တောင်သူကုန်းရပ်ကွက်၊ တရုတ်ကုန်းလမ်း၊ အိမ်အမှတ် မ/၂၇တည်ရာအိမ်နှင့် မြေကို အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်အမွေဆက်ခံထားသူ ဒေါ်ခင်ချိုနိုင် ၁၂/အစန(နိုင်)၁၅၅၃၆၂ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ၂၈-၄-၂၀၁၆ ရက်တွင်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထိုအိမ်မြေနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းရည်ဌေး LL.B, D.B.L, D.A(PSY)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၄၉၄/၂၀၁၃)**
**အမှတ် ၁၂/အေ၊ သီရိ ၄ လမ်း၊ (၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၂၀၃၉၅၅၁၊ ၀၉-၇၉၅၅၄၃၆၀၅**

### အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၁) ရပ်ကွက်၊ ရွှေလင်းယုန်လမ်း၊ မြေကွက်အမှတ် ၄၄၃/ခ ပေ(၂၀×၆၀) နှစ်(၆၀) ဂရန်မြေကွက်နှင့် အဆောက်အအုံကို အမည်ပေါက် ဒေါ်ခင်မအေး ၁၂/မရက (နိုင်)၀၂၀၀၅၆ထံမှ ဝယ်ယူထားသော ဦးသိန်းဇော်ဦး ၁၄/မမက(နိုင်)၁၇၇၂၄၇မှ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပါသဖြင့် ကျွန်မမိတ်ဆွေက အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားပြီးသော မြေကွက်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဆုမွန်သက်**
**အထက်တန်းရှေ့နေ**
**ဖုန်း-၀၉-၂၅၂၀၆၉၀၁၅**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်တရားရုံး
### ၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၁၁

မဥမ္မာထွေး(ခ)ဥမ္မာလှိုင် **နှင့်** ကိုအောင်မင်းစိုး(ဘ)ဦးတင်ငွေ
အသက်(၄၀) ကျပန်းလုပ်
ဘုမ္မတီးကျေးရွာ၊
ထန်းတပင်မြို့နယ်

**တရားလို** **တရားပြိုင်**

ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ဘုမ္မတီးကျေးရွာနေ ကိုအောင်မင်းစိုး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို မဥမ္မာထွေး(ခ)မဥမ္မာလှိုင်က လင်မယားကွာရှင်းပြတ်စဲပေးစေလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး တစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် မေ ၂၅ရက် (၁၃၇၈ခုနှစ် ကဆုန်လပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဧပြီ ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းမြင့်စိုး)**
**မြို့နယ်တရားသူကြီး**
**ထန်းတပင်မြို့နယ်တရားရုံး**

# လှိုင်ကော်-ရန်ကုန်ခရီးသည်တင်ယာဉ် အမြန်လမ်းတွင် တိမ်းမှောက်

**နေပြည်တော် မေ ၂၉**

လှိုင်ကော်-ရန်ကုန် ခရီးသည်တင် စွမ်း Group Express ယာဉ် 2D/------ သည် ရန်ကုန်-မန္တလေး အမြန်လမ်း နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာစဉ် တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်သည် ယနေ့နံနက် ၄ နာရီခွဲတွင် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ်၊ (၁၁/၀ နှင့် ၁၁/၁) အကြား၌ တိမ်းမှောက်ခဲ့ခြင်းဖြစ်ပြီး ဖြစ်စဉ်မှာ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်း ဘာရီယာတုံးအား တိုက်မိပြီးနောက် လမ်းယာ ဘက်ဘေးရှိ အလူမီနီယံတန်းအား ထပ်မံတိုက်မိကာ တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှ သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါရှိသူ ယာဉ်မောင်းပါ ၄၈ ဦးအနက် ကိုရင်တစ်ပါး၊ သီလရှင် တစ်ပါး၊ အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၁၄ ဦးစုစုပေါင်း ၃၁ ဦး ဒဏ်ရာရရှိခဲ့ပြီး ယာဉ် မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း ငြိမ်းချမ်းအား အမှတ်(၃) လမ်းဆုံ အမြန်လမ်းမကြီး ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရန်ကုန်-မန္တလေးအမြန်လမ်းတွင် ယာဉ်မတော်တဆမှုများကို ကြည့်လျှင် ယာဉ်ကြောင့်ဖြစ်ခြင်း၊ လမ်းကြောင့်ဖြစ်ခြင်း၊ ယာဉ်မောင်းအိပ်ငိုက်၍ဖြစ်ခြင်း၊ ယာဉ်မောင်း ပေါ့ဆမှုကြောင့်ဖြစ်ခြင်း၊ ရာသီဥတုကြောင့်ဖြစ်ခြင်း၊ အမြန်လမ်းပေါ် သို့ အနီးရှိ ကျေးရွာများမှ တိရစ္ဆာန်များ တက်ရောက်၍ ယာဉ်မတော်တဆဖြစ်ခြင်း စသည့် အကြောင်းအရာများကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားရခြင်းဖြစ်သည်။

ယာဉ်မတော်တဆမှုများတွင် ယာဉ်မောင်းများသာ အဓိကတာဝန်ရှိသဖြင့် သတိလက်လွတ် မောင်းနှင်ခြင်း မပြုမိစေရန် အထူးလိုအပ်သည်။ ခရီးစဉ်တစ်ခုတွင် ယာဉ်ပေါ်၌ လိုက်ပါစီးနင်းခဲ့သူ ခရီးသည်အားလုံး၏ အသက်များသည် ယာဉ်မောင်းလက်သို့ ဝကွက်အပ်၍ စီးနင်းလိုက်ပါရသည်ကို ယာဉ်မောင်းများ အထူးဂရုပြုရမည်ဖြစ်ကြောင်း အမြန်လမ်းမကြီး ရဲတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောသည်။

**သတင်း-ကိုညီ**

**ဓာတ်ပုံ-ဆောက်လုပ်ရေး**






# ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက် (ကေတစ်ထောင်)တွင် ဝန်ထမ်းကြိုပို့မှန်လုံယာဉ် နှစ်စီး တိုက်မှုဖြစ်ပွား

**နေပြည်တော် မေ ၂၉**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက် (ကေတစ်ထောင်) အတွင်းရှိ သုခမြိုင်လမ်းနှင့် ရတနာမြိုင်လမ်းဆုံရာ တိုက်အမှတ် ၁၃၆၈ နှင့် ၁၃၇၇ လမ်းဆုံတွင် ဝန်ထမ်းကြိုပို့ မှန်လုံယာဉ်ကြီးနှစ်စီး ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၉ ရက် နံနက် ၈ နာရီ မိနစ်၂၀ က ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက် သုခမြိုင်လမ်းအတိုင်း (အနောက်မှအရှေ့သို့) ဦးမောင်မောင်ဦး (၅၂နှစ်) မောင်းနှင်လာသော ဝန်ထမ်းကြိုပို့ယာဉ် 3D/----- ဟွန်ဒိုင်း ယာဉ်သည် အဆိုပါ လမ်းဆုံသို့ အရောက်တွင် ရတနာမြိုင်လမ်းအတိုင်း (တောင်မှမြောက်သို့) ဦးလင်းကျော် (၂၆နှစ်)၊ မောင်းနှင်လာသော ဝန်ထမ်း ကြိုပို့ယာဉ် 4D/----- က ဝင်တိုက်မိသဖြင့် ယာဉ်နှစ်စီးပေါ်ပါ ဝန်ထမ်းအချို့ ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဟွန်ဒိုင်းယာဉ်မှာ လမ်း၏ ဘယ်ဘက်ပလက်ဖောင်းကို ကျော်တက်ကာ ပေ ၁၀၀ ကျော်ခန့် မြေပြင်သို့ ဆင်းသွားခဲ့ပြီး တည်ဆောက်ပြီးစီးခါစ တိုက်အသစ်ကို ဝင်ရောက်တိုက်မိကာ ရပ်တန့်သွားခြင်းဖြစ်ကြောင်း မျက်မြင်တစ်ဦးက ပြောပြသည်။

အဆိုပါ ယာဉ်တိုက်မှုဖြစ်စဉ်တွင် ယာဉ်နှစ်စီးပေါ်ပါ ဝန်ထမ်း ၃၃ ဦးအနက် ၂၈ ဦးမှာ ဒဏ်ရာများ (မစိုးရိမ်ရ) ရရှိပြီး နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံ၌ တက်ရောက်ဆေးကုသလျက်ရှိကြောင်း သိရသည်။

**(၀၁၄)**

## နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၂၉**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။ (မိုး/ဇလ)









လက်ဝှေ့အားကစားများအား သင်တန်းနည်းပြမှ လက်တွေ့ပို့ချစဉ်

# နွေရာသီအားကစားသင်တန်းများ လေ့ကျင့်ပေးနေ

**ရန်ကုန် မေ ၂၉**

နွေရာသီ ကျောင်းပိတ်ရက်အတွင်း ကျောင်းနေရွယ် လူငယ်များသည် ပညာရေးအပြင် မိမိတို့နှစ်သက်ရာ အားကစားနည်းတစ်ခုခုကို လေ့ကျင့်လိုက်စားပြီး ကျန်းမာကြံ့ခိုင်လာစေရန် ရည်ရွယ်၍ နွေရာသီအားကစားနည်း သင်တန်းများအပြင် အဆင့်မြင့် အားကစားနည်း သင်တန်းများကို အားကစားနှင့် ကာယပညာဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် သက်ဆိုင်ရာ အားကစားရုံများ၌ ဧပြီမှ မေ နောက်ဆုံးပတ်အထိ လေ့ကျင့်သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါအားကစားနည်းများတွင် တိုက်ကွမ်ဒို၊ တင်းနစ်၊ ခရစ်ကတ်၊ လက်ဝှေ့၊ ကာယကြံ့ခိုင်မှု၊ ဂျူဒို၊ ဝူရှူး၊ ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်း သင်တန်းများကို အဖွဲ့ချုပ်မှနည်းပြများ၊ လက်ရွေးစင်နည်းပြများက သင်တန်းသား သင်တန်းသူများကို နံနက်တစ်ချိန်၊ ညနေတစ်ချိန် လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ယင်းသင်တန်းမှ ထူးချွန်သော လူငယ်အားကစားသမားများကို ရွေးချယ်ကာ ဆက်လက်လေ့ကျင့်ပေးသွားမည်ဖြစ်ပြီး အကောင်းဆုံးအားကစားသမားများအား စိစစ်ကာ ပဏာမရွေးချယ်ပြီး ပြုစုပျိုးထောင်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-**
**တင်စိုး(မြန်မာ့အလင်း)**

❒ *ကျောဖုံးမှ*

မေ ၆ ရက်မှ ၂၅ ရက်အထိ ဂျပန်နိုင်ငံ အိုဆာကာမြို့၌ လေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ပြီး ဂျပန်အမျိုးသမီးကလပ်အသင်းများနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ယခု ဂျပန်ခြေစမ်းခရီးစဉ်မှာ မြန်မာအမျိုးသမီးအသင်း၏ အာဆီယံအမျိုးသမီးပြိုင်ပွဲမတိုင်မီ ပထမဆုံးပြုလုပ်သည့် ပြည်ပလေ့ကျင့်ရေးခရီးစဉ်နှင့် ခြေစမ်းပွဲလည်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဂျပန်ခြေစမ်းခရီးစဉ်တွင် ခြေစမ်းပွဲအနည်းဆုံး လေးပွဲယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

ဂျပန်ခြေစမ်းခရီးစဉ်သွားရောက်မည့် မြန်မာအမျိုးသမီးအသင်းတွင် အုပ်ချုပ်သူ အဖြစ် ဒေါ်မြတ်မြတ်ဦး၊ နည်းပြချုပ်အဖြစ်-ရော်ဂျာရိုင်နာ (နယ်သာလန်)၊ လက်ထောက်နည်းပြများ အဖြစ်-ဦးအောင်နိုင်နှင့် ဒေါ်သက်သက်ဝင်း၊ ဂိုး-နည်းပြအဖြစ် ဦးကိုကိုအောင်၊ ကစားသမားများအဖြစ် ဂိုးသမား-ခင်သီတာအေး၊ မေဇင်နွယ်၊ သန္တာဦး၊ နောက်တန်း-ဖူးပွင့်ခိုင်၊ ဝေဝေအောင်၊ ဇင်မာဝင်း၊ အေးအေးမိုး၊ လဲ့လဲ့လှိုင်၊ ဇင်မာထွန်း၊ ငယ်ငယ်ထွေး၊ ခင်သန်းဝေ၊ အလယ်တန်း-ခင်မာလာထွန်း၊ အေးမျိုးမြတ် ၊ ရူပါခိုင်၊ မေစံပယ်ဖူး၊ ခင်မိုမိုထွန်း၊ ရှေ့တန်း-ခင်မိုးဝေ၊ ရီရီဦး၊ နော်အားလိုဝါးဖော၊ လှယဉ်ဝင်း၊ ဝင်းသိင်္ဂီထွန်း၊ မေသူကျော်နှင့် နီလာဝင်းတို့ ပါဝင်သည်။ အပြီးသတ်ရွေးချယ်ရာတွင် ဇာခြည်ဦး၊ ငုဝါသဲနှင့် ဂိုးသမား-ဇာဇာမြင့်တို့ ကျန်ရစ်ခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် ဂျပန်ခရီးစဉ်အပြီးတွင် ဇွန် ၄ ရက်နှင့် ၆ ရက်တို့တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ တောင်ကိုရီးယားလက်ရွေးစင်အမျိုးသမီးအသင်းနှင့် ခြေစမ်းပွဲ နှစ်ပွဲယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဇူလိုင် ၉ ရက်တွင် မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ထိုင်းလက်ရွေးစင်အသင်းနှင့် ခြေစမ်းမည်ဖြစ်သည်။

● *ကျောဖုံးမှ*

နိုင်ငံအနေနဲ့ အိမ်ရှင်အဖြစ် ပထမဆုံးလက်ခံကျင်းပမှာ ဖြစ်ပါတယ်။ ဒီပွဲတော်က အာဆီယံနိုင်ငံတွင် နှစ်စဉ်အလှည့်ကျကျင်းပလာတာ ခုဆိုရင် ကျွန်တော်တို့နိုင်ငံဟာကိုးနိုင်ငံမြောက်ပါ။ အဓိကရည်ရွယ်ကျင်းပတာကတော့ စက်ဘီးအားကစားသမားအချင်းချင်းစည်းလုံးညီညွတ်ဖို့နဲ့ ဖွံ့ဖြိုးတိုးတက်ဖို့ အရှေ့တောင်အာရှစက်အဖွဲ့ချုပ် ဦးဆောင်ကျင်းပတာဖြစ်ပါတယ်”ဟု မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်အတွင်းရေးမှူး ဦးကျော်မင်းသန်းကပြောသည်။

မြန်မာနိုင်ငံအနေဖြင့် အိမ်ရှင်အဖြစ် ပထမဆုံးလက်ခံကျင်းပမည့် အဆိုပါ စက်ဘီးစီးအားကစားပွဲတော်ကြီးကို အရှေ့တောင်အာရှ စက်ဘီးအဖွဲ့ချုပ်က ဦးစီးကျင်းပခြင်းဖြစ်ပြီး အာဆီယံနိုင်ငံများတွင်မှ နိုင်ငံကိုယ်စားပြုအားကစားသမား ၁၀ ဦးစီဝင်ရောက်မည်ဖြစ်ပြီးအိမ်ရှင်မြန်မာနိုင်ငံအနေဖြင့် စက်ဘီးစီးအားကစားသမား ၂၀၀ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သောကြောင့် စုစုပေါင်းအားကစားသမား ၂၉၀ ဝင်ရောက်စီးနင်းမည်ဖြစ်သည်။ ယင်းပွဲတော်တွင် အသက်အရွယ်မရွေး အမျိုးသား၊ အမျိုးသမီး မည်သူမဆိုဝင်ရောက်ပါဝင်နိုင်မည်ဖြစ်ကြောင်းနှင့် ကျင်းပမည့် မေ ၂၂ ရက် နံနက် ၆ နာရီခွဲတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏရှေ့မှ စတင်တာလွှတ်မည်ဖြစ်ပြီး ဝေဇယန္တာလမ်းအတိုင်း ကျောက်ရေတွင်းသို့ ရောက်လျှင် ပြန်ကွေ့၍ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)တွင် ပြန်လည်ပန်းဝင်မည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# လီဗာပူးတို့ စပိန်မြေတွင်ရှုံးနိမ့်၊ ဆီဗီလာအသင်းအဝေးကွင်းသရေကျ



ယူအီးအက်ဖ်အေ ယူရိုပါလိဂ် ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်များကို ဧပြီ ၂၉ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ စပိန်ကလပ် ဗီလာရီးရဲလ်နှင့် အင်္ဂလန် ကလပ် လီဗာပူးပွဲစဉ်တွင် အိမ်ရှင်ဗီလာရီးရဲလ် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ယူကရိန်းကလပ် ရှက်တာဒိုးနက်နှင့် စပိန်ကလပ် ဆီဗီလာပွဲတွင် တစ်ဖက် နှစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ဗီလာရီးရဲလ်နှင့် လီဗာပူးပွဲတွင် အပြန်အလှန်ခြိမ်းခြောက်မှုများဖြင့် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြ ပြီး ပွဲပြီးခါနီး မိနစ် ၉၀ တွင် အိမ်ရှင်ဗီလာရီးရဲလ် အတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို လူစားဝင်လာသည့် တိုက်စစ်မှူးလိုပက်ဇ်က သွင်းယူပေးခဲ့သည်။

ယူကရိန်းမြေ၌ ယှဉ်ပြိုင်ခဲ့သော ရှက်တာဒိုးနက်နှင့် ဆီဗီလာပွဲ၌ ပွဲစပြီး ၆ မိနစ်တွင် ဆီဗီလာအတွက် ဦးဆောင်ဂိုးကို ကွင်းလယ်ကစားသမား ဗီတိုလိုက သွင်းယူခဲ့သည်။ ပွဲချိန် ၂၃ မိနစ်တွင် ရှက်တာဒိုးနက်အတွက် ချေပဂိုးကို မားလို့စ်က သွင်းယူခဲ့ပြီး ၃၆ မိနစ်တွင် ကွင်းလယ်ကစားသမား စတီပါနန်ကိုက ဦးဆောင်ဂိုး ပြန်လည်သွင်းယူခဲ့သည်။ ပွဲပြီးခါနီး ၈၂ မိနစ်တွင် ဆီဗီလာအသင်း ပယ်နယ်တီကန်ခွင့်ရကာ တိုက်စစ်မှူး ဂါမီရိုက ချေပဂိုးအဖြစ် ပြောင်းလဲပေးနိုင်ခဲ့သည်။ ပွဲပြီးချိန်တွင် တစ်ဖက် နှစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ယူရိုပါလိဂ် ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်များကို မေ ၅ ရက်တွင် ဆက်လက်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

**သီဟ**


## စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်နေ
ဦးတင်မြင့်(ပြည်ထဲရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်)-ဒေါ်ရွှယ်ဂျာ(တနိုင်းခစတိုး) တို့၏သားကြီး

**မောင်သီဟတင်မြင့် B.E (Civil)**

**S.A.E (Urban Planning Unit, Y.C.D.C)**

**နှင့်**

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်နေ
ဦးစိုးဝင်း (Johnny Brothers သစ်ခွဲစက်နှင့် သစ်အချောထည်စက်ရုံ)-ဒေါ်အေးမာဦး တို့၏ သမီးကြီး

**မသန့်ထက်ဆု M.E (Civil); Ph.D (Civil) (thesis)**

**S.A.E (Urban Planning Unit, Y.C.D.C)**

တို့၏ ၂-၄-၂၀၁၆ရက် (စနေနေ့)တွင် Novotel Yangon Max Hotel ၌ ကျင်းပပြုလုပ်သော စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက်၍ စုလျားရစ်ပတ်ထိမ်းမြားပေးပါသော ဗိုလ်ချုပ်သီရိပျံချီ ဗေယျာအောင်(ငြိမ်း)နှင့်ဇနီး ဒေါ်သူဇာဝေတို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးများ ချီးမြှင့်ပေးပါသော ဗိုလ်ချုပ်ကြီး ဗေယျကျော်ထင် သူရသက်ဆွေ(ကာကွယ်ရေးဦးစီးချုပ်-ရေ)(ငြိမ်း) နှင့်ဇနီး ဒေါက်တာဒေါ်ဝေမာမာထွန်း (ညွှန်ကြားရေးမှူး-ပြည်သူ့ကျန်းမာရေးဦးစီးဌာန) တို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရချမ်းမြေ့သီတဂူဦးနိုင်ဦးနှင့်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီသီတဂူဒေါ်အေးသိန်းတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်အရာရှိကြီးများနှင့် ဇနီးများအားလည်းကောင်း၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ စစ်တက္ကသိုလ်အမှတ်စဉ်(၂၂)မှ သူငယ်ချင်းမိသားစုများ၊ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများနှင့် နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်နိုင်ခြင်းမရှိသော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့များပေးပို့ကြသည့် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီးအားလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့်ဇနီးအားလည်းကောင်း၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးလှအေးအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသန်းမြတ်စိုး၊ မင်္ဂလာအခါတော်ပေးသီကျူးပေးပါသော တေးသံရှင် မောင်ထက်မြတ်ဦး၊ မရွှေယမင်းဦး၊ စိုးတေးဂီတအဖွဲ့၊ မင်္ဂလာပန်းများဖြန့်ကြဲပေးပါသော မခင်ရတနာသန်းနှင့် မထက်မြတ်နိုးဦး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးပါသော မမြတ်စံပယ်တင်မြင့်၊ မင်္ဂလာလက်ထပ်လက်စွပ်ကိုင်ဆောင်ပေးပါသော မသီတာလင်း၊ မင်္ဂလာသတို့သားအရံအဖြစ် ဆောင်ရွက်ပေးပါသော မောင်ထက်နေဦးနှင့် ဒေါက်တာသိန်းနိုင်စိုး၊ မင်္ဂလာသတို့သမီးအရံအဖြစ် ဆောင်ရွက်ပေးပါသော မဂျာနန်အောင်နှင့် မအိမ့်ချစ်မိုတို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံ ဖန်တီးပေးပါသော မင်းသက်စံ (Sweet & Smart)၊ မြတ်နိုးလွင်နှင့် သီတာလင်း၊ မင်္ဂလာလက်ဝတ်ရတနာများဆင်မြန်းပေးပါသော ဒေါက်တာအောင်ကျော်ဝင်း-ဒေါက်တာသက်သက်ခိုင် (Forever Gems by ရွှေနန်းတော်)၊ ဒေါက်တာ ဟိန်းနိုင်ဦးမိသားစု (Naing Family-မိုးကုတ်)၊ မိတ်ကပ် အလှပြင်ပေးပါသော မိတ်ကပ်မေဦး၊ ကျော်မိုးနှင့်ဇင်ဇင်၊ မင်္ဂလာဓာတ်ပုံ၊ ဗီဒီယိုများရိုက်ကူးပေးပါသောနိုင်လင်း (Visual Art)၊ ဦးကျော်(ကနောင်) နှင့် ကိုမျိုးမင်း၊ မင်္ဂလာအခမ်းအနားပြင်ဆင်ပေးပါသော ဦးကိုကိုအောင်ဌေးနှင့်ဇနီး (စကြာရွှေရည်)၊ ဦးစိန်လွင်နှင့်ဇနီးနှင့် ကိုကိုကြီး (မဝင်းစန္ဒာ)၊ မင်္ဂလာပန်းအလှပြင်ဆင်ပေးပါသော Aroma (Zulu Studio)၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော Dagon Printing၊ ကျွေးမွေးဧည့်ခံပေးပါသော Novotel Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ ၂-၄-၂၀၁၆ရက် ညနေတွင် Royal Garden Restaurant ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာညစာစားပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအောင်မြင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်သီဟတင်မြင့်-မသန့်ထက်ဆု**



**ဖောင်းကြွန်ပါတ်ပြားပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ခ/၂၇၂၄ ၏ အင်္ဂလိပ် ဖောင်းကြွန်ပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 9E/ 9595 ၏ ဖောင်းကြွန်ပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွန်ပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ရုပ်ရှင်လောကသားများသို့ဖိတ်ကြားခြင်း**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှရုပ်ရှင်လောကသားများနှင့်တွေ့ဆုံဆွေးနွေးရန် (၈. ၄. ၂၀၁၆)ရက်မှစ၍ လူမှုကွန်ယက်စာမျက်နှာပေါ်တွင်ကြေညာခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍အောက်ဖော်ပြပါနေ့တွင်ကျင်းပမည့်ဆွေးနွေးပွဲသို့တက်ရောက်ပါရန် ရုပ်ရှင်လောကသားများအား ဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| ကျင်းပမည့်နေ့ | - (၁၅. ၅. ၂၀၁၆)(တနင်္ဂနွေနေ့) |
| ကျင်းပမည့်အချိန် | - နေ့လည်(၁း၀၀)နာရီ |
| ကျင်းပမည့်နေရာ | - မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးခန်းမ |

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂ဖယ/၆၂၂၃ Suzuki Smash 112 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ထက်မြတ်မွန် ၇/ပမန(နိုင်)၁၉၆၈၉၆က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်) ပြည်မြို့**

**အမည်ပြောင်း**

ဦးခိုင်စိုး-ဒေါ်ထားထားလှိုင်တို့၏သား ပန်းတနော်မြို့၊ အထက၊ အဋ္ဌမတန်းမှ မောင်ကျော်ရဲလင်းအား မောင်ကျော်ဇေလင်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကျော်ဇေလင်း**

**ဖခင်အမည်မှန်**

မွန်ပြည်နယ်၊ပေါင်မြို့နယ်၊ဘန့်ဘွေးကုန်းကျေးရွာအုပ်စု၊ မုကျိုကျေးရွာ အမက (မူလွန်) စတုတ္ထတန်းမှ မောင်ရှိုင်းကိုကို၏ ဖခင်အမည်မှန်မှာ ဦးသက်ခိုင် ဖြစ်ပါသည်။ **ဦးသက်ခိုင်**
**၃/ကကရ(နိုင်)၁၂၈၅၇၁**



အလုံမြို့နယ် သခင်မြပန်းခြံအတွင်း ကိုယ်လက်လှုပ်ရှားအားကစားလုပ်နေကြသူများကို တွေ့ရစဉ်။

# အဆင့်မြှင့်ပန်းခြံများတွင် အားကစားလှုပ်ရှားသူများဖြင့် စည်ကားနေ

**ရန်ကုန် ဧပြီ ၂၉**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန)မှအဆင့်မြှင့် တည်ဆောက်ပြီးသော ပန်းခြံများတွင် ယခုအခါ နံနက်ပိုင်းတစ်လျှောက်နှင့် ညနေခင်းများတွင် ကိုယ်လက်လှုပ်ရှားအားကစား လှုပ်ရှားသူများဖြင့် စည်ကားလျက်ရှိနေသည်ကို နေ့စဉ်တွေ့ရှိနေရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာနယ်မြေအတွင်း ပန်းခြံပေါင်း ၆၃ ခြံရှိပြီးမြေဧရိယာပေါင်း ၄၉၂ ဒသမ ၇၂ ဧကရှိကာ ဘဏ္ဍာနှစ်များအလိုက် ၂၀၁၃-၂၀၁၄ တွင် ပန်းခြံကိုးခြံ၊ ၂၀၁၄-၂၀၁၅ တွင် ပန်းခြံငါးခြံ၊ ၂၀၁၅-၂၀၁၆ တွင် ပန်းခြံရှစ်ခြံ၊ ၂၀၁၆-၂၀၁၇ တွင် ပန်းခြံတစ်ခြံတို့အား အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းသိရသည်။ ထို့အပြင် ပန်းခြံ ၂၂ ခြံကိုလည်း မွမ်းမံပြင်ဆင်ခြင်း အဆင့်မြှင့်ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။ ထပ်မံ၍ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ရှိ မြနန္ဒာပန်းခြံ၊ ဆိပ်ကမ်းမြို့နယ်ရှိ ဆိပ်ကမ်းပန်းခြံ(၂)တို့ကိုလည်း မွမ်းမံရန်အစီအစဉ်ရှိနေကြောင်းသိရသည်။

ပန်းခြံများအတွင်း ပြည်သူအများ စိတ်လက်ချမ်းမြေ့စွာ လာရောက်အပန်းဖြေအနားယူနိုင်ရန် ရေ၊ မီး၊ မြက်ခင်း၊ အရိပ်ရပင်များ ပြည့်စုံစွာ စီစဉ်ထားရှိပေးထားသည့်အပြင် ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်နိုင်ရန် အားကစားပစ္စည်းများကိုပါ ဖြည့်ဆည်းထားရှိ ပေးထားသည်ကို တွေ့ရှိရသည်။

"အဓိက ခေါင်း၊ ခါး၊ ခြေ၊ လက်လှုပ်ရှားမှုများအတွက် အဆင့်မီ အားကစားပစ္စည်းတွေကို တပ်ဆင်ပေးထားပါတယ်"ဟု ၎င်းက ပြောသည်။

ကွန်ကရစ်လျှောက် လမ်းပေါ်၌ ကိုယ်လက်လှုပ်ရှားမှုပြုနေသော အလုံမြို့နယ်ငုဝါလမ်းမှ ဦးမြလှိုင်ထွန်းက "အခုလိုပန်းခြံတွေမှာ ကိုယ်လက်လှုပ်ရှားဖို့အတွက် အားကစားပစ္စည်းတွေထည့်ပေးထားတာ အလွန်ပဲအဆင်ပြေပါတယ်။ အရင်ကလမ်းမတွေပေါ်မှာ လမ်းလျှောက်ကိုယ်လက်လှုပ်ရှားရတာက ယာဉ်အန္တရာယ်စိုးရိမ်ရတယ်။ အခုလိုပန်းခြံအတွင်းမှာဆိုတော့ စိတ်ချလက်ချကျန်းမာရေးအတွက်ဆောင်ရွက်နိုင်တာပေါ့" ဟု ဆိုသည်။

အားကစားပစ္စည်းများတပ်ဆင်ပေးထားသောပန်းခြံများမှာ ပြည်သူ့ဥယျာဉ်၊ မဟာဗန္ဓုလပန်းခြံ၊ အင်းလျားကန်ပေါင်ရှိ ကမ္ဘာအေးပန်းခြံ(၁/၂)၊ အင်းလျားကန်ပေါင် ပြည်လမ်းပန်းခြံ၊ အလုံမြို့နယ်ရှိ သခင်မြပန်းခြံ၊ မြောက်ဥက္ကလာပမြို့နယ်ရှိ ဥက္ကလာသီရိပန်းခြံ၊ သုဝဏ္ဏမြို့နယ်ရှိ သုဝဏ္ဏပန်းခြံ၊ ဗိုလ်တထောင်မြို့နယ်ရှိ ဆိပ်ကမ်းပန်းခြံ၊ သာကေတမြို့နယ်ရှိ မြကန်သာပန်းခြံ၊ ပုဇွန်တောင်မြို့နယ်ရှိ ဇေယျာမြိုင်ပန်းခြံ၊ တောင်ဥက္ကလာပမြို့နယ်ရှိ ရတနာပန်းခြံတို့ဖြစ်သည်။

၎င်းက ဆက်လက်၍ ၂၀၁၄-၂၀၁၅ ဘတ်ဂျက်မှာ ငွေကျပ် ၁၃ ဒသမ ၅ သိန်းဖိုးနဲ့ ၂၀၁၅-၂၀၁၆မှာ ငွေကျပ် ၁၄ ဒသမ ၆ သိန်းဖိုး အားကစားပစ္စည်းတွေ တပ်ဆင်ပေးထားပါတယ်။ ဘဏ္ဍာငွေရရှိမှုအပေါ်နဲ့ ကော်မတီရဲ့ ဆုံးဖြတ်ချက်အပေါ် မူတည်ပြီး ထပ်မံဖြည့်ဆည်းပေးသွားဦးမှာပါ"ဟု ပြောသည်။

ထို့အပြင် ကမာရွတ်မြို့နယ် မြလေးရုံ ကလေးအားကစားကွင်းကိုလူငယ်များ အားကစားလှုပ်ရှားနိုင်ရန်အတွက် ခေတ်မီစကိတ်ကွင်းအဖြစ် ဝါသနာပါသူများဖြင့် ပေါင်းစည်း၍ တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်ဟုသိရသည်။ ယခုအခါ အလုံမြို့နယ် ဘောလုံးကွင်းဟောင်းတွင် လူငယ်များ ဘောလုံးအားကစားလှုပ်ရှားမှုပြုနိုင်ရန်အတွက် မြက်ခင်းတုများခင်းနေပြီဖြစ်ကြောင်း သိရသည်။

ပန်းခြံများနှင့်ပတ်သက်၍ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ တာဝန်ရှိသူ အရာရှိကြီးတစ်ဦးက "ကျွန်တော်တို့အနေနဲ့ ပန်းခြံတွေအားလုံးကို အဆင့်မြှင့်တင်ခြင်း၊ မွမ်းမံပြင်ဆင်ခြင်းများကို ဘဏ္ဍာငွေအရအစဉ်မပြတ် ဆောင်ရွက်ပေးနေပါတယ်။ ဒါကြောင့် ယခင်ကထက် သုံးဆမက စည်ကားလာပါတယ်။ ဒါပေမယ့်လူပေါင်းစုံဆိုတော့ ပျက်စီးမှုလေးတွေလည်းရှိပါတယ်။ ပျက်စီးမှုရှိလာတာနဲ့ အချိန်နဲ့တစ်ပြေးညီ ပြုပြင်မှုတွေလုပ်ပါတယ်။ ဒါကြောင့် ပန်းခြံအတွင်း သတ်မှတ်တဲ့စည်းမျဉ်းလေးတွေ အထူးဂရုပြုလိုက်နာပေးစေချင်ပါတယ်။ ပန်းခြံတွေအလှမပျက်ရေရှည်တည်တံ့စေဖို့ အတွက်ကိုတော့ကျွန်တော်တို့နဲ့အတူ ဝိုင်းဝန်းစောင့်ရှောက်ပေးဖို့လည်း မေတ္တာရပ်ခံပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။

**သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)**
**ဓာတ်ပုံ-ကိုကြီးတင်**

---

**ထင်သာမြင်သာပြုပြင်စရာ**

## လွယ်ဂျယ်ဈေးအားဈေးအင်္ဂါရပ်နှင့်အညီ မြှင့်တင်ပေးစေချင်



ကချင်ပြည်နယ် လွယ်ဂျယ်ဒေသကို ၂၀၀၂ ခုနှစ်မှစ၍ မြို့နယ်ခွဲသတ်မှတ်ဖွင့်လှစ်ခဲ့ရာ ယခုအခါရပ်ကွက်ပေါင်း (၇)ရပ်ကွက်၊ ကျေးရွာ ၁၃ အုပ်စုဖြင့် လွယ်ဂျယ်မြို့နယ်အဖြစ် တည်ရှိခဲ့ပြီး တရုတ်နိုင်ငံနှင့် ကူးသန်းရောင်းဝယ်မှု လျင်မြန်စွာတိုးတက်ဖွံ့ဖြိုးလျက်ရှိသော အချက်အချာကျသည့်နယ်စပ်မြို့ဖြစ်သည်။

သို့သော် မြို့လယ်တွင်ရှိသော စည်ပင်သာယာဈေးမှာ တဲငယ်များ၊ ဈေးဆိုင်ဟောင်းများ၊ ကျန်းမာရေးထိခိုက်စေနိုင်သော အညစ်အကြေးများရှိနေခြင်းကြောင့် ဈေးအင်္ဂါရပ်နှင့် ညီညွတ်မှုကင်းမဲ့ကာ နောက်ကျကျန်ရစ်နေသော ပုံကျဈေးဖြစ်နေသည်။

မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လွယ်ဂျယ်ဈေးအား ပြန်လည်တည်ဆောက်ရန် ၃-၅-၂၀၁၅ ရက်နေ့ထုတ်မြန်မာ့အလင်း သတင်းစာတွင် တင်ဒါကြော်ငြာခေါ်ယူခဲ့ရာ ကုမ္ပဏီကြီးသုံးခုအနက်မှ ကောင်းခါးကုမ္ပဏီလီမိတက်သည် ငွေကျပ် သိန်း ၄၈၆ ဒသမ ၂၉ သိန်း ရင်းနှီးမြှုပ်နှံကာ ယခင်ပြီးစီးမှုမရှိသေးသည့် အာစီဆိုင်ခန်း ၄၀၊ တစ်ထပ်တိုက်ခန်း ၉၂ ခန်းနှင့် လိုအပ်သည်များ ဖြည့်စွက်ပြင်ဆင် ဆောက်လုပ်မည့်တင်ပြချက်အပေါ် ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ယင်းကုမ္ပဏီကို ရွေးချယ်သင့်ပါကြောင်း ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြထားပြီးဖြစ်ပါသည်။

လွယ်ဂျယ်မြို့ နယ်စပ်ဒေသသည် ပြောင်းလဲနေသော အချိန်ကာလဖြစ်ပြီး ယင်းဈေးသစ်ကြီး အမြန်ဆုံး တည်ဆောက်နိုင်ပါက ကချင်၊ ရှမ်း တိုင်းရင်းသား ဈေးရောင်းကြသူများ၊ ကူးသန်းသွားလာကြသူ ကုန်သည်များ၊ ဒေသခံများ အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းလာနိုင်ပြီး လွယ်ဂျယ်မြို့နယ် ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူရရှိလာမည်ဖြစ်ကြောင်း သိရသည်။

**ရင်ငြိမ်းပန်း (လွယ်ဂျယ်)**

---

**မြန်မာ့အလင်း**
**စာတည်းထံပေးစာများ**

## စည်ပင်ပိုင်ရေစက် အလွဲသုံးမှုတားဆီးပေးစေလို

ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ် အမှတ်(၆) ရပ်ကွက် ဗိုလ်ဆွန်ပက်လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် (အောက်ဘလောက်)၊ သီရိရိပ်မွန် တည်းခိုခန်းအနီးရှိ စည်ပင်ပိုင် အဝီစိတွင်းအား ညအခါ တရားမဝင်ရေစက်များဖွင့်ကာ ကိုယ်ကျိုးစီးပွားအတွက် အခကြေးငွေရယူ၍ ရေဖြန့်ဝေပေးခြင်း၊ အခကြေးငွေရယူ၍ပစ္စည်းများ သိမ်းဆည်းပေးနေရာ တိုင်ကြားသော်လည်း ခဏသာရှင်းလင်းပေးပြီး နောက်ပိုင်းတွင် ပြန်လည်၍လုပ်ကိုင်နေခြင်းများကြောင့် တာဝန်ရှိသူများမှ ကွင်းဆင်းစစ်ဆေးကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**လမ်းသူလမ်းသားများ**

## ကျူးကျော်နေအိမ် ဖယ်ရှားပေးစေလို



မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ချောင်းကောက်ကျေးရွာတွင် လူဦးရေအိမ်ထောင်စုများ တိုးပွားလာသဖြင့် မူလသုသာန်အဟောင်းမှာ ရွာနယ်နိမိတ်အတွင်း ရောက်ရှိလာ၍ ရွာနှင့်တစ်မိုင်အကွာလောက်ရှိ မြေနေရာတွင် ကျေးရွာမှ သုသာန်အသစ်သတ်မှတ်ပြီး နာရေးပို့ဆောင်ကြသည်။

အဆိုပါသုသာန်အဟောင်းမြေနေရာတွင် နာရေးနှင့်ပတ်သက်သော နိဗ္ဗာန်ယာဉ်နှင့် အဆောက်အအုံ၊ သုသာန်မြေနှင့်ကပ်လျက် ကျေးရွာမှ ပူဇော်ထားသည့် အေးစေတီဘုရားအပါအဝင် ရေသုံးစွဲရန်အတွက် ရေတွင်းတစ်တွင်းနှင့် အုတ်ဂူဟောင်းများရှိသည်။

သို့ဖြစ်၍ အဆိုပါသုသာန်အဟောင်းမြေနေရာ၌ လူနေအိမ်တစ်လုံး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ တားမြစ်ထားသည့်ကြားမှ ခြံစည်းရိုးခတ်ပြီး ဆောက်လုပ်ခဲ့ပါသည်။ ယခုအခါတွင် ကျေးရွာ၌ နာရေးဖြစ်ပေါ်လာပါက နာရေးပို့ဆောင်ယာဉ် အထုတ်၊ အသွင်းနှင့် သာသနာရေးဆိုင်ရာကိစ္စများဆောင်ရွက်ရန် အခက်အခဲများဖြစ်ပေါ်လျက်ရှိနေ၍ သက်ဆိုင်ရာမှ ကွင်းဆင်းစစ်ဆေးပြီး ဖယ်ရှားရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

**ကျေးရွာသူ၊ ကျေးရွာသားများ**

## အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်နေ

ဖျာပုံမြို့ ပထမလမ်းမပေါ် (စာတိုက်လမ်းနှင့် ဘုရင့်နောင်လမ်းကြား) ရှိ လူနေအိမ်များရှေ့တွင် စည်းကမ်းမဲ့ဈေးရောင်းချနေသည့် ပုံကျဈေးသည်များကြောင့် အိမ်ရှင်များ အဝင်အထွက်ခက်ခဲခြင်း၊ အချိန်အခါမဲ့ဆူညံနေခြင်း၊ စည်းကမ်းမဲ့စွန့်ပစ်သည့် အမှိုက်များကြောင့် အနံ့ဆိုးများဖြစ်ပေါ်၍ ရပ်ကွက်အတွင်းနေထိုင်ကြသည့် ပြည်သူများ၏ ကျန်းမာရေးထိခိုက်နေသောကြောင့် သက်ဆိုင်ရာက အမြန်ဆုံး ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**ကျန်းမာရေးလိုက်စားသူ**

## လားရှိုး၌ ငါးဒိုင်လုပ်ကိုင်မှု ရှင်းလင်းဆောင်ရွက်ပြီးစီး

၂၀-၂-၂၀၁၆ ရက်နေ့ မြန်မာ့အလင်းသတင်းစာအမျက်နှာ ၁၂ တွင် ပါရှိသော စာတည်းထံပေးစာကဏ္ဍာပါ ရပ်ကွက်နေပြည်သူများ၏ အညစ်အကြေးအနံ့ဆိုးများကင်းစင်စေချင် ခေါင်းစဉ်ဖြင့် ဖော်ပြပါရှိချက်အပေါ် လားရှိုးမြို့နယ် စည်ပင်သာယာရေးဌာနမှ အဆိုပါငါးဒိုင်လုပ်ကိုင်လျက်ရှိသည့် ရပ်ကွက် (၈)၊ နယ်မြေ(၂)၊ အုပ်စု(၂) ကျောင်းထိုင်ဘုန်းတော်ကြီးကျောင်းဘေး၏ အနောက်ဘက်နေရာအား ကွင်းဆင်းစစ်ဆေးပြီး ရှင်းလင်းဆောင်ရွက်ပေးပြီး ဖြစ်ပါကြောင်း။

**မြို့နယ်စည်ပင်သာယာရေးဌာန**

# မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို ကားလမ်းမကြီးအား အဆင့်မြှင့်တင်



မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းတွင် ကတ္တရာလမ်းခင်းရန် ပူတာအိုခရိုင်မှ စက်အား၊ လူအားဖြင့် ဆောင်ရွက်နေစဉ်။

**ပူတာအို ဧပြီ ၂၉**

မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို ကားလမ်းသည် မြန်မာနိုင်ငံ၏ မြောက်ဘက်စွန်းတွင် တည်ရှိသော ပူတာအိုမြို့နယ်၊ မချမ်းဘောမြို့နယ်၊ ဆွမ်ပရာဘွမ်မြို့နယ်၊ နောင်မွန်မြို့နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ပန်နန်းမြို့နယ်တို့အတွက် အဓိကဝင်ပေါက်လမ်းမကြီးဖြစ်ရာ ပြည်ထောင်စုအစိုးရမှစီမံခန့်ခွဲသည့် လမ်းမကြီးဖြစ်သည်။

ထို့ကြောင့် အဆိုပါ ပြည်ထောင်စုလမ်းမကြီးအား ကချင်ပြည်နယ်လမ်းဦးစီးဌာနမှ ခွဲဝေတာဝန်ပေးရာတွင် မြစ်ကြီးနားခရိုင် လမ်းဦးစီးဌာနက မြစ်ကြီးနားမှ တီယန်စွတ်ကျေးရွာထိ ၅၃ မိုင်၊ လမ်းအထူးအဖွဲ့(၂)က တီယန်စွတ်ကျေးရွာမှ စီနင်ခကျေးရွာအထိ ၁၁၁ မိုင်၊ လမ်းအထူးအဖွဲ့(၁)က စီနင်ခကျေးရွာမှ ဆွမ်ပီယန်ကျေးရွာအထိ (၁၆၉/၆) မိုင်၊ ဆွမ်ပီယန်ကျေးရွာမှ ပူတာအိုအထိ ၂၁၈ မိုင်တို့ကို စသည်ဖြင့် ခွဲဝေတာဝန်ယူဆောင်ရွက်လျက်ရှိကြသည်။

ယင်းတို့အနက် ပူတာအိုခရိုင်လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ဆွမ်ပီယန်ကျေးရွာမှ မဆွမ်ဇွပ်ကျေးရွာ၊ တန်ဂျာကျေးရွာ၊ လုံရှာယန်ကျေးရွာ၊ ဖက်မာကျေးရွာ၊ မူလာရှီးဒီကျေးရွာ ပူတာအိုမြို့အထိ (၄၈/၂) မိုင်ဖြစ်သည်။ ၎င်း(၄၈/၂)မိုင်သည် (၃၁-၃-၂၀၁၁) ရက်နေ့အထိ အခြေအနေမှာ ၁၆ ပေအကျယ် ကတ္တရာလမ်း သုံးမိုင်ခုနစ်ဖာလုံ၊ ၁၂ ပေ အကျယ် ကတ္တရာလမ်း ၁၄ မိုင်သုံးဖာလုံ၊ ကျောက်လမ်း ၁၉ မိုင်တစ်ဖာလုံ၊ အမာခံလမ်း ၁၀ မိုင်ရှိရာမှ (၂၀၁၁-၂၀၁၂) ဘဏ္ဍာရေးနှစ်မှ (၂၀၁၅-၂၀၁၆) ဘဏ္ဍာရေးနှစ်ကုန်အထိ ခြောက်ပေအကျယ် ကတ္တရာလမ်း ၁၀ မိုင်၊ ကျောက်ချောလမ်း လေးမိုင် သုံးဖာလုံတို့ကို ဆောင်ရွက်ထားနိုင်ခဲ့ကြောင်း သိရသည်။

တံတားကဏ္ဍအနေဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် မိုင်တိုင်အမှတ် (၁၆၉/၆) အတွင်း ပေ ၅၀ အောက် သစ်သားတံတား ၂၁၇ စင်း၊ ပေ ၅၀ မှ ပေ ၁၀၀ ကြား ၁၀ စင်း၊ ပေ ၁၀၀ မှ ပေ ၁၈၀ ကြားရှစ်စင်း၊ ပေ ၁၈၀ အထက်တံတားကြီးငါးစင်း စုစုပေါင်းတံတား ၂၄၁ စင်းရှိသည့်အနက် ပြည်ထောင်စုရန်ပုံငွေဖြင့် တံတားအထူးအဖွဲ့(၁)မှ ပေ ၁၈၀ အထက် တံတားလေးစင်း၊ ပြည်နယ် ဘဏ္ဍာရန်ပုံငွေဖြင့် ပူတာအိုခရိုင်လမ်းဦးစီးမှ ပေ ၁၈၀ အထက် တံတားတစ်စင်းတို့ကို အခိုင်အမာ တံတားများအဆင့်သို့ တိုးမြှင့်တည်ဆောက်ပေးခဲ့ပြီး ပေ ၁၈၀ အထက် တံတားတစ်စင်းအား သံမဏိရက်မ၊ သံမဏိကြမ်းခင်း တံတားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့သည်။ ပေ ၅၀ အောက် တံတား ၂၁၇ စင်း၊ ပေ ၅၀ မှ ပေ ၁၀၀ ကြား တံတား ၁၀ စင်း၊ ပေ ၁၀၀ မှ ၁၈၀ ကြားတံတား ရှစ်စင်းတို့အား သံကူကွန်ကရစ်နှစ်လွှာ တစ်ထပ်ဘေလီတံတားပေါင်းနှင့် သံမဏိကြမ်းခင်းတံတားများအဆင့်သို့ တိုးမြှင့်ဆောင်ရွက်ခဲ့ရာ ပေ ၆၀ အရှည်ရှိ ဘေလီတံတားတစ်စင်းသာ ဆောင်ရွက်ရန်ကျန်ရှိတော့သည်ဟု သိရသည်။

ယင်းလမ်းနှင့် တံတားများ အဆင့်မြှင့်တင်ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်ထောင်စု ရန်ပုံငွေများအပြင် ပူတာအိုခရိုင်အတွက် အဓိကကုန်စည်စီးဆင်းရာ လမ်းကြောင်းဖြစ်သည့်အတွက် ပြည်နယ်အစိုးရမှလည်း ပြည်နယ်ရန်ပုံငွေများ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ခရမ်းစိုးမြင့်**

# ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

**ဂန့်ဂေါ ဧပြီ ၂၉**

ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၇ ရက် နံနက်က ဂန့်ဂေါမြို့ စည်ပင်သာယာဈေးအတွင်းရှိ ကြက်ဥ၊ ကြက်သားရောင်းချမှုများအား ကွင်းဆင်းစစ်ဆေးခဲ့သည်။



ထို့ပြင် အဆိုပါအဖွဲ့သည် မြို့ပေါ်ရှိ ဥစားကြက်မွေးမြူရေးခြံခုနစ်ခြံ၊ နယ်မြေခံတပ်ရင်းပိုင် ဥစားကြက် မွေးမြူရေးခြံနှစ်ခြံတို့ကို သွားရောက်စစ်ဆေးကာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေ၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစိန်ဝင်းတို့က ဇီဝလုံခြုံမှုမြှင့်တင်ပေးရေး၊ ခြံနှင့်ခြံပတ်ဝန်းကျင် သန့်ရှင်းရေးတို့ကို ပညာပေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(၁၀၁)

## မဇ္ဈိမအလင်းစာကြည့်တိုက်သို့ သုတ၊ ရသစာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

**ပခုက္ကူ ဧပြီ ၂၉**

ပခုက္ကူမြို့နယ် ကုက္ကိုလှအုပ်စု လက်ယာကျေးရွာ မဇ္ဈိမအလင်းစာကြည့်တိုက်သို့ ဆယ်ရွာကျေးရွာနေ ဒေါ်သောင်းရင်မိသားစုက သုတ၊ ရသစာအုပ်မျိုးစုံ ၁၂၃ အုပ်ကို ဧပြီ ၂၆ ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ စာအုပ်မျိုးစုံ ၁၂၃ အုပ်အား စာကြည့်တိုက်အတွင်းရေးမှူး ဦးအေးကျော်နှင့် ဦးညွန့်ဝင်းတို့က လက်ခံရယူပြီး ပခုက္ကူမြို့နယ်တွင် ပုံမှန်လည်ပတ်ဖွင့်လှစ်လျက်ရှိသော ကျေးရွာစာကြည့်တိုက်ပေါင်း ၄၈ တိုက်ရှိကြောင်း ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သိရသည်။

(ခရိုင် ပြန်/ဆက်)

## သတင်းတိုထွာ

### မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်

မင်းတပ်မြို့စံပြရပ်ကွက်ရှိ စည်ပင်ဈေးမီးလောင်မှုတွင် မီးဘေးသင့်ခဲ့ကြသည့် ပြည်သူများအား သက်မွန်မြင့်ရေဘေးကူညီမှုအသင်း၏ အကူအညီဖြင့် ဒိုင်လူမျိုးစုဖွံ့ဖြိုးရေးအသင်းမှ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို အထက (၁) ကျောင်းခန်းမ၌ ဧပြီလ ၂၇ ရက်က ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သက်မွန်မြင့်ရေဘေးကူညီမှုအသင်း၏ ကူညီထောက်ပံ့ငွေကျပ် သိန်း ၄၀ ဖြင့် ကိုယ်ပိုင်ဆိုင်ခန်းပိုင်ရှင်၊ ဆိုင်ခန်းအငှားရောင်းသူနှင့် ဆိုင်ခန်းပိုင်ရှင်ဖြင့် သုံးမျိုးခွဲ၍ အလှူငွေများပေးအပ်ခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

### လွယ်ဂျယ်မြို့တွင် သက်ကြီးပူဇော်ပွဲကျင်းပ

ကချင်ပြည်နယ် လွယ်ဂျယ်မြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော သက်ကြီးပူဇော်ကန်တော့ပွဲကို ဧပြီလတတိယပတ်က မြို့လယ်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့ရာ အသက် ၇၅ နှစ်ပြည့်နှင့်အထက် ကချင်၊ ရှမ်း၊ လီဆူး ဘိုးဘွား ၁၆၄ ဦးတို့ကို ထောက်ပံ့ငွေများဖြင့် ပူဇော်ကန်တော့ခဲ့ကြသည်။

ယခုနှစ် သက်ကြီးပူဇော်ပွဲတွင် စုစုပေါင်းငွေကျပ် ၂၆၂၄၀၀၀ လှူဒါန်းနိုင်ခဲ့ပြီး ယင်းပူဇော်ပွဲ ဖြစ်မြောက်စေရန် နယ်မြေခံတပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး မျိုးမင်းထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်ဦး၊ ဌာနဆိုင်ရာဦးစီးအရာရှိများနှင့် မိသားစုများ၊ ၆ ရပ်ကွက်မှ ရပ်မိရပ်ဖများ၊ ကုန်သည်ကြီးများအသင်းနှင့် လုပ်ငန်းရှင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ လူမှုရေးအသင်းအဖွဲ့များမှ စုပေါင်းပါဝင်လှူဒါန်းကန်တော့ခဲ့ကြကြောင်း သိရသည်။

**ရင်ငြိမ်းပန်း(လွယ်ဂျယ်)**

### စွန့်လွှတ်မြေများအား ပိုင်ရှင်များသို့လွှဲပြောင်းပေးအပ်

ရန်ကုန်တောင်ပိုင်းခရိုင်မှ စွန့်လွှတ်မြေများအား မူလပိုင်ရှင်များထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲကို ဧပြီ ၂၈ ရက်က သန်လျင်မြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရှင်စောပုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တောင်ပိုင်းခရိုင် မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်က စွန့်လွှတ်မြေများအား မူလပိုင်ရှင်များသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျောက်တန်းမြို့နယ်မှ မူလပိုင်ရှင် ရှစ်ဦး၊ သုံးခွမြို့နယ်မှ မူလပိုင်ရှင်ခုနစ်ဦးတို့ကို ပြန်လည်စွန့်လွှတ်မြေများအပေါ် တောင်သူများအား ပုံစံ(၃) ဖြင့် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

### ဓာတ်တိုင်များကျိုးကျပျက်စီးမှု ပြန်လည်ပြုပြင်

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်း ဧပြီ ၂၁ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ရပ်ကွက်ကြီးများရှိ လျှပ်စစ်ဓာတ်အားကြိုးများပေါ်သို့ သစ်ပင်ကြီးများပြိုလဲ၍ မြို့ပေါ်ဓာတ်အား ဖြန့်ဖြူးပေးထားသော ၃၃ ကေဗွီ၊ ၁၁ ကေဗွီ၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းများပြတ်ကြပြီး ဓာတ်တိုင်များ ကျိုးကျပျက်စီးကာ ပြင်ဦးလွင်တစ်မြို့နယ်လုံး ဓာတ်အားပြတ်တောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မန္တလေးလျှပ်စစ်ဓာတ်အား ကော်ပိုရေးရှင်းမှ ဒုတိယမန်နေဂျာ ဦးစီး၍ ဝန်ထမ်းအင်အား ၆၅ ဦးဖြင့် အရေးကြီးသော နေရာများနှင့် ရပ်ကွက်ကြီးများအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ဧပြီ ၂၅ ရက်အထိ တစ်မြို့နယ်လုံးတွင် လျှပ်စစ်ဓာတ်အား ၉၀ရာခိုင်နှုန်းကို ဓာတ်အားဖြန့်ဖြူးပေးထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

(၀၃၂)

### ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆွေးနွေး

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧပြီ ၂၈ ရက်က ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုအားကောင်းလာစေရေးညှိနှိုင်းဆွေးနွေးပွဲကျင်းပခဲ့သည်။

အဆိုပါညှိနှိုင်းဆွေးနွေးပွဲတွင် ကျောက်တံခါးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေမောင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ကျော်ထွေးက ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုအားကောင်းလာစေရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ ကျန်းမာရေးဌာနမှ ဆရာ ဆရာမများ၊ သတင်းမီဒီယာများကကျန်းမာရေးနှင့် ပတ်သက်သောအကြံပြုခြင်း၊ တင်ပြခြင်းနှင့်သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တင်ပြဆွေးနွေးအကြံပြုချက်များအား တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**



# ကြက်နှင့်ငါးတွဲဖက်မွေးမြူခြင်းဖြင့် စားဝတ်နေရေးအတွက် ခိုင်မာစွာရပ်တည်နိုင်

**ပုသိမ်ကြီး ဧပြီ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်အတွင်း ကျေးရွာများတွင် ငါးမွေးမြူသူများအနေဖြင့် ငါးနှင့်အတူကြက်မွေးမြူရေးကိုပါ တွဲဖက်၍ မွေးမြူခြင်းဖြင့် မိသားစုစားဝတ်နေရေးအတွက် ခိုင်မာစွာရပ်တည်နိုင်ကြောင်း သိရသည်။

အဆိုပါမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ငါးကန်များအတွင်း ကြက်ခြံများ ဆောက်လုပ်၍ကြက်၊ ငါးမွေးမြူရေးစနစ် တွဲဖက်လုပ်ကိုင်ခြင်းဖြင့် ကြက်မွေးမြူရန်အတွက် မြေနေရာလည်းသီးသန့် မလိုအပ်တော့သည့်အပြင် ကြက်များ မှစွန့်ပစ်သည့် ကြက်ချေးများသည်လည်း ငါးစာအဖြစ်အသုံးပြု၍ရကြောင်း ပုသိမ်ကြီးမြို့နယ် နန္ဒာမြောက်ရွာမှ ကြက်၊ ငါးမွေးမြူသူ ဦးဝင်းမြင့်က ပြောသည်။

"ကျွန်တော်တို့ဒေသတွေမှာတော့ ငါးကန်တွေထဲမှာ ကြက်ခြံဆောက်လုပ်ပြီး ကြက်၊ ငါးမွေးမြူရေးစနစ်ကို အများဆုံးမွေးမြူကြပါတယ်။ အောက်အရပ်မှာတော့ စပါးခင်းထဲမှာ မြောင်းဖော်ပြီး စပါး၊ ငါးစနစ်နဲ့အများဆုံး မွေးမြူကြတယ်။ ကြက်ချေးက ငါးအတွက်အစာပါပဲ။ အထူးသဖြင့် ငါးတန်က ကြက်ချေးကို အလွန်ကြိုက်ပါတယ်။ ဒါကြောင့်ငါးအတွက် အစာကုန်ကျမှုကိုလည်း သက်သာစေပါတယ်"ဟု ၄င်းကပြောသည်။

ထို့ပြင် ကြက်၊ ငါးတွဲဖက်မွေးမြူခြင်းသည် မိသားစုဘဝရပ်တည်မှုကိုပေးနိုင်သည့်အပြင် ကြက်မွေးမြူရေး၏ဆုံးရှုံးမှုများကိုလည်း အထောက်အပံ့ပေးနိုင်ကြောင်း ၄င်းကဆက်လက်ပြောကြားသည်။

"ငါးမွေးလို့ အရှုံးဆိုတာအင်မတန်နည်းပါတယ်။ ကြက်ကတော့ရောဂါကြောင့်ဖြစ်စေ၊ ရာသီဥတုကြောင့်ဖြစ်စေ၊ ဈေးနှုန်းမတည်ငြိမ်လို့ပဲဖြစ်စေ တစ်ခါတစ်ရံ ဆုံးရှုံးမှုတွေကြုံရတယ်။ ဒါပေမယ့် ငါးမွေးမြူရေးရဲ့အကျိုးကြောင့် ကြက်ရဲ့အရှုံးကိုလည်း အထိုက်အလျောက်ထိန်းထားနိုင်ပါတယ်"ဟု ၄င်းကပြောသည်။

ငါးမွေးမြူရန်အတွက် ၁ ဧကမှ ၁၀ ဧကအကျယ်ရှိ ကန်များတူးဖော်၍ ၁ ဧကလျှင် ငါးကြင်း ၃၀၀၀၊ ငါးတန် ၃၀၀၀ နှင့်အခြား ငါး ၂၀၀၀ စုစုပေါင်း ငါးကောင်ရေ ၈၀၀၀ အထိ ကန်ကျပ်စနစ်ဖြင့် မွေးမြူကြပြီး ငါးစာအဖြစ် ကြက်ချေးအပြင်ဖွဲနှင့် ပဲပုပ်ဖတ်ကို ရောစပ်ကျွေးကာ ကန်သန့်ရှင်း၍ အောက်ဆီဂျင်ဝင်ရောက်မှုကောင်းမွန်စေရေးနှင့် ငါးမှိုရောဂါကျရောက်ခြင်းမရှိစေရေးတို့အတွက် ရေဖြည့်ခြင်း၊ ကာကွယ်ဆေးထည့်ပေးခြင်းများကိုသာ ပြုလုပ်ပေးရကြောင်း သိရသည်။

ငါးမွေးမြူရေးလုပ်ငန်းသည် စတင်မွေးမြူသည့်ငါးပေါက်ပေါ်မှုတည်၍ ၁၀ လအတွင်း ငါးတန်တစ်ကောင်လျှင် ၅၀ သား မှ ၁ ပိဿာကျော်အထိ၊ ငါးကြင်း တစ်ကောင်လျှင်၂၅ကျပ်သားမှ ၅၀ ကျပ်သားအထိနှင့် အခြား ငါးအမျိုးအစားများမှာလည်း ၁ ပိဿာဝန်းကျင်ရှိအကောင်များဖြင့် ရောက်ရှိ၍ငါးတန် ၁ ဧကလျှင် ပိဿာချိန်၂၅၀၀ မှ ၃၀၀၀ အတွင်း ထွက်ရှိနိုင်ပြီး ငါးတန် ၁ ပိဿာလျှင် ငွေကျပ် ၁၆၀၀ နှုန်း၊ ငါးကြင်း လေးကောင် ပေါင်း ၁ ပိဿာလျှင် ငွေကျပ်၂၄၀၀ နှုန်းဖြင့် မန္တလေးဈေးကွက် ငါးဒိုင်များမှ ငါးကန်များအထိ လာရောက်ဝယ်ယူလေ့ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မင်္ဂလာဈေးကြီး အမြန်ဆုံးတည်ဆောက်ပေးရန် ဈေးသူဈေးသားများလိုလား

**ရန်ကုန် ဧပြီ ၂၉**

ရန်ကုန်မြို့ မီးလောင်သွားခဲ့သော မင်္ဂလာဈေးကြီး ပြန်လည်တည်ဆောက်ရေးနှင့်ပတ်သက်ပြီး အမြန်ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီဈေးကြီး ပြန်လည်တည်ဆောက်မှုနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းရဲ့ လေ့လာသုံးသပ်ချက်နဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူတွေရဲ့ကွင်းဆင်းလေ့လာမှုတွေ အပေါ်မှာမူတည်ပြီး ဆုံးဖြတ်ချက်ချမှာဖြစ်ပါတယ်။ အနေးနဲ့အမြန်ဆောင်ရွက်သွားနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်" ဟု မင်္ဂလာဈေး ဈေးတာဝန်ခံ ဦးဝင်းမောင်က ပြောသည်။



မင်္ဂလာဈေး ဈေးသာယာရေးအဖွဲ့ကိုယ်စားလှယ် ဆန္ဒမဲရွေးချယ်ပွဲတွင် ဈေးသူဈေးသားများက မဲလာပေးကြစဉ်

မင်္ဂလာဈေး ဈေးသူ ဈေးသားများအနေဖြင့် ယင်းဈေးကြီးပြန်လည်တည်ဆောက်ပေးရေးအတွက် ဆန္ဒပြင်းပြလျက်ရှိသည်။ "ကျွန်တော်တို့အနေနဲ့ ကိုယ့်ဈေးကိုပဲပြန်ရောင်းချင်ကြပါတယ်။ သက်ဆိုင်ရာ တာဝန်ရှိသူတွေအနေနဲ့ ဒီကိစ္စကို အမြန်လုပ်ဆောင်ပေးစေလိုပါတယ်။ ဒါကြောင့် ဒီကနေ့ ဈေးသာယာရေး ကိုယ်စားလှယ်တွေ ရွေးချယ်ရာမှာ အထက်ကိုတင်ပြနိုင်စွမ်းရှိတဲ့ ကိုယ်စားလှယ်တွေကိုရွေးချယ်တာပါ"ဟု မင်္ဂလာဈေးဆိုင်ခန်းပိုင်ရှင် ဦးမျိုးမြင့်က မြန်မာ့အလင်းကို ပြောသည်။

မီးလောင်ကျွမ်းခဲ့သော မင်္ဂလာဈေးကြီးတွင် ဆိုင်ခန်းပေါင်း ၄၀၀၀ ရှိရာ ယခုအခါ အနီးရှိ ရွှေမင်္ဂလာဈေးကြီးတွင် ပြန်လည်နေရာချထားပေးခဲ့ပြီး ဈေးရောင်းဝယ်ဖောက်ကားမှုများ ပြုလုပ်လျက်ရှိသည်။ သို့သော်လည်း ရွှေမင်္ဂလာဈေးကြီးတွင် မြေညီ၊ ပထမထပ်နှင့် ဒုတိယထပ်များတွင်သာ ပုံမှန်ရောင်းဝယ်လျက်ရှိပြီး အပေါ်ဆုံးထပ်တွင် ဆိုင်ခန်းများ ပြန်လည်နေရာချထားပေးသော်လည်း ရောင်းချသည့် ဆိုင်တစ်ဆိုင်သာ တွေ့ရသည်။ အပေါ်ဆုံးထပ်တွင် ဈေးဝယ်သူမရှိ၍ ဈေးဆိုင်များ ပြန်လည်ဆင်းသွားကြပြီး မင်္ဂလာဈေးဝင်းအတွင်း ယာယီဆိုင်ခန်းများထိုးကာ ရောင်းချလျက်ရှိသည်ကို တွေ့ရသည်။ အချို့မှာ ဆိုင်ခန်းဖွင့်လှစ်ရန် အခက်အခဲနှင့်ကြုံတွေ့နေရပြီး မူလမင်္ဂလာဈေးကြီး ပြန်လည်တည်ဆောက်ပေးရန် ဆန္ဒပြင်းပြလျက်ရှိသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ရန်ကုန်-မန္တလေး ကားလမ်းပေါ်ရှိ ငလိုက်ချောင်းတံတား ညအခါ လျှပ်စစ်မီး ပြန်လည်ကောင်းမွန်

**နေပြည်တော် ဧပြီ ၂၉**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရန်အောင်(၁)ရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်းပေါ်ရှိ ငလိုက်ချောင်းတံတားကို အသုံးပြုနေကြသည့် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ၊ အများပြည်သူများ ညပိုင်း အန္တရာယ်ကင်းရှင်းအဆင်ပြေစွာ သွားလာနိုင်ရန်အတွက် တံတားပေါ်၌ လမ်းမီးများကို ပျဉ်းမနားမြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက ပြန်လည်ပြင်ဆင်ဆောင်ရွက်လိုက်ကြောင်း သိရသည်။ အဆိုပါ တံတားပေါ်တွင် ညအခါလျှပ်စစ်မီးများ ပြန်လည်လင်းလာသည့်အတွက် အဝေးပြေးယာဉ်ကြီး၊ ယာဉ်ငယ်များ၊ မြို့တွင်းလိုင်းကားများ၊ မော်တော်ဆိုင်ကယ်များမှာ ညအခါသွားလာရေး အဆင်ပြေအန္တရာယ်ကင်းရှင်းသွားကြောင်း မြို့တွင်းမော်တော်ယာဉ်လိုင်းမှ ယာဉ်မောင်းတစ်ဦးက ပြောသည်။

**စိုးမိုး (ပြန်/ဆက်)**

# အင်းများဘုံစားအင်းအဖြစ် သတ်မှတ်ရေး မန္တလေးမြို့တွင် လူထုဆန္ဒထုတ်ဖော်

**မန္တလေး ဧပြီ ၂၉**

မြင်းခြံမြို့နယ် ရှင်ဒေါင်းမအင်း၊ မြစ်ဒေါင့်ကွေးအင်း၊ ၁၅ လံအင်းနှင့် ညောင်ပင်ဝိုင်းအင်းများတွင် လုပ်ကိုင်နေသော ရေလုပ်သားများသည် အင်းများ ဘုံစားအင်းအဖြစ် သတ်မှတ်ရေး မန္တလေးမြို့ မနော်ရမ္မလူထုဆန္ဒဖော်ထုတ်ကွင်းတွင် ဧပြီ ၂၇ ရက် နံနက် ၁၀ နာရီက ခွင့်ပြုချက်ရယူကာ ဆန္ဒဖော်ထုတ်သည်။

ဆန္ဒဖော်ထုတ်သည့် ရေလုပ်သားများသည် ဦးပွ ဦးဆောင်ကာ ၆၂ လမ်း၊ ၃၇ လမ်းထောင့်တွင် စုဝေးကာ ၆၂ လမ်းအတိုင်း "ရှင်ဒေါင်းမအင်း ဒေါင်းအင်း ဘုံစားအင်းအဖြစ် ပြန်လည်ရရှိရေး၊ မြစ်ဒေါင့်ကွေးအင်း ဘုံစားအင်းအဖြစ် ပြန်လည်ရရှိရေး"ဟူသည့် ကြွေးကြော်သံများကို ကြွေးကြော်ပြီး "ရှင်ဒေါင်းမအင်း၊ ဒေါင်းအင်း၊ မြစ်ဒေါင့်ကွေးအင်း၊ ၁၅ လံအင်း၊ ညောင်ပင်ဝိုင်း မြစ်ကျိုးဒေါင့်အင်းတို့ကို ဘုံစားအင်းအဖြစ် သတ်မှတ်ပေးရန်၊ တိုင်းပြည်သယံဇာတ တစ်ဦးတစ်ယောက်တည်း စားသုံးခြင်းရပ်ဆိုင်းပေးရန်၊ ဒေသခံပြည်သူများ မျှတဝင်ငွေရရှိရေးအတွက် တွေ့ဆုံဆွေးနွေးပေးပါရန်ကျေးရွာပြည်သူများက ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်နေသည်"ဟူသော ဆောင်ပုဒ်များပါဝင်သည့် ဗီနိုင်းပိုစတာများကိုင်၍ လမ်းလျှောက်ကာ မနော်ရမ္မဆန္ဒဖော်ထုတ်ကွင်းသို့ ဝင်ရောက်ခဲ့ကြသည်။ ဆန္ဒဖော်ထုတ်ခဲ့သည့် ရေလုပ်သားများသည် နံနက် ၁၀ နာရီခွဲတွင် ဆန္ဒဖော်ထုတ်ခြင်းကို ငြိမ်းချမ်းစွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# သောက်သုံးရေပြတ်လပ်သော ကျေးရွာများသို့ ရေလှူ

**လှိုင်ကော် ဧပြီ ၂၈**

ကယားပြည်နယ် လွိုင်ကော်မြို့နယ်အတွင်းရှိ ကျေးရွာအချို့၌ အယ်နီညိုရာသီဥတုကြောင့် ပူပြင်းခြောက်သွေ့ပြီး ရေလှောင်ကန်များတွင် ရေခန်းခြောက်ခြင်းဖြစ်ပေါ်လျက်ရှိရာ ကျေးရွာများတွင် သောက်သုံးရေများ ပြတ်လပ်မှုမရှိစေရေး လွိုင်ကော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနနှင့် ဝစ္စကုဋ္ဌိသန့်ရှင်းရေးအဖွဲ့မှ လွိုင်ကော်မြို့နယ် ဒေါမူကလားကျေးရွာသို့ ဧပြီ ၂၆ ရက်က ရေဂါလန် ၁၁၀၀ အား သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# မြို့နယ်အဆင့် သူငယ်တန်း *(KG)* သင်တန်းများဖွင့်

**လက်ပံတန်း**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်၌ မြို့နယ်အဆင့် သူငယ်တန်း (KG) သင် ဆရာ ဆရာမများလေ့ကျင့်ပေးရေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၆ ရက်က အထက (၁) လက်ပံတန်း နဝဒေးခန်းမ၌ ကျင်းပခဲ့သည်။ အဆိုပါ သင်တန်းအား သင်တန်းနည်းပြ ၂၀ ဖြင့် သင်တန်းသူ၊ သင်တန်းသား ၄၀၁ ဦးကို သင်တန်းကာလရက်သတ္တပတ် နှစ်ပတ်ကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**ချောင်းဦး** အလားတူ ချောင်းဦးမြို့ အနော်ရထာခန်းမ၌ သူငယ်တန်း (KG) သင် ဆရာ ဆရာမများလေ့ကျင့်ပေးရေးသင်တန်းဖွင့်ပွဲကို ဧပြီ ၂၆ ရက်က ကျင်းပရာ သင်တန်းမှူး တစ်ဦး၊ ကြီးကြပ်ရေးမှူး တစ်ဦး၊ သင်တန်းဆရာ ရှစ်ဦးတို့က သင်တန်းသား ဆရာ ဆရာမ ၁၅၄ ဦးတို့ကို သူငယ်တန်း KG စနစ်သင်ကြားနည်းများကို စာတွေ့လက်တွေ့ သင်ကြား ပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ၁၅ ရက်ကြာပို့ချခဲ့သည်။ **မယု (ချောင်းဦး)**

**ပုလဲ** ယင်းမာပင်ခရိုင် ပုလဲမြို့ အခြေခံပညာအထက်တန်းကျောင်း ဗိုလ်သာကြည်ခန်းမ၌ ဧပြီ ၂၆ ရက်က သူငယ်တန်း(KG)သင် ဆရာ ဆရာမများ လေ့ကျင့်သင်တန်းပေးရာ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ကိုယ့်အားကိုယ်ကိုးပညာရေး ကျောင်းများမှ ဆရာ ဆရာမ ၃၆၄ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဧပြီ ၂၆ ရက်မှ မေ ၁၀ရက်အထိ နှစ်ပတ်ကြာ စာတွေ့ လက်တွေ့သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။ **မင်းခန့်စိုး(ဧယျာမြေ)**

**မြဝတီ** ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ KG သူငယ်တန်းသင် ဆရာ ဆရာမများအား လေ့ကျင့်သင်တန်းပေးရေး မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၆ ရက်က ကျင်းပရာ မြဝတီပညာရေးဌာနမှ ဆရာ ဆရာမ ၁၇၂ ဦး၊ ထိုင်းနိုင်ငံရွှေ့ပြောင်းကျောင်းမှ ၈၂ ဦး၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ၁၀ ဦး စုစုပေါင်း ၂၆၄ ဦး တက်ရောက်ပြီး နည်းပြ ၁၄ ဦးဖြင့် သင် ကြားပို့ချပေးသွားမည်ဖြစ်ကာ ဧပြီ ၂၆ ရက်မှ မေ ၁၀ ရက်အထိ ၁၅ ရက်ကြာ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

## ဖြည့်စွက်ဖတ်ရှုပေးပါရန်

ဧပြီလ ၂၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၉ တွင် ဖော်ပြခဲ့သော ရေတာရှည်မြို့နယ်တွင် သောက်သုံးရေရှားပါးသည့် ကျေးရွာများ ရေလှူဒါန်းသည့် သတင်း၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကျေးလက်ဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ဝင်းဦးနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်နှစ်စီးဖြင့် လှူဒါန်းခဲ့သည်ဟု ဖြည့်စွက်ဖတ်ရှုပေးပါရန်။

**ကိုလွင်(ဆွာ)**

# ရန်ကုန်မြို့နှင့် မြေငလျင်အန္တရာယ်

မျိုးနန္ဒအောင်
(မြေငလျင်)

**ရန်ကုန်မြို့ကြီးသည် သဘာဝဘေးအန္တရာယ်ကြောင့် ကြီးမားသော ထိခိုက်ပျက်စီးသေဆုံးမှုများ ရှိခဲ့သည်ဟု မှတ်တမ်းမှတ်ရာများ မရှိခဲ့သော်လည်း အမှန်တကယ် လွတ်ကင်းရာနေရာတစ်ခုမဟုတ်ကြောင်း ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းက သက်သေပြခဲ့ပြီးဖြစ်ပါသည်။ ထိုနာဂစ်မုန်တိုင်းကြောင့် ဧရာဝတီတိုင်းဒေသကြီး၏ မြို့နယ်အချို့နှင့် ရန်ကုန်တိုင်းဒေသကြီး၏ ဆင်ခြေဖုံးမြို့နယ်အချို့တွင် လူအသေအပျောက်များရှိခဲ့ပြီး ရန်ကုန်မြို့ကြီးသည်လည်း မုန်တိုင်းဒဏ်ကို ခံစားခဲ့ရသည့်အတွက် တိုက်တာအဆောက်အအုံအနည်းနှင့်အများ ပျက်စီးခဲ့ရပြီး ဆက်သွယ်ရေးစနစ်များ၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးများ ပြတ်တောက်ခဲ့သောကြောင့် စီးပွားရေးနှင့် လူမှုရေးတို့တွင် ထိခိုက်မှုများရှိခဲ့ကြသည်မှာ ငြင်း၍မရနိုင်သောအချက်ပင် ဖြစ်ပါသည်။**

နာဂစ်မုန်တိုင်းကြောင့် စီးပွားရေးနှင့် လူမှုရေးများတွင် ထိခိုက်မှုများရှိခဲ့သလို အမှတ်မထင် မြို့ကြီးတစ်မြို့လုံးကို မိနစ်ပိုင်းအတွင်း မြို့ပျက်ကြီးတစ်ခုအသွင် လျှပ်တစ်ပြက်ပြောင်းလဲနိုင်သော သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်သည့် မြေငလျင်လှုပ်ရှားမှုမှာလည်း ရန်ကုန်မြို့ကြီးနှင့် လုံးဝယဉ်ပါးခြင်းမရှိသော သဘာဝဘေးအန္တရာယ်တစ်ခု မဟုတ်ခဲ့ပါ။ ရန်ကုန်မြို့ကြီး မြေငလျင်ဒဏ် ခံစားခဲ့ရမှုများကို ရန်ကုန်မြို့ရှိ ထင်ရှားကျော်ကြားလှသော လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်ကြီး၏ သမိုင်းကြောင်းများနှင့် ဆက်စပ်ရှာဖွေကြည့်ရာတွင် ရန်ကုန်မြို့သည် မြေငလျင်ဒဏ်ကို အကြိမ်ကြိမ်ခံစားခဲ့ရသော ဒေသတစ်ခုဖြစ်ခဲ့ပြီး ရွှေတိဂုံစေတီတော်ကြီးမှာလည်း ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့၍ အကြိမ်ကြိမ် ပြုပြင်မွမ်းမံခဲ့ရကြောင်း သိရပါသည်။ လက်လှမ်းမီသမျှ ရွှေတိဂုံစေတီတော်ကြီးနှင့် ဆက်စပ်လှုပ်ရှားခဲ့သော မြေငလျင်သမိုင်းရက်စွဲမှတ်တမ်းများကို အောက်ပါအတိုင်း သိရှိမှတ်သားခဲ့ရပါသည်။

၁၄၃၆ ခုနှစ် ။ ။ ငလျင်လှုပ်၍ ခေါင်းလောင်းတော်အထိ ပြိုသည်။ ဗညားရန်၊ ဗညားဗရူး၊ ဗညားကင်းဒေါ၊ ရှင်စောပုတို့ ပါဝင်၍ အဆက်ဆက် ပြုပြင်ခဲ့ရာ ဉာဏ်တော် ၃၀၂ ပေအထိ ဖြစ်လာသည်။

၁၅၆၄ ခုနှစ် ။ ။ ဘုရင့်နောင်လက်ထက်တွင် ငလျင်ကြီးလှုပ်၍ ပြိုသည်။

၁၆၁၀ ခုနှစ် ဇူလိုင်လ ။ ။ ၁၆၀၈ ခုနှစ် ငလျင်ကြောင့် အပျက်အစီးများကိုပြင်၍ ပြည်သူများ ပထမဆုံး စုပေါင်းလှူဒါန်းသည့်ထီးတော်ကို အင်ဗုဒ်ဆရာတော်ဦးစီး၍ တင်လှူသည်။

၁၆၂၀ ခုနှစ် နိုဝင်ဘာလ ။ ။ အနောက်ဘက်လွန်မင်းလက်ထက် ငလျင်လှုပ်၍ စေတီတော်အထက်ပိုင်း ပြိုကျပြီး မဟာရံတံတိုင်းများလည်း ပြိုကျသည်။

၁၆၆၂ ခုနှစ် ဖေဖော်ဝါရီလ ။ ။ ပြည်မင်းလက်ထက် ငလျင်လှုပ်၍ ထီးတော်ဘုံသုံးဆင့် လွင့်စဉ်မြေခသည်။

၁၆၆၄ ခုနှစ် ဒီဇင်ဘာလ ။ ။ ငလျင်လှုပ်သဖြင့် စိန်ဖူးနှင့်တစ်ကွ ထီးတော်အနောက်မြောက်ထောင့်သို့ ကျသည်။ ငှက်ပျောဖူးနှင့် ခေါင်းလောင်းပုံ ပြိုသည်။

၁၆၇၉ ခုနှစ် ဩဂုတ်-နိုဝင်ဘာလ ။ ။ ငလျင်အကြိမ်ကြိမ်လှုပ်သောကြောင့်စေတီကြီး ပြိုသည်ကို အများ ဝိုင်းဝန်းပြုပြင်သည်။

၁၇၆၈ ခုနှစ် ဇွန်လ ။ ။ ဆင်ဖြူရှင်မင်းတရားလက်ထက်တွင် ငလျင်လှုပ်၍ စေတီတော် သပိတ်မှောက်အထက်ပိုင်း ပျက်ယွင်းသည်။ စေတီတော် ပစ္စယာပန်းတင်လည်း ပျက်သည်။ ဆင်ဖြူရှင်မင်းတရားက ပြင်ဆင်ရန် ထီးတော်အသစ်လုပ်၍ ရွှေကိုယ်အလေးချိန် မျက်ပါးခတ်စေ၍ လှူသည်။

၁၈၈၈ ခုနှစ် အောက်တိုဘာလ ။ ။ ငလျင်လှုပ်၍ ငှက်မြတ်နားနှင့် စိန်ဖူးတော်အောက်သို့ ကျသည်။ ရွဲအထက်မှ အင်္ဂတေများ ကွာကျသည်။

၁၉၁၉ခုနှစ် ဩဂုတ်လ ။ ။ ငလျင်လှုပ်၍ ငှက်မြတ်နားတိုင် ယိုင်သည်။ ငှက်မြတ်နားနှင့် စိန်ဖူးတော်ကို ရင်ပြင်သို့ချ၍ အသစ်ပြန်လည်တင်လှူခဲ့သည်။

၁၉၃၀ ခုနှစ် မေလ ။ ။ ငလျင်လှုပ်၍ ငှက်မြတ်နားတိုင် ကျိုးကျပြီး စိန်ဖူးတော် တွဲလွဲကျသည်။

၁၉၇၀ ခုနှစ် စက်တင်ဘာလ ။ ။ ငလျင်များလှုပ်သည်။ စေတီတော် ပိန္နဲတိုင်စောင်း၍ ပစ္စည်းအချို့ ပြုတ်ကျ။

၁၉၇၈ ခုနှစ် စက်တင်ဘာလ ။ ။ ထီးတော်မှ ရွှေခေါင်းလောင်းအချို့ ပြုတ်ကျ။

ထို့အပြင် ရန်ကုန်မြို့အနီး ဗဟိုပြု၍ လှုပ်ရှားခဲ့သည့် မြေငလျင်များအပြင် ရန်ကုန်မြို့တွင် အပျက်အစီးနှင့် မှတ်တမ်းအတိအကျရှိသော မြေငလျင်များကို ရှာဖွေကြည့်သောအခါတွင်လည်း ၁၉-၈-၁၉၁၉၊ ၁၀-၉-၁၉၂၇၊ ၁၇-၁၂-၁၉၂၇၊ ၅-၅-၁၉၃၀(ပဲခူးငလျင်)၊ ၉-၉-၁၉၇၀ နှင့် ၃၀-၉-၁၉၇၈ (ဒေးဒရဲငလျင်)တို့ကို ရန်ကုန်မြို့မှ သိရှိသတိပြုမိခဲ့ပါသည်။ ၁၇-၁၂-၁၉၂၇ ခုနှစ် နံနက် ၀၂နာရီ ၂၅ မိနစ် အချိန်တွင် လှုပ်ရှားခဲ့သော ရန်ကုန်ငလျင်သည် ရန်ကုန်မြို့သာမက ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်တော်တော်များများ သိရှိသတိပြုမိရုံသာမက အပျက်အစီးရှိခဲ့ကြောင်းနှင့် ရော့စီဖော်ရဲလ်စကေး ၇ ခန့်ရှိသည်ဟု မှတ်သားသိရှိရ၍ မာကယ်လီစကေးနှင့် နှိုင်းယှဉ်ကြည့်သောအခါ မာကယ်လီစကေး ၆ ခန့်ရှိပြီး ၁၉၂၇ မှ ၅-၅-၁၉၃၀ ပဲခူးငလျင်ကြီးမတိုင်မီအထိ ရန်ကုန်မြို့တွင် ငလျင်ငယ်များ အကြိမ်ကြိမ်လှုပ်ရှားခဲ့ကြောင်း သိရှိမှတ်သားခဲ့ရပါသည်။

ထို့အတူ ၉-၉-၁၉၇၀ ရက်နေ့ နံနက် ၁၀ နာရီ ၃၀ မိနစ်တွင် လှုပ်ရှားခဲ့သော ရန်ကုန်ငလျင်၏ ဗဟိုချက်သည် ရန်ကုန်မြို့နှင့် လွန်စွာနီးကပ်၍ တော်လဲသံမှာလည်း လွန်စွာပြင်းထန်ပြီး မာကယ်လီစကေးမှာ ၆ နှင့် ၇ အကြား တွင်ရှိ၍ ရန်ကုန်မြို့အတွက် နှစ်ပေါင်းလေးဆယ်အတွင်း အပြင်းထန်ဆုံးဖြစ်ခဲ့သည်။ ဩဂုတ်လအတွင်း အကြိုငလျင်ငယ်စုစုပေါင်း ၁၀ ကြိမ်နှင့် စက်တင်ဘာလအတွင်း နောက်ဆက်တွဲ မြေငလျင်ငယ်စုစုပေါင်း ၂၇ ကြိမ် လှုပ်ရှားခဲ့သောကြောင့် ရန်ကုန်မြို့နေပြည်သူများ လွန်စွာထိတ်လန့်ကြောက်ရွံ့ခဲ့ကြပြီး ထိုငလျင်ကြောင့် စာတိုက်နှင့်ကြေးနန်းရုံး၊ ကြို့ကုန်းဆေးဝါးထုတ်လုပ်ရေးစက်ရုံ၊ အထက(၂) ကြည့်မြင်တိုင်၊ အထက(၃) ကြည့်မြင်တိုင်၊ အမက(၇) ကြည့်မြင်တိုင်၊ အစိုးရဂေဟာ(သမ္မတအိမ်တော်)တို့တွင် အတော်အတန်ပျက်စီးမှုများဖြစ်ခဲ့ပြီး ရန်ကုန်မြို့တွင်းမြို့ပြင်ရှိ တိုက်တာအဆောက်အအုံပေါင်း ၆၀ ခန့် အက်ကွဲခဲ့ကြောင်း မှတ်တမ်းများအရ သိရှိခဲ့ရပါသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းကို ဗဟိုပြု၍ အင်အားပြင်းမြေငလျင်ကြီးများ လှုပ်ရှားခဲ့သည့် မြေငလျင်ဆိုင်ရာ မှတ်တမ်းများ မတွေ့ရှိခဲ့ရသော်လည်း အင်အားသေးငယ်သော မြေငလျင်လေးများ အကြိမ်ကြိမ်လှုပ်ရှားခဲ့ကြောင်း အထက်ပါမှတ်တမ်းများအရ တွေ့ရှိနိုင်ပါသည်။ ယနေ့အချိန်အထိလည်း လှုပ်ရှားမှုများ ရှိနေကြောင်း သိရှိသတိပြုမိကြမည်ဟု ထင်ပါသည်။ ထိုကဲ့သို့ အပျက်အစီး၊ အသေအပျောက်မရှိနိုင်သည့် အင်အားသေးငယ်သော မြေငလျင်ငယ်လေးများသာ လှုပ်ရှားမှုရှိနိုင်သည်ဟုထင်၍ ရန်ကုန်မြို့ကြီးသည် မြေငလျင်ဘေးအန္တရာယ် မကျရောက်နိုင်ဟု လုံးဝစိတ်ချယုံကြည်ထား၍ မရပါ။

အဘယ်ကြောင့်ဆိုသော် မြေငလျင်တစ်ခု၏ ပျက်စီးနိုင်မှုနှင့် လူများသေကြေထိခိုက်ခံစားရမှု အနေအထားသည် ထိုမြေငလျင်၏ ပြင်းအားတစ်ခုတည်းအပေါ်တွင်သာ မူတည်နေခြင်းမဟုတ်ပါ။ ၄င်းမြေငလျင်၏ ဗဟိုချက်တည်ရှိရာအရပ်ဒေသ၊ ဗဟိုချက်၏ အနက်၊ ထိုအရပ်ဒေသ၏ ဘူမိအနေအထား၊ လူဦးရေနှင့် လှုပ်ရှားသည့်အချိန်များအပေါ်တွင် များစွာမူတည်ပါသည်။ ဥပမာအားဖြင့် အင်အားပြင်းထန်သော မြေငလျင်တစ်ခုသည် တိုက်တာအဆောက်အအုံမရှိသော၊ လူဦးရေကျဲပါးသည့် မြို့ရွာတစ်ခုကို ဗဟိုပြုပြီး လှုပ်ရှားခဲ့ပါက ထိုမြေငလျင်၏ အပျက်အစီးနှင့် အသေအပျောက်မှာ လွန်စွာနည်းပါးနိုင်ပြီး ဗဟိုပြုရာ အရပ်ဒေသသည် တိုက်တာအဆောက်အအုံများ ပေါများရာအရပ်နှင့် လူဦးရေထူထပ်သော မြို့ကြီးတစ်မြို့ ဖြစ်ခဲ့ပါက ထိုမြေငလျင်၏ အပျက်အစီးနှင့် အသေအပျောက်မှာ လွန်စွာများပြားနိုင်ကြောင်း အကြမ်းအားဖြင့် ခန့်မှန်းနိုင်ပါသည်။

ထို့အပြင် မြေငလျင်ဗဟိုချက်၏ အတိမ်အနက်နှင့် ဘူမိအနေအထားမှာလည်း လွန်စွာအရေးကြီးသည်။ မြေငလျင်မှာ အင်အားပြင်းပြီး အနက်တိမ်သော မြေငလျင်ဗဟိုချက်နှင့် လှုပ်ရှားရာအရပ်ဒေသ၏ အောက်ခံမြေသားမှာ နုန်းမြေ(Alluvium)အမျိုးအစားမျိုး ဖြစ်ခဲ့ပါက ငလျင်လှိုင်းများ၏ ဖျက်ဆီးနိုင်စွမ်းအားမှာ လွန်စွာကောင်းနိုင်ပါသည်။ ထို့အတူ မြေငလျင်လှုပ်ရှားသည့်အချိန်သည်လည်း များစွာအရေးပါပြီး မြေငလျင်လှုပ်ရှားသောအချိန်တွင် စက်ရုံ၊ အလုပ်ရုံနှင့် စာသင်ကျောင်းများတွင် လူအများစုဝေးသောအချိန်ဖြစ်ခဲ့ပါက လူသေပျောက်မှုနှုန်းကို တိုးစေနိုင်သော အချက်တစ်ချက် ဖြစ်ပါသည်။

ရန်ကုန်မြို့သည် မြန်မာနိုင်ငံအတွင်း အနက်တိမ်ပြီး အင်အားအသင့်အတင့်မှ အင်အားပြင်းထန်သည့် မြေငလျင်အမျိုးအစားများသာ အများအားဖြင့် လှုပ်ရှားတတ်ကာ ဘေးတိုက်ပြတ်ရွေ့နေသည့် သက်ဝင်လှုပ်ရှားနေသော မြန်မာနိုင်ငံ၏ထင်ရှားသော စစ်ကိုင်းပြတ်ရွေ့(Sagaing Fault)ကြီးအနီးတွင် တည်ရှိနေသည်။ ရန်ကုန်တိုင်းအတွင်းတွင်လည်း ပြတ်ရွေ့ငယ်လေးများ တည်ရှိကာ ပင်လယ်ကမ်းရိုးတန်းအနီးတွင်လည်း ပြတ်ရွေ့ငယ်များနှင့် ဝန်းရံလျက်ရှိပါသည်။ ထို့အပြင် ရန်ကုန်မြို့ကြီးသည် လူနေထူထပ်လာခြင်း၊ စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ထားခြင်းမရှိသော တိုက်တာအဆောက်အအုံများ၊ တိုက်အိုတိုက်ဟောင်းများ တိုးတက်တည်ရှိလာခြင်းနှင့် မြေငလျင်လှုပ်ရှားမှုဖြစ်ခဲ့လျှင် အများပြည်သူ သွားရောက်ရှောင်ရှားနိုင်သည့် မြေကွက်လပ်(Open spaces)များ ရှားပါးလာခြင်းသည်လည်း အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားလာခဲ့ပါက လူအသေအပျောက်နှင့် ပျက်စီးဆုံးရှုံးမှုကို ဖြစ်ပေါ်စေနိုင်သော အကြောင်းအချက်များဖြစ်နေသည်ကို လေ့လာတွေ့ရှိရပါသည်။



၅-၅-၁၉၃၀ ရက် ည ၀၈ နာရီ ၁၅ မိနစ်အချိန်ခန့်တွင် လှုပ်ရှားခဲ့သော ၇ ဒသမ ၃ အဆင့်ရှိ အင်အားပြင်းထန်သော ပဲခူးမြေငလျင်ကြီးသည် ပဲခူးမြို့တွင် လူ ၅၀၀ ကျော်သေဆုံးစေခဲ့ပြီး ရန်ကုန်မြို့တွင်လည်း လူ ၅၀ ခန့် သေဆုံးခဲ့ရပါသည်။ လူဦးရေသိပ်သည်းဆနည်းသေးသော ထိုခေတ်ထိုအခါ အနေအထားအရ လူဦးရေ ၂၀၀၀၀ ခန့်သာရှိသော ပဲခူးမြို့တွင် ထိုငလျင်လှုပ်ရှားမှုကြောင့် လူအသေအပျောက်များရခြင်းမှာ ငလျင်ဗဟိုချက်နှင့် လွန်စွာနီးကပ်ခြင်းနှင့် ငလျင်လှုပ်ပြီးနောက် မီးလောင်ကျွမ်းမှုများဖြစ်ပေါ်ခဲ့ခြင်းကလည်း အကြောင်းရင်းတစ်ရပ်ဖြစ်ကြောင်း သိရှိခဲ့ရပါသည်။ ထို့ကြောင့် လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်၍ မီးလောင်မှု မကြာခဏဖြစ်ပွားတတ်သော ရန်ကုန်မြို့အနေဖြင့် မြေငလျင်လှုပ်ခဲ့ပါက မြေငလျင်လှုပ်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများအပြင် မီးဘေးအန္တရာယ်ကိုပါ ထည့်သွင်းစဉ်းစားထားသင့်သည်ဟု ထင်မြင်ယူဆမိပါသည်။

တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် မည်သူမှ တိတိကျကျကြိုတင်၍ ခန့်မှန်းနိုင်ခြင်းမရှိသေးသော မြေငလျင်သဘာဝဘေးအန္တရာယ်သည် ရန်ကုန်မြို့ကဲ့သို့ တိုက်တာအဆောက်အအုံနှင့် လူဦးရေများပြားထူထပ်သော မြို့ကြီးတစ်မြို့အနေဖြင့် လုံးဝစိတ်ချထား၍မရသော အန္တရာယ်ပေးနိုင်သည့် သဘာဝဘေးအန္တရာယ်တစ်ခု ဖြစ်ပါသည်။

ထို့ကြောင့် ရန်ကုန်မြို့သာမက အခြားသော မြို့ရွာများအနေဖြင့်လည်း မြေငလျင် သဘာဝဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ရန် အစီအမံများနှင့် ဘေးအန္တရာယ် ကျရောက်လာပါက ကျောင်းများ၊ ဆေးရုံများ၊ စက်ရုံများ၊ ရုပ်ရှင်ရုံကဲ့သို့ လူအများစုဝေးရာ နေရာများအတွက်လည်းကောင်း၊ မြို့၊ ရွာများအတွက်လည်းကောင်း မည်ကဲ့သို့ တိကျသေချာသော အစီအမံများ ပြုလုပ်ဆောင်ရွက်သွားမည်ကို သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ တတ်သိနားလည်သူ ပညာရှင်များနှင့် ပြည်သူလူထုများပါ ပူးပေါင်းပါဝင်၍ အချိန်မရွေး ဖြစ်ပေါ်နိုင်သော မြေငလျင်သဘာဝဘေးအန္တရာယ်မှကင်းဝေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားနိုင်ပါရန် ရေးသားတင်ပြလိုက်ရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအတွင်းကို ဗဟိုပြု၍ အင်အားသေးငယ်သော မြေငလျင်လေးများ အကြိမ်ကြိမ်လှုပ်ရှားခဲ့ကြောင်း အထက်ပါမှတ်တမ်းများအရ တွေ့ရှိနိုင်ပါသည်။ ထိုကဲ့သို့ အပျက်အစီး၊ အသေအပျောက်မရှိနိုင်သည့် အင်အားသေးငယ်သော မြေငလျင်ငယ်လေးများသာ လှုပ်ရှားမှုရှိနိုင်သည်ဟုထင်၍ ရန်ကုန်မြို့ကြီးသည် မြေငလျင်ဘေးအန္တရာယ် မကျရောက်နိုင်ဟု လုံးဝစိတ်ချယုံကြည်ထား၍မရပါ။**

### မြေငလျင် ပြင်းအားပမာဏသတ်မှတ်ချက်

| စဉ် | ပြင်းအားအဆင့် | အင်အားပမာဏ (ရစ်ခ်တာစကေး) | ပြင်းထန်အား (မာကယ်လီစကေး) |
|---|---|---|---|
| ၁ | အင်အားအနည်းငယ် | ၅.၀ အောက် | ၁ - ၅ |
| ၂ | အင်အားအသင့်အတင့် | ၅.၀ - ၆.၀ | ၆ - ၈ |
| ၃ | အင်အားပြင်းထန် | ၆.၁ - ၇.၅ | ၉ - ၁၀ |
| ၄ | အင်အားအလွန်ပြင်းထန် | ၇.၅ အထက် | ၁၁ - ၁၂ |

### မြေငလျင် အတိမ်၊ အနက် သတ်မှတ်ချက်

| စဉ် | အမျိုးအစား | အနက်(ကီလိုမီတာ) |
|---|---|---|
| ၁ | ကမ္ဘာမျက်နှာပြင်မှ အနက်တိမ်သော မြေငလျင် | ၀ မှ ၇၀ |
| ၂ | ကမ္ဘာမျက်နှာပြင်မှ အနက်အလယ်အလတ်ရှိသော မြေငလျင် | ၇၀ မှ ၃၀၀ |
| ၃ | ကမ္ဘာမျက်နှာပြင်မှ အနက်အလွန်နက်သော မြေငလျင် | ၃၀၀ မှ ၇၀၀ |

**ကိုးကား**
**၁။ ရွှေတိဂုံသုတေသနစာစောင် အမှတ်(၁) အထူးထုတ်**
**၂။ အနီးအနားက အကြီးမားဆုံး သဘာဝဘေးအန္တရာယ်–မျိုးသူရ(စစ်ကိုင်း)**
**၃။ ငလျင်ဆောင်းပါးပေါင်းချုပ် – လှလှအောင်**

ဒီနှစ် အင်္ဂလန်ပရီမီယာလိဂ်မှာ ချီးကျူးစရာ အကြောင်းအခြင်းအရာအတော်များတယ်။ လက်စတာအသင်းဟာ ပရီမီယာလိဂ်ဆုဖလား ဆွတ်ခူးနိုင်ဖို့ အနီးစပ်ဆုံးဖြစ်လာသလို သူတို့ရဲ့စွမ်းဆောင်နိုင်ရည်နဲ့ ကြိုးစားအားထုတ်မှုတွေအားလုံးအတွက် ချီးကျူးချင်စရာအကောင်းဆုံးဖြစ်နေသလို ဂျိမ်းဗာဒီ၊ မာရက်ဇ်၊ ကန်တီစတဲ့လက်စတာကစားသမားများဟာလည်း အချီးကျူးခံပုဂ္ဂိုလ်များစာရင်းမှာ ပါဝင်နေပါတယ်။ ဒါ့အပြင် အသင်းငယ်လေးတစ်သင်းဖြစ်တဲ့အပြင် အခုနှစ်မှပရီမီယာလိဂ်ကို တက်ရောက်လာခွင့်ရရှိခြင်းဖြစ်ပေမယ့်လည်း ပရီမီယာလိဂ်မှာတန်းတင်ကျန်ရစ်ဖို့ နီးစပ်နေတဲ့အထိ စွမ်းဆောင်ထားနိုင်တဲ့ ဘုန်းမောက်ဟာလည်း ချီးကျူးစရာဖြစ်နေကာ အီဂါလို၊ ဟယ်ရီကိန်း၊ ပါယက်စ်စတဲ့ ကစားသမားများဟာလည်း မိမိအသင်းများ အတွက် အကောင်းဆုံးခြေစွမ်းပြသနေမှုတွေနဲ့အတူ အခုနှစ် ပရီမီယာလိဂ်မှာ ထင်ရှားလျက်ရှိကြပါတယ်။

# ဆန်းဒါးလန်းရဲ့အိပ်မက်မြေ (သို့) ဂျာမိန်းဒီဖိုး




ဒါပေမယ့် အဆိုပါ ချီးကျူးခံပုဂ္ဂိုလ်များအနက် အများစုမေ့လျော့ထားတဲ့ သူအချို့ကျန်နေသလို အဆိုပါအထဲမှာ ဆန်းဒါးလန်းတိုက်စစ်မှူး ဒီဖိုးက အဓိက အကျဆုံးလို့ ဆိုရမှာဖြစ်ပါတယ်။ ဒီဖိုးဟာ အင်္ဂလန်လက်ရွေးစင်အသင်းနဲ့ ပရီမီယာလိဂ်အဝန်းအဝိုင်းမှာ နာမည်တစ်ခုကို တည်ဆောက်နိုင်ပြီးခဲ့တဲ့ ဝါရင့်တိုက်စစ်မှူးကြီး တစ်ဦးဖြစ်ပါတယ်။ လက်ရှိအချိန်မှာ သူရဲ့အသက်အရွယ်ဟာ ၃၄ နှစ်အတွင်းကိုတောင်မှ ဝင်ရောက်ခဲ့ပြီဖြစ်ပေမယ့်လည်း ဒီဖိုးဟာ အဲ့ဒီအသက်အရွယ်နဲ့ မလိုက်ဖက်အောင် လက်ရှိအချိန်မှာ ဆန်းဒါးလန်းအသင်းကို တန်းတင်ကျန်ရစ်ရေး အကြိမ်ကြိမ်ကယ်တင်မှုများ ပြုလုပ်ပေးနေသူလည်း ဖြစ်ပါတယ်။ အရေးပါတဲ့ ဒါဘီပွဲစဉ်ဖြစ်သလို တန်းတင်ကျန်ရစ်ဖို့လည်း အဓိကကျတဲ့ နယူးကာဆယ်နဲ့ပွဲမှာ ဒီဖိုးဟာ အသင်းအတွက် အဖွင့်ဂိုးသွင်းယူပေးကာ အဝေးကွင်းမှာတောင် အဖိုးတန်တစ်မှတ် ရယူပေးနိုင်ခဲ့ပါတယ်။

ဒါ့အပြင် ဆောက်သမ်တန်လို အသင်းကောင်း တစ်သင်းနဲ့ပွဲမှာလည်း ဆန်းဒါးလန်းအတွက် အဖိုးတန်တစ်မှတ်ရရှိဖို့ အဝေးကွင်းမှာ ဦးဆောင်ဂိုးသွင်းယူပေးခဲ့သလို ပဲလေ့စ်နဲ့ နှစ်ဂိုးစီသရေကျခဲ့တဲ့ပွဲမှာလည်း အဖွင့်ဂိုးရရှိဖို့ ဖန်တီးပေးနိုင်ခဲ့သူဖြစ်ပါတယ်။ ဒါ့အပြင် ဒီဖိုးဟာ လီဗာပူးနဲ့ပွဲမှာလည်း ပွဲပြီးခါနီးအထိ ရှုံးနိမ့်နေတဲ့ ဆန်းဒါးလန်းကို ၈၉ မိနစ်မှာ ချေပဂိုးသွင်းယူပေးကာ အဆိုပါပွဲမှာလည်း အဖိုးတန်အမှတ်တစ်မှတ်ကို အသင်းအတွက် ရယူပေးနိုင်ခဲ့တယ်။

ဆိုရရင် ဒီဖိုးဟာ အခုနှစ်ရာသီမှာ ဆန်းဒါးလန်းအတွက် ပြိုင်ပွဲအရပ်ရပ် စုစုပေါင်း ၁၆ ဂိုး သွင်းယူပေးကာ အသင်းအတွင်း ဂိုးသွင်းအများဆုံးအဖြစ် ရပ်တည်နေတဲ့ ကစားသမားဖြစ်ပါတယ်။ ဒီအချက်ဟာ ဒီဖိုးရဲ့ အခုနှစ်ရာသီမှာ ဆန်းဒါးလန်းအတွက် အရေးပါမှုနဲ့ ဒီဖိုးရဲ့ ခြေစွမ်းဟာ ဆန်းဒါးလန်းရဲ့ တန်းမဆင်းရရေး ရည်မှန်းချက်အတွက် အဓိကကျတယ်ဆိုတာ ထင်ရှားတဲ့ အချက်တစ်ခုလို့ ဆိုရနိုင်တယ်။



အမှန်ဆိုရင် ဒီဖိုးဟာ ဆန်းဒါးလန်းကို အခုနှစ်မှသာ ကယ်တင်နေတဲ့သူ မဟုတ်ဘူး။ ဆန်းဒါးလန်းဟာ မနှစ်ကလည်းအခုလို တန်းတင်ကျန်ရစ်ဖို့ ရုန်းကန်ခဲ့ရတဲ့အသင်းဖြစ်တယ်။ ဒါကြောင့်ပဲ အဲ့ဒီကတည်းက ဆန်းဒါးလန်းမန်နေဂျာ ဂူးပိုယက်စ်က ဇန်နဝါရီဈေးကွက်မှာ ဒီဖိုးကို ခေါ်ယူအားဖြည့်ခဲ့တာဖြစ်ပြီး ဂူးပိုယက်စ်ထုတ်ပယ်ခံခဲ့ရပြီး အစားဝင်ရောက်လာတဲ့ အက်စ်ဗိုကက်စ်ရဲ့ လက်အောက်မှာလည်း ဒီဖိုးဟာ အကောင်းဆုံးခြေစွမ်းများနဲ့အတူ ပရီမီယာလိဂ်မှာ အသင်းကို တန်းတင်ကျန်ရစ်စေဖို့ အထောက်အကူများစွာ ပေးနိုင်ခဲ့တဲ့သူဖြစ်တယ်။

အဲဗာတန်ကို ၂-၀ နဲ့ အနိုင်ရခဲ့တဲ့ပွဲမှာ အနိုင်သေချာစေမယ့်ဒုတိယဂိုးကို ဒီဖိုးကပဲ သွင်းယူပေးခဲ့တာဖြစ်သလို ကာဆယ်ကို အနိုင်ရခဲ့တဲ့ပွဲမှာလည်း အဖိုးတန်အနိုင်ဂိုးကို ဒီဖိုးကပဲ သွင်းယူပေးခဲ့ခြင်းဖြစ်ကာ ရာသီတစ်ဝက်မှ အသင်းကို ရောက်ရှိလာခဲ့ပေမယ့်လည်း ဆန်းဒါးလန်းအတွက် အဆုံးအဖြတ်ဂိုးတွေကို သွင်းယူပေးနိုင်ခဲ့ကာ မနှစ်ကတည်းက အသင်းကို တန်းတင်ကျန်ရစ်စေဖို့ အကူအညီပေးနိုင်ခဲ့သူဖြစ်တယ်။

တကယ်တော့ ဆန်းဒါးလန်းဟာ မနှစ်ကတည်းက တိုက်စစ်ပိုင်း အခက်အခဲနဲ့ ရင်ဆိုင်ခဲ့ရတာဖြစ်ပါတယ်။ ဆန်းဒါးလန်းအနေနဲ့ မနှစ်ကရာသီ ပရီမီယာလိဂ်ပြိုင်ပွဲအတွင်းမှာ ဘန်လေပြီးရင် ဗီလာနဲ့အတူ သွင်းဂိုးအနည်းဆုံးအသင်းအဖြစ် ရပ်တယ်ခဲ့ရတာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီရာသီမှာ ဆန်းဒါးလန်းဟာ မနှစ်ကလို အခြေအနေမျိုး မကြုံတွေ့ရအောင် ရာသီမစခင် နွေရာသီဈေးကွက်က တည်းတိုက်စစ်ပိုင်းကို အားဖြည့်မှုတွေ ပြုလုပ်ခဲ့တာလည်း ဖြစ်ပါတယ်။

ပြောရရင် ဆန်းဒါးလန်းဟာ လီဗာပူးကနေ တိုက်စစ်မှူး ဘိုရီနီကို ခေါ်ယူခဲ့သလို ဇန်နဝါရီဈေးကွက်မှာလည်း ဆီနီဂေါတိုက်စစ်မှူး အန်ဒွိုင်းကိုလည်း အငှားနဲ့ ထပ်မံခေါ်ယူခဲ့တာဖြစ်ပေမယ့် အဆိုပါ အားဖြည့်မှုတွေဟာ ထိရောက်မှုမရှိခဲ့ပါဘူး။ ဘိုရီနီဆိုရင် လေးဂိုးသာ သွင်းယူနိုင်ခဲ့သလို အန်ဒွိုင်းဆိုရင်လည်း တစ်ဂိုးသာသွင်းယူနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ဆန်းဒါးလန်းဟာ မနှစ်ကလို တိုက်စစ်ပိုင်းအခက်အခဲနဲ့ ကြုံတွေ့ခဲ့ရပေမယ့် ဒီဖိုးရဲ့ ခြေစွမ်းပြသနိုင်မှုတွေကြောင့်သာ သွင်းဂိုးတွေ ရယူနိုင်ခဲ့ပြီး အခုအထိ တန်းမဆင်းရဖို့ မျှော်လင့်ချက်ထားနိုင်နေခဲ့တာလည်း ဖြစ်ပါတယ်။

တကယ်တော့ ဒီဖိုးဟာ ဂိုးသွင်းယူနိုင်သူတစ်ဦးသာ မဟုတ်ဘဲ လိုအပ်ရင် အသင်းဖော်တွေ ဂိုးသွင်းယူနိုင်အောင်လည်း တစ်ကိုယ်ကောင်းမဆန်စွာ ဖန်တီးပေးနိုင်ခဲ့သူ ဖြစ်ပါတယ်။ ပဲလေ့စ်နဲ့ နှစ်ဂိုးစီသရေကျခဲ့တဲ့ပွဲမှာဆိုရင် ဒီဖိုးဟာ အန်ဒွိုင်းအဖွင့်ဂိုးသွင်းယူနိုင်အောင် ဖန်တီးပေးနိုင်ခဲ့တာဖြစ်သလို ဒီနှစ် ပရီမီယာလိဂ်ပြိုင်ပွဲအတွင်းမှာလည်း ဆန်းဒါးလန်းအသင်း ဂိုးရယူနိုင်လောက်တဲ့ အခွင့်အရေးမျိုးကို (၁၈)ကြိမ်တိတိ ဖန်တီးပေးနိုင်ခဲ့တဲ့သူလည်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီနှစ်ရာသီမှာ ဆန်းဒါးလန်းရဲ့ တန်းမဆင်းရရေးရည်မှန်းချက်ဟာ ဒီဖိုးအပေါ်မှာသာ အဓိကတည်မှီနေသလို ဒီဖိုးကပဲ အဲဒီအိပ်မက်ကို တစ်ရာသီလုံး တင်းခံဖော်ဆောင်ပေးနေခဲ့တာလို့လည်း အားလုံးက အသိအမှတ်ပြုကြပါတယ်။

ပြောရရင် နောက်ဆုံးကစားခဲ့တဲ့ အာဆင်နယ်နဲ့ပွဲမှာတော့ ဒီဖိုးအနေနဲ့ ဂိုးသွင်းယူနိုင်မှုမရှိခဲ့ဘူး။ ဒါပေမယ့်လည်း ဒီဖိုးဟာ အဲဒီပွဲမှာလည်း ဆန်းဒါးလန်းရဲ့ တိုက်စစ်ကို အကောင်းဆုံးဦးဆောင်နိုင်ခဲ့ကာ အာဆင်နယ်ရဲ့ခံစစ်ကို ထိထိမိမိ ခြိမ်းခြောက်မှုတွေပြုလုပ်နိုင်ခဲ့တယ်။ သူ့ရဲ့ ထိုးဖောက်ကန်သွင်းချက်တွေဟာလည်း ထိရောက်ခဲ့ကာ အာဆင်နယ်ဂိုးသမား ပီတာဆက်ခ်ျ လက်စွမ်းပြကာကွယ်နိုင်ခဲ့မှုတွေကြောင့်သာ ဒီဖိုးဂိုးသွင်းနိုင်ခြင်း မရှိခဲ့တာဖြစ်သလို ဆန်းဒါးလန်းလည်း သရေတစ်မှတ်သာ ယူဆောင်နိုင်ခဲ့တာဖြစ်တယ်။ ဒါပေမယ့်လည်း အဲဒီပွဲမှာ သရေတစ်မှတ်ရရှိခဲ့တာကြောင့် ဆန်းဒါးလန်းဟာ ပွဲစဉ် ၃၅ အပြီးမှာ တစ်ပွဲလျော့အနေအထားနဲ့ အဆင့် ၁၇ ကို ရောက်ရှိလာခဲ့ကာ တန်းဆင်းဇုန်အပြင်ဘက်ကို ရောက်ရှိလာနိုင်ခဲ့တယ်။

ပြောရရင် လက်ရှိ ဆန်းဒါးလန်းရရှိထားတဲ့ အမှတ်ဟာ သူ့အောက်အဆင့် ၁၈ က သူနဲ့ပွဲတူ နော့ဝှစ်ချ်နဲ့ တူညီနေတဲ့အတွက် တန်းတင်ကျန်ရစ်နိုင်ဖို့တော့ စိတ်ချရမှုမရှိသေးပါဘူး။ ဒါပေမယ့် ဆန်းဒါးလန်းဟာ စတုတ်၊ ချယ်လ်ဆီး၊ အဲဗာတန်၊ ဝက်ဖို့ဒ်တို့နဲ့ ကစားရဖို့ ကျန်နေသေးကာ ဆန်းဒါးလန်းရဲ့ အဆိုပါ ပွဲကျန်အနေအထားဟာ အာဆင်နယ်၊ မန်ယူ၊ ဝက်ဖို့ဒ်၊ အဲဗာတန်တို့နဲ့ ကစားရဖို့ကျန်နေတဲ့ နော့ဝှစ်ချ်ထက် အနည်းငယ်ပိုမို ပွဲချောင်နေတယ်။ အထူးသဖြင့် ပရီမီယာလိဂ်က ဂိုးကွာဟချက်နဲ့ ဆုံးဖြတ်မှာဖြစ်တာကြောင့် လက်ရှိအချိန်မှာ ဂိုးကွာဟချက်မှာ အသာရနေတဲ့ ဆန်းဒါးလန်းဟာ ရာသီအဆုံးမှာ နော့ဝှစ်ချ်နဲ့ အမှတ်တူခဲ့ရင်တောင် တန်းတင်ကျန်ရစ်ခဲ့မှာဖြစ်တယ်။ ဒါဟာလည်း ဒီဖိုးရဲ့ သွင်းဂိုးတွေကြောင့်ဖြစ်သလို အဲ့ဒီ နော့ဝှစ်ချ်နဲ့ဆုံခဲ့ရတဲ့ ပွဲမှာလည်း ဆန်းဒါးလန်းက သုံးဂိုးပြတ်နဲ့ အနိုင်ရခဲ့တော့ ဒီဖိုးက တစ်ဂိုးသွင်းယူပေးခဲ့သေးတယ်။

ဒါကြောင့်ပဲ ပရီမီယာလိဂ်မှာ ချီးကျူးဖွယ်ကစားသမားကောင်းများစွာရှိနေသလို အသက်အရွယ်နဲ့ မလိုက်ဖက်လောက်အောင် အသင်းအတွက် တင်းခံကြိုးစားပြီး ဂိုးတွေသွင်းယူပေးနေတဲ့ ဆန်းဒါးလန်းရဲ့ တိုက်စစ်မှူး ဒီဖိုးကိုလည်း အဆိုပါ ချီးကျူးဖွယ်ကစားသမားများစာရင်းမှာ ချန်လှပ်ထားလို့ရမှာမဟုတ်သလို လက်ကျန်ပွဲတွေမှာလည်း ဆန်းဒါးလန်းတို့ နိုင်ပွဲတွေရယူနိုင်ကာ တန်းတင်ကျန်ရစ်နိုင်ရေးအတွက် ဒီဖိုးအနေနဲ့ ဘယ်လို အဆုံးသတ်မှုတွေနဲ့ ကူညီပေးသွားမလဲဆိုတာကိုပါ စောင့်ကြည့်သွားရမှာ သေချာနေပါတယ်။

**ဝေမိုးဆက်**

## ပရီမီယာလိဂ်ပွဲစဉ် (၃၆)

| | |
|---|---|
| **စနေနေ့ (၃၀-၄-၁၆)** | |
| ည ၈း၃၀ | ဝက်ဖို့ဒ် - ဗီလာ |
| ည ၈း၃၀ | အဲဗာတန် - ဘုန်းမောက် |
| ည ၈း၃၀ | နယူးကာဆယ် - ပဲလေ့စ် |
| ည ၈း၃၀ | စတုတ် - ဆန်းဒါးလန်း |
| ည ၈း၃၀ | ဝက်စ်ဘရွန်း - ဝက်စ်ဟမ်း |
| ည ၁၁း၀၀ | အာဆင်နယ် - နော့ဝှစ်ချ် |
| **တနင်္ဂနွေနေ့ (၁-၅-၁၆)** | |
| ည ၅း၃၀ | ဆွမ်ဆီး - လီဗာပူး |
| ည ၇း၃၅ | မန်ယူ - လက်စတာ |
| ည ၁၀း၀၀ | ဆောက်သမ်တန် - မန်စီးတီး |
| **တနင်္လာနေ့ (၂-၅-၁၆)** | |
| နံနက် ၁း၃၀ (အင်္ဂါနံနက်) | ချယ်လ်ဆီး - စပါး |

## စပိန်လာလီဂါပွဲစဉ် (၃၆)

| | |
|---|---|
| **သောကြာနေ့ (၂၉-၄-၁၆)** | |
| နံနက် ၁း၀၀ (စနေနံနက်) | ဂီဂျွန် - အီဘာ |
| **စနေနေ့ (၃၀-၄-၁၆)** | |
| ည ၈း၃၀ | ဆိုစီဒက် - ရီးရဲမက်ဒရစ် |
| ည ၁၀း၄၅ | အက်သလက် - ဗယ်လီကာနို |
| နံနက် ၁း၀၀ (တနင်္ဂနွေနံနက်) | ဘက်တစ် - ဘာစီလိုနာ |
| နံနက် ၂း၃၅ (တနင်္ဂနွေနံနက်) | ဂရန်နာဒါ - လက်ပဲလ်မတ် |
| **တနင်္ဂနွေနေ့ (၁-၅-၁၆)** | |
| ညနေ ၄း၃၀ | ဘီလ်ဘို - ဆယ်တာဗီဂို |
| ည ၈း၃၀ | အက်စ်ပန်ညို - ဆီဗီလာ |
| ည ၁၀း၄၅ | ဒီပို့တီဗို - ဂီတာဖေး |
| နံနက် ၁း၀၀ (တနင်္လာနံနက်) | ဗလင်စီယာ - ဗီလာရီးရဲ |
| **တနင်္လာနေ့ (၂-၅-၁၆)** | |
| နံနက် ၁း၀၀ (အင်္ဂါနံနက်) | မာလာဂါ - လီဗန်တေး |

## စီးရီးအေပွဲစဉ် (၃၆)

| | |
|---|---|
| **စနေနေ့ (၃၀-၄-၁၆)** | |
| ည ၁၀း၃၀ | အူဒီးနီးစ် - တိုရီနို |
| နံနက် ၁း၄၅ (တနင်္ဂနွေနံနက်) | ချီယေဗို - ဖီအိုရင်တီးနာ |
| **တနင်္ဂနွေနေ့ (၁-၅-၁၆)** | |
| ညနေ ၅း၀၀ | ဂျူဗင်တပ် - ကာပီ |
| ည ၇း၃၀ | အမ်ပိုလီ - ဘလော့ညာ |
| ည ၇း၃၀ | အေစီမီလန် - ဖရိုစီနိုနီ |
| ည ၇း၃၀ | ဆာစူအိုလို - ဗီရိုနာ |
| ည ၇း၃၀ | ပါလာမို - ဆမ့်ဒိုးရီးယား |
| နံနက် ၁း၄၅ (တနင်္လာနံနက်) | လာဇီယို - အင်တာမီလန် |
| **တနင်္လာနေ့ (၂-၅-၁၆)** | |
| ည ၁၁း၃၀ | ဂျီနိုအာ - ရိုးမား |
| နံနက် ၁း၃၀ (အင်္ဂါနံနက်) | နာပိုလီ - အတ္တလန်တာ |

# လက်စတာ ကိုအခက်တွေ့စေမယ့် မန်ယူ

## PREMIER LEAGUE WEEK 36

ပရီမီယာလိဂ် ပွဲစဉ် (၃၆) ကို လာမယ့် ဧပြီ ၃၀၊ မေ ၁၊ ၃ ရက်တွေမှာ ကျင်းပသွားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာတော့ ချယ်လ်ဆီးနဲ့ စပါးတို့ ဆုံတွေ့တဲ့ပွဲ ပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ ဒါ့အပြင် ဒီပွဲစဉ်မှာ အမှတ်ပေးဇယားထိပ်ဆုံးက လက်စတာကလည်း အသင်းကောင်းတစ်သင်းဖြစ်တဲ့ မန်ယူနဲ့ ရင်ဆိုင်ရဖို့ရှိနေသလို အာဆင်နယ်ကလည်း တန်းမဆင်းရဖို့အတွက် အားစိုက်ကစားလာမယ့် နော့ဝှစ်ချ်နဲ့ ရင်ဆိုင်ရမယ့်ပွဲတွေ ပါဝင်နေပါတယ်။ ဒါ့အပြင် နောက်ဆုံးကစားခဲ့တဲ့ပွဲစဉ်မှာ နယူးကာဆယ်ကို သရေသာကစားနိုင်ခဲ့တဲ့ လီဗာပူးအနေနဲ့လည်း ဒီပွဲစဉ်မှာ နိုင်ပွဲပြန်လည်ရယူနိုင်မလားဆိုတာကိုပါ စောင့်ကြည့်သွားရဖို့ရှိနေတာကြောင့် ဒီပရီမီယာလိဂ်ပွဲစဉ်(၃၆)ဟာ စိတ်ဝင်စားဖို့ကောင်းတဲ့ ပွဲစဉ်တစ်ခုဖြစ်နေတာ ထင်ရှားနေပါတယ်။




### ဝက်ဖို့ဒ် V ဗီလာ

| | | | | |
|---|---|---|---|---|
| ပ-ကျော့ | ဗီလာ | ၂ | ၃ | ဝက်ဖို့ဒ် |

ဗီလာက တန်းဆင်းရဖို့ သေချာနေတဲ့ အသင်းဖြစ်ပါတယ်။ လက်ရှိခြေစွမ်းကလည်း အားနည်းမှုတွေ များလွန်းနေပါတယ်။ ဒါပေမယ့်လည်း ဗီလာဟာ ရာသီအဆုံးသတ်ပိုင်းပွဲတွေမှာတော့ ရလဒ်ကောင်းအောင် အားစိုက်ကစားလာဖို့ ရှိနေပါတယ်။ ဝက်ဖို့ဒ်ကလည်း လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းက အားနည်းမှုတွေများလွန်းနေတဲ့ အသင်းဖြစ်ပါတယ်။ ဝက်ဖို့ဒ်အနေ နဲ့ အိမ်ကွင်းအားနဲ့ ရလဒ်ကောင်းအောင် အားစိုက်လာမှာ သေချာနေပေမယ့်လည်း တိုက်စစ်ကဂိုးသွင်းခြေတည်ငြိမ်မှုမရှိတာကြောင့် ဗီလာတို့ အခွင့်အရေးရနိုင်ကာ သရေလောက်ရမယ်။

### ကာဆယ် V ပဲလေ့စ်

| | | | | |
|---|---|---|---|---|
| ပ-ကျော့ | ပဲလေ့စ် | ၅ | ၁ | ကာဆယ် |

ပဲလေ့စ်က တန်းမဆင်းရဖို့အတွက်သေချာမှုမရှိသေးပါဘူး။ ဒါကြောင့်လည်း နောက်ပိုင်းပွဲတွေမှာ နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားနေပေမယ့်လည်း ခြေကအားနည်းမှုတွေ ရှိနေပါတယ်။ အထူးသဖြင့် ပဲလေ့စ်တိုက်စစ်ပိုင်းက အခုနောက်ပိုင်းပွဲတွေမှာ ဂိုးသွင်းအား ကျဆင်းနေတာကို သတိပြုရမှာဖြစ်ပါ တယ်။ ဒါပေမယ့်လည်း ပဲလေ့စ်အနေနဲ့ ဒီပွဲအနိုင်ရခဲ့မယ်ဆိုရင် တန်းတင်ကျန်ရစ်ဖို့ သေချာသလောက်ရှိသွားနိုင်တာကြောင့် ခြေကုန်ထုတ်လာမှာဖြစ်သလို ကာဆယ်ခြေကလည်း သာမန်ထက်မပိုပါဘူး။ သရေကျသွားနိုင်တဲ့ပွဲပါ။

### အာဆင်နယ် V နော့ဝှစ်ချ်

| | | | | |
|---|---|---|---|---|
| ပ-ကျော့ | နော့ဝှစ်ချ် | ၁ | ၁ | အာဆင်နယ် |

ချန်ပီယံလိဂ် တိုက်ရိုက်ဝင်ခွင့်ရယူနိုင်ဖို့အတွက် မန်စီးတီးနဲ့ အားပြိုင်နေရတာကြောင့် အာဆင်နယ်ဟာ နောက်ပိုင်းပွဲတွေကို အားစိုက်ကစားနေပါတယ်။ ဒီပွဲစဉ်မှာလည်း အိမ်ကွင်းဖြစ်နေတာကြောင့် အာဆင်နယ်တို့ အများခံမှာ မဟုတ်ပါဘူး။ လက်ရှိအာဆင်နယ်ခြေကလည်း တည်ငြိမ်မှုရှိတယ်လို့ ဆိုနိုင်ပါတယ်။ ဒါပေမယ့် နော့ဝှစ်ချ်ကလည်း တန်းမဆင်းရဖို့အတွက် အားစိုက်ကစားလာမှာဖြစ်တာကြောင့် အာဆင်နယ်တို့ လွယ်လွယ်ကူကူ အနိုင်ရယူနိုင်ဖို့ မလွယ်ကူပါဘူး။ အာဆင်နယ်တို့အိမ်ကွင်းမှာ အနိုင်ရယူနိုင်မှာ သေချာပေမယ့် ဂိုးပြတ်ဖို့တော့ခက်ပါတယ်။

### အဲဗာတန် V ဘုန်းမောက်

| | | | | |
|---|---|---|---|---|
| ပ-ကျော့ | ဘုန်းမောက် | ၃ | ၃ | အဲဗာတန် |

ပရီမီယာလိဂ်ပြိုင်ပွဲအတွင်းမှာ အဲဗာတန် ရဲ့ လက်ရှိခြေစွမ်းက အားနည်းမှုတွေရှိနေတာကို တွေ့ရမှာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်တိုက် နိုင်ပွဲရယူနိုင်ခဲ့ခြင်းမရှိခဲ့သလို တိုက်စစ်ပိုင်းကလည်း အခုနောက်ပိုင်းပွဲတွေမှာ ဂိုးသွင်းခြေကျဆင်းနေပါတယ်။ ဒါပေမယ့် အိမ်ကွင်းဖြစ်တာကြောင့် ဒီပွဲမှာတော့ အဲဗာတန်တို့ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါ့အပြင် ဘုန်းမောက်ရဲ့ လက်ရှိခြေကလည်း ကျဆင်းမှုတွေရှိနေကာ ခံစစ်ပိုင်းလည်း ကျစ်လျစ်မှုမရှိပါဘူး။ ဒါကြောင့် ဒီပွဲမှာတော့ အဲဗာတန်တို့ နိုင်ပွဲပြန်ရသွားနိုင်ပါတယ်။

### စတုတ် V ဆန်းဒါးလန်း

| | | | | |
|---|---|---|---|---|
| ပ-ကျော့ | ဆန်းဒါးလန်း | ၂ | ၀ | စတုတ် |

မန်စီးတီးကို လေးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့ရတဲ့ပွဲမှာ စတုတ်ခြေက အားနည်းမှုတွေ များလွန်းခဲ့ပါတယ်။ အထူးသဖြင့် နောက်ဆုံး သုံးပွဲဆက်တိုက်ရှုံးနိမ့်ခဲ့ရတဲ့ စတုတ်ခြေက အကျဘက်ရောက်နေတာ ထင်ရှားလွန်းပါတယ်။ ခံစစ်ပိုင်းက အားနည်းမှုတွေ များလွန်းနေကာ နောက်ဆုံးသုံးပွဲမှာ ၁၂ ဂိုးအထိ ပေးခဲ့ရတာတွေ့ရပါတယ်။ ဒီပွဲစဉ်မှာလည်း စတုတ်တို့ အိမ်ကွင်းအားနဲ့ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာဖြစ်ပေမယ့်လည်း ဆန်းဒါးလန်းကလည်း တန်းမဆင်းရဖို့အတွက် အားစိုက်ကစားလာ မှာ သေချာနေပါတယ်။ ဒီပွဲမှာလည်း စတုတ်တို့ သရေလောက်ပဲရမယ်။

### ဆွမ်ဆီး V လီဗာပူး

| | | | | |
|---|---|---|---|---|
| ပ-ကျော့ | လီဗာပူး | ၁ | ၀ | ဆွမ်ဆီး |

လီဗာပူးဟာ နောက်ဆုံးကစားခဲ့တဲ့ပွဲစဉ်မှာ နယူးကာဆယ်ကို သရေသာကစားနိုင်ခဲ့တာကြောင့် ဒီပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့် လီဗာပူးဟာ ယူရိုပါလိဂ်ပွဲစဉ်တွေကြောင့် ခြေကုန်ထုတ်ဖို့ခက်ပါလိမ့်မယ်။ ဆွမ်ဆီးကလည်း တန်းမဆင်းရဖို့အတွက် လုံလောက်မှုမရှိသေးတာကြောင့် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါ့အပြင် ဆွမ်ဆီးက အိမ်ကွင်းအားနဲ့ဖိအားပေးကစားနိုင်ဖို့ သေချာနေပါတယ်။ ဒါကြောင့် လီဗာပူးတို့ အနိုင်ရနိုင်ပေမယ့်လည်း ဂိုးပြတ်ဖို့တော့ ခက်ပါလိမ့်မယ်။

### ဝက်စ်ဘရွန်း V ဝက်စ်ဟမ်း

| | | | | |
|---|---|---|---|---|
| ပ-ကျော့ | ဝက်စ်ဟမ်း | ၁ | ၁ | ဝက်စ်ဘရွန်း |

ဝက်စ်ဟမ်းက ဥရောပဝင်ခွင့်ရယူနိုင်တဲ့ မျှော်လင့်ချက်ရှိနေတာကြောင့် နောက်ပိုင်းပွဲတွေမှာ အားစိုက်ကစားနေတာကို တွေ့နေရပါတယ်။ ခံစစ်ပိုင်းက အားနည်းမှုတွေရှိနေပေမယ့် တိုက်စစ်ကတော့ ဂိုးသွင်းခြေရရှိနေပါတယ်။ ဝက်စ်ဘရွန်းကတော့ အိမ်ကွင်းအားနဲ့ ဖိအားပေးကစားလာမှာဖြစ်ပေမယ့်လည်း လက်ရှိခြေက အားနည်းမှုတွေ များလွန်းပါတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်း ဂိုးသွင်းခြေ ကျဆင်းနေပါတယ်။ ဒါကြောင့် ဝက်စ်ဘရွန်းတို့ အိမ်ကွင်းအားနဲ့ အားစိုက်ကစားလာမှာ ဖြစ်ပေမယ့်လည်း ဝက်စ်ဟမ်းကသာ ကပ်နိုင်သွားနိုင်ပါတယ်။

### မန်ယူ V လက်စတာ

| | | | | |
|---|---|---|---|---|
| ပ-ကျော့ | လက်စတာ | ၁ | ၁ | မန်ယူ |

ပွဲကောင်းတစ်ပွဲဖြစ်ပါတယ်။ လက်စတာဟာ ချန်ပီယံဖြစ်ခွင့်အတွက် အားစိုက်ကစားလာဖြစ်သလို မန်ယူကလည်း ချန်ပီယံလိဂ်ဝင်ခွင့်ရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ လက်ရှိအချိန်မှာတော့ မန်ယူကစားပုံက ကောင်းမွန်နေကာ မာတီရယ်၊ ရက်ရှ်ဖို့ဒ်၊ ရွှန်နေးတို့ တွဲဖက်မိနေတာကြောင့် တိုက်စစ်ပိုင်းကအစ ထက်မြက်မှုရှိနေပါတယ်။ လက်စတာကတော့ အသင်းလိုက်ကစားပုံ ကောင်းမွန်နေသေးတယ်ဆိုပေမယ့် တိုက်စစ်ပိုင်းကတော့ ဂိုးသွင်းခြေကျဆင်းနေပါတယ်။ မန်ယူရဲ့အိမ်ကွင်းလည်းဖြစ်လို့ မန်ယူကပ်နိုင်မယ်။

### ချယ်လ်ဆီး V စပါး

| | | | | |
|---|---|---|---|---|
| ပ-ကျော့ | စပါး | ၀ | ၀ | ချယ်လ်ဆီး |

စပါးဟာ လက်စတာနဲ့ လက်ရှိကွာဟနေတဲ့ အမှတ်ကို ဆက်လက်ထိန်းချုပ်ထားနိုင်ဖို့ ဒီပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ရေး အားစိုက်ကစားလာမှာ သေချာနေပါတယ်။ စပါးရဲ့ အသင်းလိုက်ခြေကလည်း ကောင်းမွန်ရှိနေကာ တိုက်စစ်ကလည်း ပွဲတိုင်းနီးပါး ဂိုးတွေသွင်းယူနိုင်နေပါတယ်။ ဒါပေမယ့် ဘုန်းမောက်ကို အနိုင်ယူ နိုင်ခဲ့တဲ့ပွဲမှာ ချယ်လ်ဆီးရဲ့ခြေစွမ်းပိုင်းကလည်းကောင်းမွန်နေပါတယ်။ ချယ်လ်ဆီးရဲ့ အိမ်ကွင်းလည်းဖြစ်နေတာကြောင့် စပါးတို့ အခက်အခဲတွေနဲ့ရင်ဆိုင်ရနိုင်ပါတယ်။ စပါးတို့ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာဖြစ်ပေမယ့် သရေကျဖို့များပါတယ်။

### ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ဒုတိယအကျော့

| | |
|---|---|
| **အင်္ဂါနေ့ (၃-၅-၁၆)** | |
| နံနက် ၁း၁၅ (ဗုဒ္ဓဟူးနံနက်) | ဘိုင်ယန် - အက်သလက် |
| **ဗုဒ္ဓဟူးနေ့ (၄-၅-၁၆)** | |
| နံနက် ၁း၁၅ (ကြာသပတေးနံနက်) | ရီးရဲ - မန်စီးတီး |

### ယူရိုပါလိဂ်ဆီမီးဖိုင်နယ် ဒုတိယအကျော့

| | |
|---|---|
| **ကြာသပတေးနေ့ (၅-၅-၁၆)** | |
| နံနက် ၁း၃၅ (သောကြာနံနက်) | ဆီဗီးလာ - ရှက်တာဒိုးနက် |
| နံနက် ၁း၃၅ (သောကြာနံနက်) | လီဗာပူး - ဗီလာရီးရဲ |

### ဘွန်ဒက်စ်လီဂါပွဲစဉ် (၃၂)

| | |
|---|---|
| **သောကြာနေ့ (၂၉-၄-၁၆)** | |
| နံနက် ၁း၀၀ (စနေနံနက်) | အော့ဘတ် - ကိုလုံး |
| **စနေနေ့ (၃၀-၄-၁၆)** | |
| ည ၈း၀၀ | ဘိုင်ယန် - ဂလာဘတ်ချ် |
| ည ၈း၀၀ | ဒေါ့မွန် - ဝုဖ်ဘတ် |
| ည ၈း၀၀ | ဟန်နိုဗာ - ရှော်လ်ကာ |
| ည ၈း၀၀ | ဟော့ဖန်ဟိန်း - အင်ဂိုဆလပ် |
| ည ၈း၀၀ | မိန့်ဇ - ဟမ်းဘတ် |
| ည ၈း၀၀ | ဒရန်စတက် - ဖရန့်ဖွတ် |
| ည ၁၁း၀၀ | လေဗာကူဆင် - ဟာသာဘာလင် |
| **တနင်္လာနေ့ (၂-၅-၁၆)** | |
| နံနက် ၀၀း၄၅ (အင်္ဂါနံနက်) | ဝါဒါဘရီမင် - စတုဂတ် |

## မန်ယူမန်နေဂျာရာထူးအတွက် လောရင့်ဘလန့် ထင်ကြေးပေးခံလာရ



ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းနည်းပြ လောရင့်ဘလန့်သည် မန်ယူအသင်း မန်နေဂျာသစ်ဖြစ်လာနိုင်ကြောင်း The Sun သတင်းစာက ရေးသားဖော်ပြခဲ့သည်။ မန်ယူအသင်းသည် အက်ဖ်အေဖလားပြိုင်ပွဲတွင် ဗိုလ်လုပွဲအဆင့် တက်ရောက်ထားနိုင်ခဲ့သော်လည်း လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိရေးအတွက် ရုန်းကန်နေရမှုကြောင့် မန်နေဂျာလူးဝစ်ဗန်ဟားလ်အပေါ် ဝေဖန်မှုများထွက်ပေါ်နေပြီး လာမည့်နွေရာသီအတွင်း ဗန်ဟားလ်၏နေရာတွင် ချယ်လ်ဆီးမန်နေဂျာဟောင်း မော်ရင်ညိုအား အစားထိုးခန့်အပ်လိမ့်မည်ဟု ထင်ကြေးပေးမှုများလည်း ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်လျက်ရှိသည်။

သို့သော်လည်း မန်ယူအသင်းဘုတ်အဖွဲ့ဝင်အချို့သည် ပြင်သစ်ခံစစ်မှူးဟောင်း လောရင့်ဘလန့်အား မန်ယူမန်နေဂျာသစ်အဖြစ် ခန့်အပ်သွားရန် လိုလားလျက်ရှိကြောင်း The Sun သတင်းစာက ဖော်ပြခဲ့သည်။ အသက် ၅၀ နှစ်အရွယ်ရှိ လောရင့်ဘလန့်သည် ၂၀၀၁ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ မန်ယူအသင်းတွင် ပါဝင်ကစားခဲ့ဖူးသူဖြစ်ပြီး မန်ယူအသင်းနှင့်အတူ ပရီမီယာလိဂ်ဆုဖလားတစ်ကြိမ် ရယူနိုင်ခဲ့သူဖြစ်သည်။

ပီအက်စ်ဂျီအသင်းဥက္ကဋ္ဌ ကဟီလာဖီကမူနည်းပြ လောရင့်ဘလန့်သည် လာမည့်ဘောလုံးရာသီတွင် ပီအက်စ်ဂျီအသင်းနည်းပြအဖြစ် ဆက်ရှိနေမည်ဖြစ်ကြောင်း ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက အတည်ပြုပြောဆိုထားသည်။

အခြားသတင်းတစ်ပုဒ်တွင်မူ မော်ရင်ညိုသည် မန်ယူအသင်းနှင့် နှစ်နှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုရန် သဘောတူညီမှုရရှိထားပြီဟု သတင်းများထွက်ပေါ်နေသော်လည်း မန်ယူအသင်းအနေဖြင့် မန်နေဂျာရာထူးနေရာကို အပြောင်းအလဲပြုလုပ်သွားရန် အစီအစဉ်မရှိကြောင်း ရေးသားဖော်ပြထားသည်။ မန်ယူအသင်း ဘုတ်အဖွဲ့အနေဖြင့် ဝေဖန်မှုများနှင့် ရင်ဆိုင်နေရသည့် မန်နေဂျာဗန်ဟားလ်အပေါ် ထောက်ခံမှုအပြည့်အဝရှိနေဆဲဖြစ်ပြီး ယခုနှစ် ဘောလုံးရာသီကုန်ဆုံးချိန်၌ မန်ယူအသင်းအနေဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲ ဝင်ခွင့်မရရှိခဲ့ဘဲ အက်ဖ်အေချန်ပီယံဆုဖလားကို မရယူနိုင်ခဲ့သည့်တိုင် ဗန်ဟားလ်သည် မန်ယူနှင့် စာချုပ်သက်တမ်းကုန်ဆုံးချိန်အထိ ဆက်လက်တာဝန်ယူခွင့်ရရှိလိမ့်မည်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဆက်လက်ရေးသားထားသည်။

မန်နေဂျာ ဗန်ဟားလ်နှင့် မန်ယူအသင်းတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ လာမည့်ဘောလုံးရာသီအကုန်တွင် ပြီးဆုံးမည်ဖြစ်သည်။ အောင်က

# ရေလုပ်သားများ ဘဝမြှင့်တင်ရေးစီမံကိန်းဆောင်ရွက်ရန် ဒိန်းမတ်သံရုံးအတွင်းဝန် လာရောက်လေ့လာ



**ကျွန်းစု ဧပြီ ၂၉**
တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွင်းမှ ရေလုပ်ငန်းများကို အဓိကထား လုပ်ကိုင်နေကြသော ရေလုပ်သားများ၏ လူမှုဘဝမြင့်မားရေး စီမံကိန်း ပုံဖော်ဆောင်ရွက်ရေးအနေဖြင့် ဒိန်းမတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများနှင့် ရေလုပ်သားများ ဧပြီ ၂၇ ရက်က တွေ့ဆုံခဲ့ကြောင်း သိရသည်။

ဒိန်းမတ်နိုင်ငံသံရုံးမှ အတွင်းဝန်သည် အကြံပေးအရာရှိ ဒေါ်အိအိခင်နှင့် မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးစံမွေး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးနေမင်းအောင်တို့နှင့်အတူ စခန်းသစ်ကျေးရွာရှိ ရေလုပ်သား ၃၀ ခန့်နှင့် တွေ့ဆုံခဲ့ခြင်းဖြစ်ကာ ရေလုပ်သားများ၏ လူနေမှုဘဝမြင့်မားရေး စီမံကိန်း ပုံဖော်ဆောင်ရွက်နိုင်ရန်အတွက် သိရှိလိုသည့်အချက်များကို မေးမြန်းခဲ့ကြပြီး ရေလုပ်သားများ၏ ဖြေဆိုချက်များအပေါ် အခြေခံ၍ အကြံပေးမှုများနှင့်အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကျွန်းစုမြို့နယ်သည် ပင်လယ်အပိုင်း၊ ဥယျာဉ်အပိုင်းနှင့် လယ်တောအပိုင်းဟူ၍ အပိုင်း သုံးပိုင်းဖြင့် အများက ခေါ်ဆိုသတ်မှတ်ထားလျက်ရှိပြီး လူဦးရေ အများစုမှာ ပင်လယ်ဒေသ ကျေးရွာများ၌ နေထိုင်ကြကာ ဒေသခံများမှာ ရေလုပ်ငန်းကို အဓိကစီးပွားရေးတစ်ခုအနေဖြင့် လုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းပြုလျက် ရှိကြသည်။

**ရန်နိုင်(ကျွန်းစု ပြန်/ဆက်)**

# ချောက်မြို့နယ်ရှိ ကျေးရွာများသို့ သောက်သုံးရေများဖြန့်ဝေလှူဒါန်း

**ချောက် ဧပြီ ၂၉**
မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်အတွင်းရှိ ရေရှားပါးလျက်ရှိသောကျေးရွာများမှ ပြည်သူများအတွက် သောက်သုံးရေများကို မကွေးခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ချောက်မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ ဦးဆောင်၍ တပ်ဖွဲ့ဝင်များက ဧပြီ ၂၇ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

မကွေးခရိုင်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီးမင်းဟန်၊ ချောက်မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များက ကျောက်တန်း၊ ကျောက်တန်းတဲတိုက်၊ မကျည်းစောက်၊ ဥယျာဉ်နှင့် ကွဲ့တပ်ရွာသစ်ကျေးရွာများမှ ပြည်သူများအတွက် သောက်သုံးရေများကို ရေသယ်ယာဉ်များဖြင့်လည်းကောင်း၊ သောက်ရေသန့်ဘူးများဖြင့်လည်းကောင်း သွားရောက်လှူဒါန်းဖြန့်ဝေပေးခဲ့ခြင်း ဖြစ်သည်။



ရေလှူဒါန်းရာတွင် ကျောက်တန်းကျေးရွာရှိ အိမ်ခြေ ၁၂၆ အိမ်မှ လူဦးရေ ၇၄၆ ဦးအတွက် သောက်ရေသန့်ဘူး ၁၅၀ နှင့် ဂါလန် ၄၀၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီးဖြင့်လည်းကောင်း၊ ကျောက်တန်းကျေးရွာ တဲတိုက်ရှိ အိမ်ထောင်စု ၁၉ စုအတွက် ရေသန့်ဘူး ၂၀ကိုလည်းကောင်း၊ မကျည်းစောက်ကျေးရွာရှိ အိမ်ခြေ ၅၈ အိမ်မှ လူဦးရေ ၂၇၀ အတွက် ရေသန့်ဘူး ၁၂၅ ဘူးနှင့် ဂါလန် ၃၅၀၀ ဆံ့ ရေသယ်ယာဉ် တစ်စီးဖြင့်လည်းကောင်း၊ ဥယျာဉ်ကျေးရွာရှိ အိမ်ခြေ ၁၁၅ အိမ်မှ လူဦးရေ ၁၈၉ ဦးအတွက် ရေသန့်ဘူး ၆၀ နှင့် ဂါလန် ၃၅၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီးဖြင့်လည်းကောင်း၊ ကွဲ့တပ်ရွာသစ်ကျေးရွာရှိ အိမ်ခြေ ၄၈ အိမ်မှ လူဦးရေ ၁၈၅ ဦးအတွက် ရေသန့်ဘူး ၁၅၀ နှင့် ဂါလန် ၄၀၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီးဖြင့်လည်းကောင်း ရေများဖြန့်ဝေပေးနိုင်ခဲ့ကြောင်း သိရသည်။ **(ဓာတ်ပုံ)**

**ဝင်းအိမွန် (ပြန်/ဆက်)**

# ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**ပင်လုံ ဧပြီ ၂၉**
ရှမ်းပြည်နယ် လွိုင်လင်မြို့နယ် ပင်လုံမြို့ရှိ ကြက်မွေးမြူရေးလုပ်ငန်းရှင်များအား ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး သတိပြုရန်အတွက် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ပင်လုံမြို့ ရပ်ကွက်(၂)အုပ်ချုပ်ရေးမှူးရုံး၌ ဧပြီ ၂၇ ရက်က ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ဟောပြောပွဲသို့ ပင်လုံမြို့ရှိ ကြက်မွေးမြူရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ပြီး လွိုင်လင်ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာခွန်မောင်အုန်းနှင့် မြို့နယ်ဦးစီးမှူး ဦးကျော်ငြိမ်းတို့သည် ကြက်မွေးမြူရေးလုပ်ငန်းရှင်များအား တွေ့ဆုံကာ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး၊ ရောဂါကာကွယ်ရေးနှင့် ပတ်သက်သည့် ဇီဝလုံခြုံမှုဆိုင်ရာများ စသည့် အကြောင်းအရာများကို ရှင်းလင်းဟောပြောပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**




## ပြည်ထောင်စုအခွန်အကောက်ဥပဒေနှင့် အထူးကုန်စည်ခွန်ဥပဒေဆိုင်ရာများ ပညာပေးဟောပြော

**ငပုတော ဧပြီ ၂၉**
ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနက ကြီးမှူး၍ ၂၀၁၆ ခုနှစ် ပြည်ထောင်စု အခွန်အကောက်ဥပဒေနှင့် အထူးကုန်စည်ခွန်ဥပဒေဆိုင်ရာများ ပညာပေးရှင်းလင်းပွဲကို မြို့နယ်အခွန် ဦးစီးဌာနမှူးရုံး၌ ဧပြီ ၂၇ ရက်က ကျင်းပခဲ့သည်။

ရှင်းလင်းပွဲသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီမှ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်စုံဆိုင်ရှင်များ၊ အဖျော်ယမကာဆိုင်ရှင်များ တက်ရောက်ခဲ့ကြပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်သင်းသင်းဆွေက ၂၀၁၆ ခုနှစ် ပြည်ထောင်စုအခွန်အကောက်ဥပဒေနှင့် အထူးကုန်စည်ခွန်ဥပဒေဆိုင်ရာများကို အသိပညာပေးဟောပြောခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

## ရေလိုအပ်နေသောကျေးရွာများသို့ သောက်သုံးရေများလှူဒါန်း

**တွံတေး ဧပြီ ၂၉**
ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အတွင်းမှ ရေလိုအပ်ချက်ရှိနေသော ကျေးရွာများအတွက် သောက်သုံးရေများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ဧပြီ ၂၇ ရက်က ရေများဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ရေလိုအပ်ချက်ရှိနေသည့် ခတ္တိယကျေးရွာအုပ်စုမှ အကလကျေးရွာ၊ တူးချောင်းကြီးအုပ်စုမှ ကံကုန်းကျေးရွာနှင့် ရွာသစ်ကျေးရွာများသို့ သောက်သုံးရေများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းထားသော ဂါလန် ၆၀၀ ဆံ့ ရေသယ်ယာဉ် ငါးစီးဖြင့် ရေများသယ်ယူဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။

ယခုနှစ်တွင် အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် အပူချိန်များ မြင့်တက်လျက်ရှိသဖြင့် အဆိုပါကျေးရွာများရှိ သောက်သုံးရေကန်များတွင် ရေများခန်းခြောက်ပြီး ရေပြတ်လပ်လာခြင်းဖြစ်ကြောင်းနှင့် ရေပြတ်လပ်သော ကျေးရွာများသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် စိတ္တသုခ လူမှုရေးအသင်းတို့က ရေများပို့ဆောင်လှူဒါန်း ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

## သတင်းတိုများ

### ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူး-ညောင်ပင်သာကျေးရွာ၌ ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းကို မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရေကြည်ကျေးရွာအုပ်စု သစ္စဝေဒဂူမဂ္ဂင်ဓမ္မရိပ်သာ ပဓာနနာယကဆရာတော်က ကြီးမှူး၍ ဧပြီ ၂၆ ရက်မှ စတင်ဖွင့်လှစ်ခဲ့ပြီး မေ ၅ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ သင်တန်းဖွင့်ပွဲတွင် ညောင်ပင်သာကျေးရွာကျောင်းတိုက်ဆရာတော်က သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ သင်တန်းနည်းပြဆရာတော်က သင်တန်းစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ သင်တန်းသားသင်တန်းသူ ၂၀၀ တက်ရောက်သင်ကြားပြီး သင်တန်းနည်းပြ ဆရာမ ဒေါ်ချစ်စုဝင်း၊ ဒေါ်အေးချမ်းမိုး၊ ဒေါ်ဖြူသိန်းတို့က ပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ရွှေလင်းပြည့်စုံ**

### ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လွှတ်တော်ကိုယ်စားလှယ်တွေ့ဆုံ

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းသာစိန်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ဧပြီ ၂၇ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။ ခရိုင်အုပ်ချုပ်ရေးမှူးက ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူလူထုအကျိုးကို ရှေးရှုကာ ဆောင်ရွက်ရန် ပြောကြားပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းသာစိန်က ပြည်သူများ၏ လိုအပ်ချက်များကို လွှတ်တော်တွင် အစိုးရထံ တင်ပြပေးသွားမည်ဖြစ်ကြောင်းနှင့် ဌာနဆိုင်ရာများအနေဖြင့် လိုအပ်ချက်များကို ကူညီပေးရန် ပြောကြားပြီး ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

**(ခရိုင် ပြန်/ဆက်)**

### မိုးရာသီ သီးနှံဘဏ်ချေးငွေများ ရာနှုန်းပြည့်ပေးဆပ်ပြီး

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်များမှ တောင်သူများ၏ မိုးရာသီ စိုက်ပျိုးရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ စိုက်ပျိုးလုပ်ကိုင်နိုင်ရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်များမှ ဧကအလိုက် ထုတ်ချေးပေးခဲ့သော ချေးငွေများကို တောင်သူများက ပြန်လည်ပေးဆပ်လျက်ရှိရာ ဧပြီ ၂၆ ရက်တွင် ခရိုင်တစ်ခုလုံးအတွက် ရာနှုန်းပြည့် အပြေအကျေပေးဆပ်ပြီးဖြစ်ကြောင်း သိရသည်။

မင်းဘူးခရိုင်အတွင်းရှိ မင်းဘူး၊ ပွင့်ဖြူ၊ စလင်း၊ စေတုတ္တရာနှင့် ငဖဲမြို့နယ်များမှ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများမှ ဘဏ်အဖွဲ့ဝင် တောင်သူ ၃၇၉၃၁ ဦးအတွက် ၂၀၁၅ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှုအတွက် ထုတ်ချေးပေးခဲ့သည့် ဘဏ်ချေးငွေကျပ် ၁၃၃၄၅ ဒသမ ၂၁ သန်းကို တောင်သူများက ဧပြီလအတွင်း ခရိုင်လုံးကျွတ် ပြေကျေစွာ ပေးသွင်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း မင်းဘူးခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမန်နေဂျာ ဦးဝင်းဇော်ထံမှ သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

# ကြက်သွန်ဈေးအနည်းငယ်တက်လာ၍ တောင်သူများအဆင်ပြေလာ

**ရေစကြို ဧပြီ ၂၉**
ယခုရက်ပိုင်းအတွင်း ကြက်သွန်နီဈေးနှုန်း အနည်းငယ်တက်လာ၍ ရေစကြိုမြို့နယ်အတွင်းမှ ကြက်သွန်စိုက်နောက်ကျသော တောင်သူများ အနေဖြင့် ဈေးပိုမိုရရှိပြီး အဆင်ပြေလာကြောင်း သိရသည်။

ကြက်သွန်နီဈေးနှုန်းသည် ဧပြီ ဒုတိယပတ်ခန့်မှစ၍ တစ်ပိဿာလျှင် ကျပ်လေးရာခန့်နှုန်းအထိ ရှိလာခဲ့ခြင်းဖြစ်သည်။ ရေစကြိုမြို့နယ်အတွင်း ကြက်သွန်နီပေါ်စအချိန်ဖြစ်သည့် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလတွင် ကြက်သွန်နီဈေးနှုန်းမှာ တစ်ပိဿာလျှင် ၁၂၀၀ ကျပ်ခန့်အထိ ဈေးကောင်းရခဲ့ပြီး ကြက်သွန်နီလှိုင်လှိုင်ပေါ်ချိန်တွင် ဈေးနှုန်းများမှာ တစ်ပိဿာလျှင် ကျပ်နှစ်ရာအောက်အထိ ထိုးကျခဲ့၍ ထိုအချိန်တွင် ကြက်သွန်ရောင်းချသော တောင်သူများမှာ အရှုံးပေါ်ခဲ့ကြသည်။



"ကျွန်တော်တို့တောင်သူတွေ ဘဝကလည်း ကြွေတစ်လက် ကြက်တစ်ခုန်ဆိုသလိုပါပဲ။ စိုက်သမျှ သီးနှံက မိုးလေဝသမမှန်လို့ ပျက်စီးရတာနဲ့၊ အထွက်နည်းတာနဲ့၊ သီးနှံအထွက်ကောင်းပြန်တော့ ဈေးနှုန်းကျလို့ အရှုံးပေါ်ပြန်ရော။ ကြက်သွန် တစ်ပိဿာ ၂၀၀၊ ၂၅၀ အထိ ဈေးကျသွားတော့ တောင်သူတွေ ရှုံးတာပေါ့။ အခု တစ်ပိဿာ လေးရာဆိုတော့ အမြတ်နည်းပေမယ့် မရှုံးတော့ဘူးပေါ့။ ကျွန်တော်တို့ တောင်သူတွေ အားလုံးအတွက် တည်ငြိမ်တဲ့ဈေးကွက် ဖြစ်ထွန်းလာအောင် တာဝန်ရှိသူတွေက ဆောင်ရွက်ပေးနိုင်ဖို့ လိုအပ်ပါတယ်"ဟု မိုးကွဲကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

ယခုအခါ ကြက်သွန်နီဈေးမှာ တစ်ပိဿာလျှင် ကျပ်လေးရာကျော်အထိ ပြန်တက်လာနေသောကြောင့် နောက်ကျစိုက်သော တောင်သူများနှင့် ဈေးကျချိန်က မရောင်းဘဲ လှောင်ထားခဲ့သော တောင်သူများမှာ ဈေးကောင်းချိန်ကိုမီကာ အနည်းငယ် အဆင်ပြေလာကြကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# ရေရှားပါးနေသောရပ်ကွက်သို့ သောက်သုံးရေများ ဖြန့်ဝေပေး

**ရေး ဧပြီ ၂၉**
မွန်ပြည်နယ် ရေးမြို့၌ ရာသီဥတုပူပြင်းခြောက်သွေ့မှုကြောင့် မြို့ပေါ်ရပ်ကွက်တစ်ခုဖြစ်သည့် သီရိခေမာရပ်ကွက်၌ ရေတွင်းရေကန်များ ခန်းခြောက်လာပြီး ရေရှားပါးပြတ်လပ်မှု ကြုံတွေ့လာရသဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ သောက်သုံးရေများကို ဧပြီ ၂၈ ရက်မှစ၍ လိုက်လံဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

သီရိခေမာရပ်ကွက်တွင် အိမ်ခြေ ၄၅၀ ရှိသည့်အနက် ရေရှားပါးပြတ်လပ်နေသည့် အိမ်များသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့မှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းကာ အဖွဲ့ဝင်အင်အား ၄၀ ခန့်ဖြင့် ရေများ ဖြန့်ဝေပေးနေခြင်းဖြစ်သည်။

"အရင်နှစ်တွေကထက် ဒီနှစ်နွေရာသီကာလမှာ ရေတွင်းကရေတွေ ခန်းခြောက်လာပါတယ်။ အများအားဖြင့် အနီးအနားခြံရေတွင်းမှာ သွားရောက်ခပ်ယူရပါတယ်။ ရေကားတွေကနေ ဝယ်သူတွေလည်း ရှိကြပါတယ်။ အခုရက်ပိုင်းတွေမှာ မြို့နယ် နာရေးကူညီမှုအသင်းကလည်း နေ့စဉ်ညနေပိုင်းမှာ ရေကားနဲ့ လာလှူပေးပါတယ်။ အခုလည်း မြို့နယ်က သက်ဆိုင်ရာတာဝန်ရှိသူတွေက လာရောက်လှူပေးတဲ့အတွက် ရေရှားမှုနဲ့ကြုံတွေ့နေရတဲ့ဒဏ်က လျော့နည်းလာလို့ ကျေးဇူးတင်ပါတယ်"ဟု သီရိခေမာရပ်ကွက်နေပြည်သူတစ်ဦးက ပြောသည်။

ရေလှူဒါန်းခြင်းနှင့် ပတ်သက်၍ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သူရသိန်းက ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကစေတနာရှင်များ ပူးပေါင်း၍ ရေရှားပါးနိုင်သည်ဟု ယူဆရသည့် ရပ်ကွက်များသို့ ကူညီလှူဒါန်းနေခြင်းဖြစ်ကြောင်းနှင့် မြို့နယ်အတွင်း ရေရှားမှုပြဿနာနှင့် ကြုံတွေ့လာပါက သက်ဆိုင်ရာ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ပြည်သူများက တင်ပြလာပါက အချိန်နှင့်တစ်ပြေးညီ ရေရရှိရေးအတွက် ကူညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**နေမျိုးထွန်း(ရေး)**






**စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်အတွင်း ဧပြီ ၂၅ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် လဲပြိုကျခဲ့သော လိပ်စင်းတောင်ကျေးရွာနှင့် ဖာလောကျေးရွာကြားရှိ ၃၃ ကေဗွီအေ ဓာတ်အားလိုင်း တစ်လျှောက်မှ ဓာတ်တိုင်များကို မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေး လုပ်ငန်းမှ ဝန်ထမ်းများနှင့်ဒေသခံပြည်သူများပူးပေါင်းပြီး ဧပြီ ၂၈ ရက်က ပြန်လည်ပြုပြင်စိုက်ထူနေစဉ်**
မျိုးဝင်းညို(ကျွန်းလှ)

# မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ရန် ကျေးရွာများရွေးချယ်

**မြစ်ကြီးနား ဧပြီ ၂၉**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း တိုးချဲ့ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတွက် ကျေးရွာများရွေးချယ်ရေး ညှိနှိုင်းအစည်းအဝေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဧပြီ ၂၇ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှိုင်းမောင်မောင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် စီမံကိန်းအပေါ် စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးကြပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီသော ကျေးရွာ ၁၂ ရွာကို ပဏာမရွေးချယ်ခဲ့သည်။

မြစ်ကြီးနားမြို့နယ်အတွင်း၌ မြစိမ်းရောင်စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာတစ်ရွာဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ ၁၀ ရွာအထိ တိုးချဲ့ခဲ့သည်။ စီမံကိန်းဝင်ကျေးရွာတစ်ရွာလျှင် နိုင်ငံတော်အစိုးရ၏ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်းသုံးရာစီကို ကျေးရွာနေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန် ချေးပေးလျက်ရှိသည်။ **(ဝ၆၂)**

# မာလဲနတ်တောင် ရေလှောင်တမံ ကွင်းဆင်းလေ့လာ

**မန္တလေး ဧပြီ ၂၉**
မန္တလေးမြို့ အထက်မြန်မာနိုင်ငံသတင်းစာဆရာများအသင်း ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း(မြန်ဂုဏ်ဆောင်)နှင့် ဦးတင်လှိုင်(တင်လှိုင်-မိတ္ထီလာ)တို့ပါဝင်သောအဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် မာလဲကျေးရွာအနီး မာလဲနတ်တောင်ချောင်းပေါ်တွင် တည်ရှိသော မာလဲနတ်တောင်ရေလှောင်တမံနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို လေ့လာခဲ့ကြောင်း သိရသည်။

အလျား ၁၁၈၅၀ ပေ၊ အမြင့် ၇ ပေ၊ သိုလှောင်ရေပမာဏ ၅၇၄၇၀ ဧကရှိ မာလဲနတ်တောင် မြေသားရေလှောင်တမံနှင့် နယ်မြေအတွင်းရှိ ကျေးရွာအုပ်စု ကိုးအုပ်စု၊ ကျေးရွာ ၃၀ မှ ဒေသခံတောင်သူများ စိုက်ပျိုးထားသော နွေစပါးနှင့် အခြားသီးနှံစိုက်ပျိုးမှု အခြေအနေများ၊ ဒေသခံပြည်သူများ သောက်သုံးရေဖူလုံရေး၊ ဒေသတွင်း စိမ်းလန်းစိုပြည်ရေး၊ မာလဲနတ်တောင်ရေလှောင်တမံ အခြေအနေနှင့် နွေစပါးစိုက်ပျိုး အောင်မြင်မှု အခြေအနေများကို လေ့လာခဲ့ကြခြင်းဖြစ်သည်။ လေ့လာရေးအဖွဲ့အား မတ္တရာမြို့နယ် ဆည်မြောင်းဦးစီးဌာန တာဝန်ခံ ဦးပန်းထိန်က လိုက်လံရှင်းလင်းပြသခဲ့သည်။

မာလဲနတ်တောင်ရေလှောင်တမံသည် ကန်ရေပြင်အပြည့် ရေလှောင်ပမာဏ ပေ ၅၇၄၇၀၊ ကန်ရေပြင်အကျယ် ဧရိယာ ဧက ၂၂၃၀ ရှိပြီး ဝဲယာသံကူကွန်ကရစ် ရေထုတ်ပြွန်များမှ ဆည်ရေပေးပို့နိုင်သော ရေလှောင်တမံဖြစ်ကာ စီမံကိန်းကို ၂၀၀၄-၂၀၀၅ ခုနှစ်မှစတင်တည်ဆောက်ခဲ့ပြီး ၂၀၀၇-၂၀၀၈ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့သော ရေလှောင်တမံဖြစ်ကြောင်း သိရသည်။

**ရွှေလင်းပြည့်စုံ**

## သတင်းတိုများ

### ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်ဆွေးနွေး

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဘိုသန်းညွန့်နှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများက လွှတ်တော်ကိုယ်စားလှယ်များနှင့် ကျွန်းလှမြို့မှ မြို့မိမြို့ဖများအား ဧပြီ ၂၇ ရက်က တွေ့ဆုံ၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျွန်းလှမြို့နယ်အတွင်း မိုးသီးဒဏ်နှင့် လေပြင်းတိုက်ခတ်ခြင်းကြောင့် ပျက်စီးခဲ့သော ရေရှင်ကျေးရွာအုပ်စုနှင့် လိပ်စင်းတောင်ကျေးရွာအုပ်စုများမှ ပြည်သူများအတွက် ဆေးဝါးနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ပြီး သီတဂူစက္ကူဒါနဆေးရုံ၌ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်နှင့် သံဃာတော်များအား ဖူးမြော်ခဲ့သည်။
**မျိုးဝင်းညို(ကျွန်းလှ)**

### သူငယ်တန်းသင်ရိုးသစ်အတွက် မြို့နယ်အဆင့်နည်းပြသင်တန်းဖွင့်

လာမည့်ပညာသင်နှစ်တွင် စတင်သင်ကြားတော့မည့် သူငယ်တန်း(KG) သင်ရိုးသစ်အတွက် ဆရာ ဆရာမများ လေ့ကျင့်ရေးသင်တန်းကို ဂန့်ဂေါခရိုင် ထီးလင်းမြို့ အခြေခံပညာအထက်တန်းကျောင်း အောင်သပြေခန်းမ၌ ဧပြီ ၂၆ ရက်က ဖွင့်လှစ်ခဲ့သည်။ သူငယ်တန်းသင်ရိုးသစ်သည် စတင်သင်ကြားမည့် ကျောင်းသား ကျောင်းသူ ကလေးငယ်များကို လေ့လာသင်ယူလိုစိတ်ရှိရန်နှင့် ကျောင်းနေပျော်စေရန် ပျိုးထောင်ပေးသော စနစ်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးတွင် ပထမဦးဆုံး ခြေလှမ်းဖြစ်ကြောင်းနှင့် လေ့ကျင့်ရေးသင်တန်းအတွက် ဧပြီ ၂၅ ရက်ကို နည်းပြများ ကြိုတင်ပြင်ဆင်ရက်အဖြစ် သတ်မှတ်ကာ သင်တန်းကာလမှာ ဧပြီ ၂၆ ရက်မှ မေ ၁၀ ရက်အထိ ဖြစ်ကြောင်း သိရသည်။ သင်တန်းဖွင့်ပွဲသို့ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသား ဆရာ ဆရာမများ တက်ရောက်ခဲ့သည်။
**(မြို့နယ် ပြန်/ဆက်)**


2016 MAY
SAMSUNG DAY
Samsung smart phones နှင့် Tablets
တွေဝယ်ယူပြီး လက်ဆောင်တွေရယူကြရအောင်....
မေလ (၁)ရက် - (၃)ရက်နေ့အထိ ...
ကျပ် ၅၀၀,၀၀၀ အထက် ဝယ်ယူသူတိုင်းအတွက်
Power Bank+ Stand + Bluetooth Speaker
Dual Charger
Cable
Samsung Umbrella
ကျပ် ၂၀၀,၀၀၀ မှ ၅၀၀,၀၀၀ အထိ ဝယ်ယူသူတိုင်းအတွက်
REMAX 10,000 mAh Power bank
Cable
Samsung Umbrella
ကျပ် ၂၀၀,၀၀၀ အောက် ဝယ်ယူသူတိုင်းအတွက်
REMAX 5000 mAh Power bank
Cable
Samsung Towel
MAY
လက်ဆောင်အရေအတွက် ကန့်သတ်ထားပါသည်။
ပရိုမိုးရှင်းအစီအစဉ်၏ စည်းကမ်းများသည် Samsung Myanmar မှ သတ်မှတ်ထားသည့်အတိုင်းသာ ဖြစ်သည်။
samsungmobilemyanmar
samsungmyanmar
samsungmyanmar
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် သတ်မှတ်ထားသော ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
Call Center
01 2399 888
(Mon-Sun)
8AM to 6PM
SAMSUNG

# ဧဝရက်တောင်တက်လမ်း ရေခဲပြိုကျ၍ မြန်မာတောင်တက်သမားများ စောင့်ဆိုင်းခဲ့ရ

မျိုးမင်းသိန်း(မရမ်းကုန်း)



မြန်မာတောင်တက်အဖွဲ့စောင့်ဆိုင်းနေသော အခြေစိုက်စခန်း Base Camp ကို တွေ့ရစဉ် (ထူးဖောင်ဒေးရှင်း)

**ရန်ကုန် ဧပြီ ၂၉**

ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်၏ Base Camp ၌ ရောက်ရှိနေသော မြန်မာတောင်တက်သမားအဖွဲ့သည် အမြင့် ၂၃၆၂၅ ပေမြင့်သော Camp -3 သို့ တက်ရောက်ရန် ယနေ့ ဒေသစံတော်ချိန် နံနက် ၁ နာရီခွဲတွင် စတင်ထွက်ခွာခဲ့ရာ တောင်ပေါ် ရာသီဥတု၏ ရေခဲပြိုကျမှုများ မကြာခဏဆိုသလို ဖြစ်ပေါ်နေ၍ အခြေစိုက်စခန်း Base Camp သို့ ပြန်လည်ဆင်းသက်ခဲ့ရကြောင်း မြန်မာနိုင်ငံ ခြေလျင်တောင်တက်အဖွဲ့ချုပ်မှ သိရသည်။

မြန်မာတောင်တက်သမားသုံးဦးသည် ဒေသစံတော်ချိန် နံနက် ၁ နာရီတွင် သတ်မှတ်တောင်တက်လမ်းကြောင်းများအတိုင်း တက်ရောက်ခဲ့သည်။ Camp -1 သို့မရောက်မီ နံနက် ၃ နာရီခွဲတွင် တောင်တက်လမ်းကြောင်း တစ်လျှောက်၌ ရေခဲပြိုကျသဖြင့် ရှေ့ဆက်မတက်နိုင်ဘဲ လမ်းပိတ်ဆို့မှုများ တွေ့ကြုံခဲ့ရသည်။ ယင်းဖြစ်စဉ်အပေါ် မြန်မာတောင်တက်သမားကိုပြည့်ဖြိုးအောင်၊ ကိုညီညီအောင်နှင့် ကိုဝင်းကိုကို တို့သည် ရှေ့ဆက်

*စာမျက်နှာ ၅ ကော်လံ ၄* ■

# မြန်မာပြေးခုန်ပစ်အဖွဲ့ ရွှေတစ်ခု၊ ကြေးလေးခုရရှိ

စင်ကာပူနိုင်ငံ၌ ဧပြီ ၂၈၊ ၂၉ ရက်တို့က ကျင်းပခဲ့သည့် စင်ကာပူအိုးပင်းပြေးခုန်ပစ်ပြိုင်ပွဲတွင် မြန်မာပြေးခုန်ပစ်အဖွဲ့သည် ရွှေတစ်ခု၊ ကြေးလေးခု ဆွတ်ခူးရရှိခဲ့သည်။

မြန်မာ ပြေးခုန်ပစ်အဖွဲ့အတွက် ရွှေတံဆိပ်ကို ဆွေလီမြင့်က မီတာ ၈၀၀ ပြိုင်ပွဲတွင် ရယူပေးခဲ့သည်။ ကြေးတံဆိပ်ဆုကို ဆန်းနိုင်က မီတာ ၅၀၀၀ ပြိုင်ပွဲတွင် တစ်ဆု၊ မီတာ ၁၀၀၀၀ ပြိုင်ပွဲတွင် တစ်ဆု၊ သန်းသန်းစိုးက ကီလို ၂၀ လမ်းလျှောက်ပြိုင်ပွဲတွင် တစ်ဆု၊ ထင်လင်းက တန်းမြင့်ခုန်ပြိုင်ပွဲတွင် တစ်ဆုတို့ ရရှိခဲ့ကြသည်။ ထင်လင်းသည် ယင်းပြိုင်ပွဲတွင် ရရှိခဲ့သော စံချိန် ၂ ဒသမ ၀၃ မီတာမှာ စံချိန်သစ်ဖြစ်ခဲ့ပြီး ၂၀၁၅ ခုနှစ်က (၂၈) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ၎င်းတင်ထားသော ၂ ဒသမ ၀၀ မီတာကို ချိုးဖျက်နိုင်ခဲ့သည်။

**ဖိုးသော်ဇင်**

# မြန်မာအမျိုးသမီးဘောလုံးအသင်း ဂျပန်ခရီးစဉ်အတွက် လူရွေး

**သတင်း-ညီမြတ်သော်တာ**

**ရန်ကုန် ဧပြီ ၂၉**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၆ အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် ပြင်ဆင်နေသည့် မြန်မာအမျိုးသမီးအသင်းသည် မေလအတွင်း ဂျပန်နိုင်ငံ၌ လေ့ကျင့်သွားမည်ဖြစ်ပြီး အပြီးသတ်လူစာရင်းကို ရွေးချယ်လိုက်ပြီဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ဂျပန်ခြေစမ်းခရီးစဉ်အတွက် ရွေးချယ်လေ့ကျင့်ပေးနေသည့် ပဏာမကစားသမား ၂၆ ဦးအနက် သုံးဦးလျှော့ချကာ အပြီးသတ် ကစားသမား ၂၃ ဦး ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည်

*စာမျက်နှာ ၁၄ ကော်လံ ၄* ❒

# အာဆီယံနိုင်ငံများ စက်ဘီးစီးပွဲတော် မြန်မာနိုင်ငံ၌ ပထမဆုံးကျင်းပမည်

**သတင်း- မောင်စိန်လွင်**

**ရန်ကုန် ဧပြီ ၂၉**

အာဆီယံနိုင်ငံများ အချင်းချင်းစည်းလုံးညီညွတ်ရေးနှင့် စက်ဘီးအားကစားဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ကျင်းပမည့် အာဆီယံနိုင်ငံများ စုပေါင်းစက်ဘီးစီးပွဲတော်ကြီးကို ယခုလာမည့် မေ ၂၂ ရက်တွင် မြန်မာနိုင်ငံက ပထမဆုံးအကြိမ်အိမ်ရှင်အဖြစ် ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစက်ဘီးအားကစားအဖွဲ့ချုပ်မှ သိရသည်။

"အခုကျင်းပမယ့် အာဆီယံနိုင်ငံများ စက်ဘီးစီးပွဲတော်ဟာ ကျွန်တော်တို့

*စာမျက်နှာ ၁၄ ကော်လံ ၄* ●



မြန်မာစက်ဘီးစီးအားကစားသမားများ ကြိုတင်လေ့ကျင့်နေစဉ် ဓာတ်ပုံ- မိုးမခ

## ထူးခြားသည့် နေ့အပူချိန်များ

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| မြင်းခြံ | ၄၆ ဒီဂရီစင်တီဂရိတ် | မုံရွာ | ၄၅ ဒီဂရီစင်တီဂရိတ် | အောင်လံ | ၄၅ ဒီဂရီစင်တီဂရိတ် | တပ်ကုန်း | ၄၄ ဒီဂရီစင်တီဂရိတ် | မိတ္ထီလာ | ၄၄ ဒီဂရီစင်တီဂရိတ် |
| ချောက် | ၄၆ ဒီဂရီစင်တီဂရိတ် | ရမည်းသင်း | ၄၅ ဒီဂရီစင်တီဂရိတ် | တောင်တွင်းကြီး | ၄၅ ဒီဂရီစင်တီဂရိတ် | ရေဆင်း | ၄၄ ဒီဂရီစင်တီဂရိတ် | ညောင်ဦး | ၄၄ ဒီဂရီစင်တီဂရိတ် |
| မကွေး | ၄၆ ဒီဂရီစင်တီဂရိတ် | မင်းဘူး | ၄၅ ဒီဂရီစင်တီဂရိတ် | ဘော်လခဲ | ၄၅ ဒီဂရီစင်တီဂရိတ် | မန္တလေး | ၄၄ ဒီဂရီစင်တီဂရိတ် | ဂန့်ဂေါ | ၄၄ ဒီဂရီစင်တီဂရိတ် |


